http://www.dhammadownload.com

နစ်ကျိပ်ရှစ်ဆူ အောင်တော်မူ

(ဗုဒ္ဓဝင် သမိုင်းဝန္ထနာ)



ဘဒ္ဒန္တနာရဒါဘိဝံသ(လှရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်

သ·စ·အ ဓမ္မာစရိယ၊ ဝင်္သကာ၊ ပါဠိဋီပါရဂူ၊

တိပိဋကဿဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

သာသနာ-၂၅၆၁ ခရစ်-၂၀၁၇ ကောဇာ-၁၃၇၉

http://www.dhammadownload.com

သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ

အလှူတကာတွင် တရားဓမ္မအလှူသည်

အမြတ်ဆုံးဖြစ်၏။

သို့

မှ

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နှစ်စဲ့----------

http://www.dhammadownload.com

နှစ်ကျိပ် ရှစ်ဆူ ဒေါင်တော်မူ

လှရတနာစာစဉ် (၆၉)

ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပထမကျော်,အဂ္ဂမဟာအကျော်,အဋ္ဌကထာပြန်အကျော်,
ဝင်္ဆံသကာ,ပါဠိပါရဂူ,သ-စ-အ ဓမ္မာစရိယ
တိပိဋကဩဝါဒါစရိယ, အဂ္ဂမဟာဂန္ထဝါစကဿင်္ဘိတ။

သာသနာ-၂၅၆၀၊ ကောဇာ-၁၃၇၈၊ ခရစ်-၂၀၁၆

http://www.dhammadownload.com



ပုံနှိပ်မှတ်တမ်း

- ပထမအကြိမ် ၂၀၁၇-နိဝင်ဘာလ။

အုပ်ရေ	-	၃၀၀၀
မျက်နှာဖုံးဒီဇိုင်း	-	ကိုမြင့်မောင်၊
စာတ်ပုံ	-	ကိုအောင်ဟိန်း၊ ဦးမောင်မောင်လေး
စီစဉ်သူ	-	ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)
ပုံနှိပ်သူ	-	ဦးမြင့်ဦး (သိန်းသန်းဦး အောက်ဖ်ဆက်) အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။
ထုတ်ဝေသူ	-	ဦးမြင့်ဦး (ရွှေကျေးစာပေ)

ဘဒ္ဒန္တနာရဒါဘိဝံသ- နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ
ရွှေကျေးစာပေ ၂၀၁၇-ခုနှစ်၊ နိဝင်ဘာလ၊ ပထမအကြိမ်၊
၄၁၉- စာ၊ ၁၃၊ ၂၂၊ × ၂၀-စင်တီ
နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ

http://www.dhammadownload.com

မာတိကာ

စဉ်။ အကြောင်းအရာ စာမျက်နှာ

နှစ်ကျိပ်ရှစ်ဆူအောင်တော်မူ ပဏာမဂါထာများ ၁

(က)ဗုဒ္ဓဝင်အခြေခံ ဘုရားလောင်း ကျင့်စဉ်များ

၁။ ဗုဒ္ဓဝံသပါဠိတော်မှတ်ဖွယ် အပိုင်းအခြားများ ၄
၂။ ဗုဒ္ဓဝံသဒေသနာ အမေး(၇)ချက် ၉
၃။ ဘုရားအလောင်းဖြစ်ရန် ခဲယဉ်းပုံ ၁၄
၄။ ပါရမီ(၁၀)ပါး၊ စွန့်ခြင်းကြီး(၅)ပါး ၁၆
၅။ နိယတဗျာဒိတ်ရပြီး ဘုရားလောင်းတို့ မဖြစ်ရာ(၁၈)ဌာန ၁၈
၆။ ဘုရားပွင့်ရာ ကပ်ကမ္ဘာ(၅)မျိုး ၂၀

(ခ) နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ

(၂၈)ဆူ ဘုရားရှင်ဘွဲ့နာမည်တော်များ ၂၂
၁။ တဏှင်္ကရာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၂၅
၂။ မေဓင်္ကရာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၂၉
၃။ သရဏင်္ကရာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၃၂
၄။ ဒီပင်္ကရာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၃၅
၅။ ကောဏ္ဍညဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၃၉
၆။ မင်္ဂလာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၄၃
၇။ သုမနာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၄၇
၈။ ရေဝတာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၅၁
၉။ သောဘိတာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၅၅
၁၀။ အနောမဒဿီဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၅၉
၁၁။ ပဒုမာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၆၃
၁၂။ နာရဒဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၆၇
၁၃။ ပဒုမုတ္တရာဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၇၁

http://www.dhammadownload.com

၁၄။ သုမေဓဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၇၅

၁၅။ သုဇာတဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၇၉

၁၆။ ပိယဒဿီဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၈၃

၁၇။ အတ္ထဒဿီဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၈၇

၁၈။ ဓမ္မဒဿီဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၉၁

၁၉။ သိဒ္ဓတ္ထဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၉၅

၂၀။ တိဿဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၉၉

၂၁။ ဖုဿဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၁၀၃

၂၂။ ဝိပဿီဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၁၀၇

၂၃။ သိခီဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၁၁၁

၂၄။ ဝေဿဘူဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၁၁၅

၂၅။ ကကုသန်ဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၁၁၉

၂၆။ ကောဏာဂုမ်ဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၁၂၃

၂၇။ ကဿပဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၁၂၇

၂၈။ ဂေါတမဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ ၁၃၁

(ဂ) နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်များ

၁။ နှစ်ကျိပ်ရှစ်ဆူ မြန်မာဘုရားရှိခိုး ၁၃၄

၂။ နှစ်ကျိပ်ရှစ်ဆူ ဂါထာနိဿျရှိခိုး ၁၃၇

၃။ နှစ်ကျိပ်ရှစ်ဆူ ဂုဏ်တော်ပေါင်းချုပ် ၁၄၂

၄။ နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီး ၁၄၇

(ဃ) နှစ်ကျိပ်ရှစ်ဆူ ထူးခြားမှုများ

၁။ နှစ်ကျိပ်ရှစ်ဆူတို့၏ မတူကွဲပြားချက်များ ၁၅၂

၂။ ပုဗ္ဗနိမိတ်ကြီး(၃၂)ပါး ၁၆၄

၃။ ဘုရားရှင်တိုင်း မစွန့်လွှတ်သော အဝိဇဟိတအရပ်လေးပါး ၁၆၈

၄။ အန္တရာယ်မပြုနိုင်သော ဂုဏ်တော်လေးပါး ၁၆၉

၅။ ဘုရားရှင်တို့၏ ဓမ္မတာသုံးဆယ် ၁၇၁

၆။ ဘုရားရှင်တို့ပွင့်ရာ ကပ်ကမ္ဘာအပိုင်းအခြားများ ၁၇၃

http://www.dhammadownload.com

(၄) ဂေါတမဘုရားလောင်း ကျင့်စဉ်နှင့် ဘုရားဂုဏ်တော်များ

၁။ ဂေါတမဘုရားလောင်း ကျင့်စဉ် အကျဉ်းချုပ် ၁၇၅
၂။ ဖွားဘက်တော်ခုနှစ်ဦး ၁၇၉
၃။ နက္ခတ်အပိုင်းအခြား လေးမျိုး ၁၈၁
၄။ ခုနှစ်နေ့ ဘုရားရှိခိုး ၁၈၂
၅။ သတ္တဌာန ဘုရားရှိခိုး ၁၈၅

(၅)ဂေါတမဗုဒ္ဓဝံသပါဠိတော် မြန်မာပြန်

၁။ ပါဠိတော်နှင့် မြန်မာပြန် ၁၈၈
၂။ ဓာတ်တော်ခွဲဝေခန်း ၁၉၆
၃။ ဓာတ်တော်တည်ရှိရာဌာန နိုင်ငံများ ၂၀၀
၄။ ဓာတုစေတီဓာတ်တော် ဘုရားရှိခိုး ၂၀၂
၅။ သင်တန်းပို့ချခြင်း ကုသိုလ်အမျှဝေခြင်း ၂၀၄

(၆) မဇ္ဈိမတခွင် ဗုဒ္ဓဂယာခရီးစဉ်

၁။ သံဝေဇနိယဌာန ဘုရားရှိခိုး ၂၀၅
၂။ သံဝေဇနိယလေးဌာန ခရီးစဉ် ၂၀၇
၃။ စေတိယစာရိက-ဘုရားဖူးများ ၂၁၁
၄။ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ရာမြို့နယ်များ ၂၁၁
၅။ နှစ်ကျိပ်ရှစ်ဆူ သမိုင်းအကျဉ်းချုပ် ၂၁၂

http://www.dhammadownload.com

နိဒါန်းအမှာစာ

ဗုဒ္ဓဝင်ပါဠိတော်သင်တန်း

ရန်ကုန်မြို့၏ ကြီး(၉)ကြီး စာရင်းဝင်ဖြစ်သော မဟာမင်္ဂလာ ဘုရား ကြီး၏ ရှေ့ဥပစာ ပန်းခြံတွင် သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသော မဟာဗောဓိ ပင်ပျိုကို စိုက်ပျိုးပူဇော်ထားပေသည်၊ ထိုမဟာဗောဓိ ပင်ရင်း တွင် ဆောက်လုပ်ထားသော ရွှေကျောင်းဆောင်အတွင်းဝယ် နှစ်ကျိပ် ရှစ်ဆူ စကျင်ကျောက်သား ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ထားလေသည်၊ ထို့အပြင် လှရတနာကျောင်း၌လည်း နှစ်ကျိပ်ရှစ်ဆူ ကြေးဆင်းတု ဗုဒ္ဓရုပ် ပွားတော်တို့သည် ဧတဒဂ်ဘွဲ့ရ မဟာသာဝက ရဟန္တာ(၄၁)ပါး နှင့်အတူ အပူဇော်ခံလျက် ရှိပါသည်။

အလှူရှင် ဘုရားဒကာ ဒါယိကာမတို့က နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွား တော်တို့ကို စကျင်ကျောက်သားရော ကြေးသွန်းအနေဖြင့်ပါ တည်ထား ကိုးကွယ် ပူဇော်ထားကြသဖြင့် ဖူးမြင်သူအများ သဒ္ဓါပွားကြရပါ၏၊ အလှူရှင်တို့ အနေဖြင့် မိမိတို့ လှူဒါန်းထားသော ဘုရားရှင်၏ ဗုဒ္ဓဝင် (ဘုရားအထွဋ်ပွတို)ကို သိထားပါလျှင် ဘုရားရှင်တို့အပေါ်၌ ကြည်ညိုမှု သဒ္ဓါတရားအပြင် ဝမ်းမြောက်မှု ပီတိ ပါမောဇ္ဇတို့ပါ ဖြစ်ပွားလာ နိုင်ပေသည်။ ဤသို့သော ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓဝင်ပါဠိတော် သင်တန်းကို (၂၄၊ ၈၊ ၂၀၁၄)မှ (၂၆၊ ၁၀၊ ၂၀၁၄)ထိ (၂)လကျော် (၁၁)ရက်တိုင်တိုင် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ ဤသို့ ပါဠိတော်ကို ပို့ချသင် ပေးနေစဉ်မှာ မန္တလေးမှ စာချအကျော် ပေါက်မြိုင်ဆရာတော် မိန့်ကြား သလို တကယ့်သက်တော်ထင်ရှား ဘုရားရှင်များကို မျက်ဝါးထင်ထင် ဖူးမြင်နေရသလို ဖြစ်ရကား ပီတိ ပါမောဇ္ဇ တရားများမှာ တဖွားဖွား ဖြစ်ပွားကြပါ၏။

http://www.dhammadownload.com

ဘုရားရှင်၏ နာမည်တော်များ

မြတ်စွာဘုရားရှင်၏ အတိုင်းအရှည် အကန့်အသတ်မရှိအောင် ကျယ်ပြန့်နက်ရှိုင်းကြီးမား များပြားလှသော နာမည်တော်တွေထဲမှ ဂုဏ်တော်ကြောင့်ရအပ်သော နာမည်တော်တချို့တဝက်ကို (ပင်လယ်မဟာသမုဒ္ဒရာ ရေထဲမှ ရေတစ်စက်မျှကို ထုတ်ပြသကဲ့သို့) ထုတ်ပြပါမည်။

ဘုရားရှင်၏ နာမည်တော်တို့ကား-

(၁) နိကာယ်ငါးရပ် ပိဋကတ်သုံးပုံမှ ဗုဒ္ဓါနုဿတိကို ပြဆိုသည့် ထိုထို ပါဠိတော်တို့၌ ဘုရားရှင် ကိုယ်တော်တိုင်"ဣတိပိ သောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် နာမည်တော်ပေါင်း (၉)ပါးကို ပြဆိုထားပါသည်။

(၂) နေတ္တိပါဠိတော် ဗုဒ္ဓဝေဝစနဟာရခန်း၌ "ဗလနိပ္ဖတ္တိဂတော ဝေသာရဇ္ဇပ္ပတ္တော အဓိဂတပဋိ သမ္ဘိဒေါ" စသည်ဖြင့် နာမည်တော်ပေါင်း (၃၁)ပါး လာရှိပါသည်။

(၃) အဘိဓာနပ္ပဒီပိကာဋီကာ၌ "သမန္တဘဒြ လောကဇ္ဈ ဆဋ္ဌဘိညာ အဒ္ဓယဝါဒီ" စသည်ဖြင့် နာမည်တော်ပေါင်း (၃၆)ပါးထိ ထုတ်ပြထားပါသည်။

(၄) အဘိဓာနပ္ပဒီပိကာကျမ်း၌မူ " ဗုဒ္ဓါ ဒသဗလော သတ္ထာ" စသည်ဖြင့် နာမည်တော်ပေါင်း (၃၉)ပါးလာရှိသည်ကို တွေ့ရပါသည်။

(၅) သဒ္ဒနီတိပဒမာလာ၌ကား " သဗ္ဗညူ သုဂတော ဗုဒ္ဓေါ" စသည်ဖြင့် နာမည်တော်ပေါင်း (၈၆)ပါးထိ ပြဆိုထားပါသည်။

(၆) မဇ္ဈိမပဏ္ဏာသ ဥပါလိသုတ် ဥပါလိဂါထာတို့၌ ဥပါလိသူဋ္ဌေးက " ဓီရ ထိတမောဟ ပဘိန္နခီလ ဝိဇိတဝိဇယ" စသည်ဖြင့် နာမည်တော်ပေါင်း (၁၀၀)ထိ ရွတ်ဆိုပြပါသည်။

http://www.dhammadownload.com

(၇) မဟာနိဒ္ဒေသပါဠိတော်၌ “ဝိဝဋ္ဋစက္ခု မဟာပညာ ပုထုပညာ တာဒိဝုဋ္ဌဝါသ စိဏ္ဏစရဏာ”စသည်ဖြင့် နာမည်တော်ပေါင်း (၁၀၈)ပါး လာရှိပါသည်။

(၈) ဝဏ္ဏပဋ္ဌာန်းကျမ်း၌ “သမ္မာသမ္ဗုဒ္ဓ အနန္တဗုဒ္ဓိ အနောမဗုဒ္ဓိ ဗောဓိပညာဏ” စသည်ဖြင့် နာမည် တော်ပေါင်း (၁၀၀၀)ထိ ပြဆိုပါသည်။

ဗုဒ္ဓဓနုနာကျမ်းများ

ထို့အပြင် ပညာရှင်အသီးသီးတို့သည် နဝဂုဏဝန္ဒနာကျမ်း-အနန္တ ဗုဒ္ဓဂါထာကျမ်း-အဋ္ဌဝီသတိဗုဒ္ဓဝန္ဒနာ ဂါထာကျမ်း-အတီတာနာဂတ ဗုဒ္ဓဝန္ဒနာဂါထာကျမ်း-နမက္ကာရကျမ်း-ဝါသမာလိနီကျမ်း-မဟာပဏာမ ကြီးကျမ်း-မဟာဇယျမင်္ဂလာဂါထာကျမ်းစသော ဝန္ဒနာကျမ်းအသီးသီး တို့ကိုလည်း ရေးသားကြလျက် ဂုဏ်တော်အမျိုးမျိုးဖြင့် မြတ်ဗုဒ္ဓကို ပူဇော်တော်မူခဲ့ကြ၏။

ယင်းသို့ပင် ပညာရှင်အသီးသီးတို့ ဝန္ဒနာကျမ်းမျိုးစုံဖြင့် ဘုရားရှင်ကို ပူဇော်နေကြပါသော်လည်း ဘုရားရှင်၏ ဂုဏ်တော်တို့ကို ပြည့်စုံအောင် မပူဇော်နိုင်ကြပေ။ မှန်၏၊ ဘုရားရှင်၏ ဂုဏ်တော်တို့ဟူသည် “အပရိမာဏဝဏ္ဏာ ဟိ သော ဘဝံ ဂေါတမော”ဟူသော သောဏဒဏ္ဍ ပုဏ္ဏားကြီး၏စကား၊ ‘ဗုဒ္ဓမပ္ပမေယျံ’ ဟူသော တောကိစ္ဆကာရီ ရဟန္တာ အရှင်မြတ်နှင့် “အပ္ပမာဏော ဗုဒ္ဓေါ”ဟူသော ဘုရားရှင်၏ ခန္ဓသုတ်ပရိတ် ဒေသနာ စကားတော်အရ အတိုင်းအတာမရှိအောင် များပြားရကား “ဂုဏ်တော်အနန္တ မြတ်ဗုဒ္ဓ”ပင်ဖြစ်သည်။ အဋ္ဌကထာဆရာတို့ကလည်း “ဂုဏ်တော်အနန္တ မြတ်ဗုဒ္ဓ”နှင့်စပ်၍ ဖော်ပြပါဂါထာဖြင့် မှတ်ချက် ချတော်မူခဲ့ ကြ၏။

http://www.dhammadownload.com

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိ စေ အညေ မဘာသမာနော။
ခီယေထ ကပ္ပေါ စိရ ဒီဃမန္တရေ၊
ဝဏ္ဏော နေ ခီယေထ တထာဂတဿ။ *(ဒီဌ-၁၊ ၂၅၇)*

တစ်ဆူသော ဘုရားရှင်သည်လည်း အာယုကပ်ကမ္ဘာပတ်လုံး အခြားသော တရားစကားကို မပြောဟောဘဲ တစ်ဆူသော ဘုရားရှင်၏ ဂုဏ်တော်တို့ကို ပြောဆိုနေကာမူ ကြာမြင့်စွာသော ကာလ၌ အာယုကပ်ကမ္ဘာသာ ကုန်ဆုံးသွားရာ၏။ ရှည်ကြာသောကာလအတွင်း၌ ဘုရားရှင်၏ ဂုဏ်တော်သည်ကား မကုန်နိုင်ပေရာ-ဟူ၍ ဆိုလိုပေသည်။

စလေ ဦးပုညကလည်း ရတနာနဒီမော်ကွန်း၌ "တကမ္ဘာလျင်၊ မဟာဗြဟ္မေ၊ လျာကုဋ္ဌေဖြင့်၊ ဆန်းနေ ဂိုဏ်းညီ၊ ဂါထာသီ၍၊ ကျူးချီမြွက်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်"ဟူ၍ မော်ကွန်းထိုးခဲ့လေသည်။

နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ

မြတ်စွာဘုရားရှင်သည် ဗုဒ္ဓဝံသပါဋိတော်၌ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်တို့၏ ဖြစ်တော်စဉ် အတ္ထုပ္ပတ်ကို ကမ္ဘာ-အမည်-အနွယ်-ဇာတ်-မြို့တော်စသော ဝါရ(အပိုင်းအခြား)ပေါင်း (၂၂)မျိုးဖြင့် ပိုင်းခြားလျက် ဟောပြ တော်မူပါသည်။ ဗုဒ္ဓဝံသအဌကထာ ဆရာတော်ကလည်း ရွှေနန်းရွှေအိမ်-ပြသာဒ်-မိဖုရားကြီးစသော သမ္မဟုလဝါရ (၁၀)မျိုးဖြင့် ဖွင့်ပြတော်မူပါသည်။ ယင်းသို့သော ဝါရပေါင်း(၃၂)မျိုးဖြင့် ပိုင်းခြားထားသော ဗုဒ္ဓဝံသပါဋိတော်နှင့် အဌကထာကို အခြေခံအနေဖြင့် ပါဝင်စေလျက် ကြည်ညိုရှိခိုးဖွယ်+သံဝေဂရဖွယ်ဖြစ်အောင် "နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ ဗုဒ္ဓဝင်သမိုင်း ဝန္ဒနာကို"ကို စီစဉ်ထားပါသည်။

http://www.dhammadownload.com

ဤ၌ နမူနာအဖြစ် ဂေါတမဘုရားရှင် နိယတဗျာဒိတ် ခံယူခဲ့သော ဒီပင်္ကရာဘုရား ဗုဒ္ဓဝင်သမိုင်း ဝန္ဒနာကို ဖော်ပြလိုက်ပါသည်။

၁။ ဗုဒ္ဓဝင်သမိုင်း

သမ္မုဒ္ဒေါ၊ သစ္စာလေးပါး ဥယျဉ်းကို ပိုင်းခြားကုန်စင် ထိုးထွင်းမြင်ပေသော။ ဒီပင်္ကရောစ၊ ဒီပင်္ကရမည်တော်မူသော မြတ်စွာ ဘုရားပါတကား။

(က) **ဒီပင်္ကရာမြတ်စွာဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၁) သိန်းတန်းတွင် ရမ္မဝတီမြို့တော် ခမည်းတော် သုဒေဝမင်း မယ်တော် သုမေဓာတို့မှ ဖွားမြင်ကာ မိဖုရား ပဒုမာဒေဝီနှင့် လက်ဆက်၍ သားတော် ဥသဘက္ခန္ဓ မင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး (၄)ပါးကိုမြင်၍ ဆင်ယာဉ်စီးလျှက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၁၀)လ ကျင့်ပြီး ညောင်းကြပ်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

(ခ) ထို **ဒီပင်္ကရာ မြတ်စွာဘုရားရှင်**သည် အရပ်တော်အတောင် (၈၀)အမြင့်ဆောင်ပြီး ထက်ဝန်းကျင်(၁၂) ယူဇနာ အရပ်တိုင်အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ တပည့်ရဟန္တာ(၄)သိန်း အမြဲခြံရံလျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူခဲ့ပါပေသည်တကား။

(ဂ) ထို**ဒီပင်္ကရာ မြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝက ဖြစ်ကြသော သုမင်္ဂလမထေရ်နှင့် တိဿမထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော နန္ဒာထေရီနှင့် သုနန္ဒာထေရီ၊ အလုပ်အကျွေးဖြစ်ကြသော သာဂတမထေရ်၊ တပုဿနှင့်ဘလ္လိက ဒါယကာ၊ သီရိမာနှင့် သောဏ ဒါယိကာမတို့နှင့်အတူ

http://www.dhammadownload.com

သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်း တောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ နန္ဒဥယျာဉ်၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေ ပြီတကား။

(ဃ) ထို **ဒီပင်္ကရာ မြတ်စွာဘုရားရှင်**၏ တန်းခိုးတေဇော်အာနုဘော် သည်၎င်း၊ တပည့်သာဝက ရဟန္တာ လေးသိန်းအစရှိသော အခြံအရံ အပေါင်းသည်၎င်း၊ ခြေတော်အစုံတို့၌ ပါရှိသော (၁၀၈)ကွက်စက် လက္ခဏာ ရတနာတော်တို့သည်၎င်း ဤအလုံးစုံသည် ချုပ်ဆုံးကွယ် ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ဒီပင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဒီပင်္ကရာ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရှိသေမြတ်နိုး ရှိခိုးပါ၏။

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ။
ယတော ပဇာနာတိ သဟေတုဓမ္မံ။

http://www.dhammadownload.com

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
အထဿ ကခ်ီ ဝယယန္တိ သင်္ခာ၊
ယတော ခယံ ပစ္စယာန အဝေဒိ။

၃၊ ထုစောင်းခြင်း

၇။ အသီတိရတနုဗ္ဗေဓော၊ ဒီပင်္ကရော မဟာမုနိ။
ပဘာ နိဒ္ဓါဝတေ တဿ၊ ဌာနေ ဒွါဒသ ယောဇနေ။

၈။ ဝဿသတ သဟဿာနိ၊ ဌတွာ လောကေ ဝိနာယကော။
လောကာလောကကရော သတ္ထာ၊ သဒါ သောတ္ထိ ကရောတု
နော။

၇။ **ဒီပင်္ကရာ** မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ ထိုဒီပင်္ကရာမြတ်စွာဘုရား၏ ကိုယ်တော်ရောင်သည် တဆဲ့နှစ် ယူဇနာ အရပ်တိုင်အောင် နေ့ညဉ့်မစဲ အမြဲကွန့်မြူး ထွက်ကြွတော်မူ၏။

၈။ လောကသုံးပါးဌ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူ၏၊ လောကသုံးပါးဌ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ကို ပြုတော် မူ၏၊ **ညောင်ကြက်ပင်**ရင်းဌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုဒီပင်္ကရာမြတ်စွာဘုရား သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၄)

http://www.dhammadownload.com

ထို့အပြင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးဂါထာနိဿယ၊ လယ်တီ ဆရာတော်ကြီး၏ နှစ်ကျိပ်ရှစ်ဆူ ဂုဏ်တော်ပေါင်းချုပ်နှင့် နှစ်ကျိပ်ရှစ်တူ စက်ပရိတ်၊ ဥပ္ပါတသန္တိကျမ်းလာ အာသီသဂါထာ မြန်မာပြန်တို့ကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ "နှစ်ကျိုပ်ရှစ်ဆူ အောင်တော်မူ"ကို အခန်း(၇)ခန်းဖြင့် ပိုင်းခြား ဖော်ပြထားပါသည်။

(က) ဗုဒ္ဓဝင်အခြေခံ ဘုရားလောင်း ကျင့်စဉ်များ
(ခ) နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ
(ဂ) နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်များ
(ဃ) နှစ်ကျိပ်ရှစ်ဆူ ထူးခြားမှုများ
(င) ဂေါတမဘုရားလောင်း ကျင့်စဉ်နှင့် ဘုရားဂုဏ်တော်များ
(စ) ဂေါတမ ဗုဒ္ဓဝံသပါဠိတော် မြန်မာပြန်
(ဆ) မဇ္ဈိမတခွင် ဗုဒ္ဓဂယာ ခရီးစဉ်

မြန်မာနိုင်ငံနှင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားသာသနာ

မြန်မာနိုင်ငံမှ တန်ခိုးကြီးဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဗောဓိညောင်ပင်များ၊ ရပ်ကွက် ဓမ္မာရုံတို့တွင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်တို့ကို စကျင်ကျောက်သား၊ ကြေးများ၊ သစ်သားတို့ဖြင့် ထုလုပ်လျက် ပူဇော်ထားကြ၏။ နှစ်စဉ်နှစ်တိုင်းလည်း မိမိတို့ မြို့နယ် ရပ်ကွက် ဓမ္မာရုံအလိုက် လှည့်လည် ပင့်ဆောင် သော ပူဇော်ပွဲကြီးများ ကျင်းပလေ့ရှိကြ၏။ ထိုပူဇော်ပွဲတွေထဲမှ ပျဉ်းမနားမြို့၊ တောင်ငူမြို့၊ ထားဝယ်မြို့၊ မော်လမြိုင်မြို့ နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကြီးတို့မှာမူ အလွန်ကြီးကျယ် ခမ်းနားစည်ကားကြလေသည်။ မိမိတို့ ချစ်သူခင်သူ လေးစားသူတို့ကိုပင် ခေါ်၍ပြချင်လောက်အောင် နှစ်ကျိပ်ရှစ်ဆူ

http://www.dhammadownload.com

လှည့်လည်ပွဲတို့က ဆွဲဆောင်လျက် ရှိကြပါ၏။ မိမိတို့ရပ်ကွက် ဓမ္မာရုံ မဏ္ဍပ်ကျောင်းတော်သို့ ကြွရောက်တော်မူလာသော ဗုဒ္ဓရုပ်ပွားတော်၏ ဗုဒ္ဓဝင်သမိုင်းကြောင်းကို သိမြင်ပြီးမှ လှူဒါန်းခြင်း ရှိခိုးပူဇော်ခြင်းတို့ကို ပြုလုပ်ပါလျှင် အလှူရှင်တို့အဖို့ ပို၍ အကျိုးကြီးမားစွာ ရရှိနိုင်ပေသည်။ မိမိတို့ရပ်ကွက်-မြို့နယ်-မြို့သည်လည်း ဘေးရန်အန္တရာယ် ကင်းဝေးနိုင်လေသည်။ ရပ်ကွက်၊ မြို့နယ်၊ မြို့မှတဆင့် မြန်မာနိုင်ငံတော်သည်လည်း ငြိမ်းချမ်းသာယာပြီး စည်ပင်ဝပြော ဖွံ့ဖြိုးတိုးတက်နိုင်ပေသည်။ ဤသို့သော ရည်သန်ချက်ဖြင့် ဤ "နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ" စာအုပ်ကို စီစဉ်ထုတ်ဝေရပါ၏။

●ကျေးဇူးတင်ဆိုက်သူများ

ဤ"နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ"စာအုပ် ဖြစ်ပေါ်လာအောင် ဗုဒ္ဓဝံပါဠိတော်သင်တန်းသို့ တက်ရောက် ကြသူများ၊ ကွန်ပျူတာ စာစီ စာရိုက်ပေးကြသူများ၊ ဓာတ်ပုံနှင့် ဒီဇိုင်းဆရာများ၊ ပွင့်ရာဇောဓိ ပန်းချီပုံ တို့ကို သုံးစွဲခွင့်ပြုသော ရွှေတိဂုံဂေါပကအဖွဲ့ကို ကျေးဇူးတင်ရပါ၏။ အထူးအားဖြင့် ဤစာအုပ်ကို ဓမ္မဒါနပြုပေးကြသော မကြီး စိန်ရွှေ ရတနာတိုက် မိသားစုနှင့် သိန်းသန်းဦး ပုံနှိပ်တိုက် မိသားစုတို့ကို ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ရပါ၏။ နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ ဘေးဘယာတို့မှ ဝေးကွာကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ သော်။

ဘဒ္ဒန္တ နာရဒါဘိဝံသ(လှရတနာ)
(၂၆-၁၁-၂၀၁၇)တနင်္ဂနွေနေ့။

http://www.dhammadownload.com

နှစ်ကျိပ်ရှစ်ဆု

ဘောင်တော်မှ

ဓမ္မဒါန ကုသိုလ်ရှင်



မကြီး ရတနာသိမ်ကျောင်း

ဒါယိကာမများ

မကြီး+မစန်းဘေး

ကောင်းမှု၊ နိဗ္ဗာန်ဆု

နတ်လူသာစု ခေါ်စေသော်

(၂၇၊ ၁၁၊ ၂၀၁၇)

http://www.dhammadownload.com

နှစ်ကျိပ်ရှစ်ဆု

အောင်တော်မူ

ဓမ္မဒါန ကုသိုလ်ရှင်



ဦးမြင့်ဦး+ဒေါ်ယဉ်နု(ကွယ်လွန်)

သိန်းသန်းဦး ပုံနှိပ်တိုက်

မိသားစု

ကောင်းမှု၊ နိဗ္ဗာန်ဆု

နတ်လူသာဓု ခေါ်စေသော်

(၂၇၊ ၁၁၊ ၂၀၁၇)

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ ပဏာမဂါထာများ

ဗုဒ္ဓဝံသ အဋ္ဌကထာ ဘုရားရှိစိုး

၁။ အနန္တဉာဏံ ကရုဏာလယံ လယံ၊ မလဿ ဗုဒ္ဓံ သုသမာဟိတံ ဟိတံ။
နမာမိ ဓမ္မံ ဘဝသံဝရံ ဝရံ၊ ဂုဏာကရဉ္ဇေဝ နိရင်္ဂဏံ ဂဏံ။

(က) အဆုံးမရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူထသော မဟာကရုဏာ ၏တည်ရာ ဖြစ်တော်မူထသော 'ကိလေသာ' တည်းဟူသော အညစ်အကြေးကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ရိတ်ဖြတ်ပယ် ဖျက်တော် မူပြီးထသော ကောင်းသောသမာဓိလည်း ရှိတော်မူထသော လူ, နတ်, ဗြဟ္မာ သတ္တဝါ[၁] တို့၏အစီးအပွားကို ဆောင်တော်မူတတ်ထသော **မြတ်စွာဘုရားကို** လည်းကောင်း၊ ဘဝကို ဆီးတား ပိတ်ပင်တတ်ထသော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် တောင့်တအပ်ထသော မဂ်လေးပါး ဖိုလ် လေးပါး

http://www.dhammadownload.com

နိဗ္ဗာန်ပရိယတ်အားဖြင့် (၁၀) ပါးသော **တရားတော်မြတ်ကို** လည်းကောင်း၊ သုပ္ပဋိပန္န စသည်ကျေးဇူး ဂုဏ်အထူးတို့၏ တည်ရာလည်း ဖြစ်တော်မူထသော (၀၂) သီလ စသောဂုဏ်ကျေးဇူး တို့၏ တည်ရာလည်း ဖြစ်တော်မူထသော ကိလေသာ အညစ်အကြေး အင်္ဂဏ မရှိထသော ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်နှင့်တကွ ရှစ်ယောက်သော **အရိယာသံဃာတော်ကို** လည်းကောင်း၊ တပည့်တော်သည် ဦးညွတ်ရိုးကျိုးရှိခိုးပါ၏ အရှင်ဘုရား။

ဗုဒ္ဓဝင်ကို သင်ယူရန် တိုက်တွန်းချက်

၂။ သောတဗ္ဗရူပံ ပန ဗုဒ္ဓဝံသ၊ ကထာယမည် ဣဓ နတ္ထိ ယသ္မာ။
ပသာဒနံ ဗုဒ္ဓဂုဏေ ရတာနံ၊ ပဝါဟနံ ပါပမဟာမလဿ။

(ခ) ဤသာသနာတော်၌ ဗုဒ္ဓဝင်စကားတော်အကျယ်မှ တစ်ပါးသော ဘုရားကျေးဇူးတော်၌ မွေ့လျော် ကုန်သော သူတော်သူမြတ်တို့ကို ကြည်ညိုစေတတ်သော 'မကောင်းမှု' တည်းဟူသော ကြီးစွာသော အညစ်အကြေးကို ဖွပ်လျှော်မျှောတတ်သော နာကြားခြင်းငှာ လျောက်ပတ်သောသဘောရှိသော စကားသည် မရှိပေ။

၃။ သဗ္ဗမိ ဟိတွာ ပန ကိစ္စမည်၊ သက္ကစ္စမညေ ၁၅ နိဓ နိစ္စကာလံ။
သောတုံ ကထေတုမိ ဗုဓေန ယုတ္တာ၊ ကထာ ပနာယံ အတိဒုလ္လဘာဟီ,တိ။

(ဂ) ဤလောက၌ ဗုဒ္ဓဝင်စကားတော်မှ တစ်ပါးကုန်သော စကားတို့သည် အခါခပ်သိမ်း နာခြင်းငှာ လည်းကောင်း၊ ဟောခြင်းငှာ လည်းကောင်း၊ အလွန်ရခဲသည် မဟုတ်ကုန် ဤဗုဒ္ဓဝင် စကားတော်သည်ကား ဘုရားနှင့် ယှဉ်စပ်သည် ဖြစ်၍ အခါခပ်

http://www.dhammadownload.com

သိမ်း နာခြင်းဌာလည်းကောင်း၊ ဟောခြင်းဌာလည်းကောင်း၊ အလွန်ရခဲ၏ ထိုကြောင့် အလုံးစုံလည်းဖြစ်သော ဗုဒ္ဓါနုဿတိမှ တစ်ပါးသော ပြုဖွယ်ကိစ္စကို ပယ်စွန့်၍ ရှိသေစွာ နာလင့်ကြပါကုန်လော့။

နှစ်ကျိပ်ရှစ်ဆူ မူစကာရကျိုးမျှား (၈)ပါး

၄။ **ပီတိ ပါမောဇ္ဇ ဇနနံ၊ သောကသလ္လ ဝိနောဒနံ။**
သဗ္ဗ သမ္ပတ္တိ ပဒိုလာဘံ၊ စိတ္တိ ကတ္တာ သုဏာထ မေ။

(ဃ) နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်ထသော၊ စိုးရိမ်ခြင်း သောကငြောင့်ကို နုတ်ပယ်နိုင် ထသော၊ အလုံးစုံသော လူနတ် နိဗ္ဗာန် သုံးတန်သော စည်းစိမ်ချမ်းသာကို ရကြောင်းဖြစ်သော မြတ်စွာဘုရားရှင်တို့၏ အကြောင်းအရာ အထွူးပွတ်ကို ပြဆိုသည့် ဗုဒ္ဓဝင်ဒေသနာကို ငါဘုရား၏ အထံမှ ရှိသေလေးစားစွာ နာယူကြကုန်လော့။

၅။ **မဒနိမ္မဒနံ သောကနုဒံ၊ သံသာရ ပရိမောစနံ။**
သဗ္ဗ ဒုက္ခက္ခယံ မဂ္ဂံ၊ သက္ကစ္စံ ပဋိပဇ္ဇထ။ *(အပ၊ ၂၊ ၃၀၆)*

(င) ဇာတိမာန်စသော မာန်ရစ်ခြင်း ကင်းထသော၊ ဉာတိဗျသန စသည်တို့ကြောင့်ဖြစ်သော စိုးရိမ်ခြင်းကို သောကကို ပယ်ဖျောက် တတ်ထသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ် ထသော၊ ဇာတိ ဒုက္ခ စသော ဆင်းရဲဒုက္ခ အားလုံးတို့ကို ကုန်စေနိုင် သော နိဗ္ဗာန်လမ်းစဉ် ဗုဒ္ဓဝင်ကို ရှိသေလေးစားစွာ လိုက်နာ ကျင်းသုံး ကြကုန်လော့။

http://www.dhammadownload.com

(က) ဗုဒ္ဓဝင်အခြေခံ ဘုရားလောင်းကျင့်စဉ်များ

(၁) ဗုဒ္ဓဝံသ ပါဠိစာတော် မှတ်မှယ် အပိုင်းအစြားများ

မြတ်စွာဘုရားရှင်သည် တဝါရအပြီး မွေးရပ်မြေ ကပိလဝတ်နေပြည်တော် နိဂြောဓာရုံကျောင်း အထက်ကောင်းကင် ရတနာစင်္ကြံ၌ ကြွတော်မူစဉ် တရားစစ်သူကြီး အရှင်သာရိပုတ္တရာ၏ မေးမြန်းလျှောက်ထားချက်အရ ဗုဒ္ဓဝံသ ဒေသနာတော်ကို ဟောကြားတော်မူခဲ့လေသည်။ ဟောကြားတော်မူရာ၌ ဒီပင်္ကရာဘုရားပွင့်ရာ သာရမဏ္ဍကမ္ဘာတွင် ရှေးဦးစွာ တဏှင်္ကရာ မေဓင်္ကရာ သရဏင်္ကရာ-ဟူသော ဘုရား(၃)ဆူတို့ ပွင့်တော်မူခဲ့ကြ သော်လည်း ထိုဘုရား(၃)ဆူတို့ အထံတော်၌ နိယတဗျာဒိတ်ကို မရရှိခဲ့သဖြင့် ထိုဘုရား(၃)ဆူတို့ကို မဟာတော့ဘဲ ဒီပင်္ကရာဘုရားရှင်မှ စ၍ ဟောတော်မူခဲ့ပေသည်။

http://www.dhammadownload.com

ဗုဒ္ဓဝံသပါဠိတော်၌ ဒီပင်္ကရာဘုရားမှ ဂေါတမဘုရားထိ (၂၅) ဆူသော ဘုရားရှင်တို့၏ အဖြစ်တော်စဉ်တို့ကို ဟောကြား ပြဆိုထား ပေသည်။ ဗုဒ္ဓဝံသ ပါဠိတော်၌ ပါဝင်သော အပိုင်းများကား ဖော်ပြပါ အတိုင်းဖြစ်၏။

၁။	ရတနစင်္ကမကဏ္ဍ	=	၈၁ ဂါထာ
၂။	သုမေဓပတ္ထနာကထာ	=	၁၈၇ ဂါထာ
၃။	ဒီပင်္ကရ ဗုဒ္ဓဝံသ	=	၃၁ ဂါထာ
၄။	ကောဏ္ဍည ဗုဒ္ဓဝံသ	=	၃၈ ဂါထာ
၅။	မင်္ဂလ ဗုဒ္ဓဝံသ	=	၃၂ ဂါထာ
၆။	သုမန ဗုဒ္ဓဝံသ	=	၃၄ ဂါထာ
၇။	ရေဝတ ဗုဒ္ဓဝံသ	=	၂၉ ဂါထာ
၈။	သောဘိတ ဗုဒ္ဓဝံသ	=	၃၀ ဂါထာ
၉။	အနောမဒဿီ ဗုဒ္ဓဝံသ	=	၂၉ ဂါထာ
၁၀။	ပဒုမ ဗုဒ္ဓဝံသ	=	၂၉ ဂါထာ
၁၁။	နာရဒ ဗုဒ္ဓဝံသ	=	၃၃ ဂါထာ
၁၂။	ပဒုမုတ္တရ ဗုဒ္ဓဝံသ	=	၃၁ ဂါထာ
၁၃။	သုမေဓ ဗုဒ္ဓဝံသ	=	၃၁ ဂါထာ
၁၄။	သုဇာတ ဗုဒ္ဓဝံသ	=	၃၆ ဂါထာ
၁၅။	ပိယဒဿီ ဗုဒ္ဓဝံသ	=	၂၇ ဂါထာ
၁၆။	အတ္ထဒဿီ ဗုဒ္ဓဝံသ	=	၂၆ ဂါထာ
၁၇။	ဓမ္မဒဿီ ဗုဒ္ဓဝံသ	=	၂၅ ဂါထာ
၁၈။	သိဒ္ဓတ္ထ ဗုဒ္ဓဝံသ	=	၂၄ ဂါထာ

http://www.dhammadownload.com

၁၉။ တိသ္သ ဗုဒ္ဓဝံသ = ၂၈ ဂါထာ
၂၀။ ဖုဿ ဗုဒ္ဓဝံသ = ၂၅ ဂါထာ
၂၁။ ဝိပဿီ ဗုဒ္ဓဝံသ = ၃၇ ဂါထာ
၂၂။ သိခီ ဗုဒ္ဓဝံသ = ၂၈ ဂါထာ
၂၃။ ဝေဿဘူ ဗုဒ္ဓဝံသ = ၃၀ ဂါထာ
၂၄။ ကကုသန္ဓ ဗုဒ္ဓဝံသ = ၂၇ ဂါထာ
၂၅။ ကောဏာဂမန ဗုဒ္ဓဝံသ = ၂၉ ဂါထာ
၂၆။ ကဿပ ဗုဒ္ဓဝံသ = ၅၁ ဂါထာ
၂၇။ ဂေါတမ ဗုဒ္ဓဝံသ = ၂၄ ဂါထာ
၂၈။ ဗုဒ္ဓပကိဏ္ဏက ကဏ္ဍ = ၂၀ ဂါထာ
၂၉။ ဓာတုဘာဇနီယကထာ = ၁၈ ဂါထာ
စုစုပေါင်း = ၁၀၇၀ ဂါထာ ဖြစ်သည်။

အရွယ်, အရေအတွက်, ပမာဏမှာ ဆဋ္ဌမူစာရွက်ရေ (၄၃)ရွက်၊ စာမျက်နှာ(၈၆)မျက်နှာဖြစ်သည်၊ ဂါထာပေါင်းမှာ (၁၀၇၀)ဂါထာ ဖြစ်သည်၊ အပိုင်းပေါင်း(၂၉)ပိုင်းတွင် ရတနာစက်မကဏ္ဍ၌ ဘုရားရှင် ဟောကြားသော ဂါထာတို့ကို မပြခင် သင်္ဂီယနာတင် အရှင်အာနန္ဒာက နိဒါန်းသွယ်ပြသည်၊ ထို့အပြင် နတ်တို့၏ လျှောက်ထားချက် ဂါထာများနှင့် အရှင်သာရိပုတ္တရာ၏ မေးမြန်းချက် ဂါထာများလည်း ပါရှိသည်။

သုမေဓပတ္ထနာကထာမှ ဂေါတမဗုဒ္ဓဝံသထိ အခန်းတို့ကို ဘုရားရှင်ဟောကြားတော်မူသည်၊ ဗုဒ္ဓပကိဏ္ဏက အခန်းကိုမူ သင်္ဂီယနာတင် ရဟန္တာမထေရ်တို့က ထည့်သွင်း ပြထားခြင်းဖြစ်သည်၊ ဓာတုဘာဇနီယကထာကိုမူကား သီဟိုဠ်ဆရာတော်တို့က ထည့်သွင်းထားခြင်းဖြစ်သည်။

http://www.dhammadownload.com

ဗုဒ္ဓဝံသပါဠိတော်၌ ပိုင်းခြားပုံ (၂၂+၁၀=၃၂)မျိုး

ဤကမ္ဘာမှစ၍ ရှေးကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော လေးအသ ခ္ချေတို့၌ ပွင့်တော်မူကုန်သော ဒီပင်္ကရာအစ ဂေါတမဆုံးရှိသော နှစ်ကျိပ် ငါးဆူသော ဘုရားရှင်တို့ပွင့်ရာကမ္ဘာ စသည်တို့ကို ပိုင်းခြားခြင်း၏ အစွမ်း အားဖြင့် အစဉ်အဆက် ဖြစ်တော်စဉ်ကို အကျယ်ပြဆိုရာကျမ်းကို **ဗုဒ္ဓဝံသ ဗုဒ္ဓဝင်ကျမ်း**ဟုခေါ်သည်။

တစ်ဆူ တစ်ဆူသော ဘုရားရှင်၏ ဗုဒ္ဓဝံသကို ပရိစ္ဆေဒ အပိုင်း အခြား (၂၂)မျိုးဖြင့် ပိုင်းခြားသတ်မှတ်ရသည်။ ထိုအပိုင်းအခြား (၂၂)မျိုးမှာ-

၁ - ကမ္ဘာအပိုင်းအခြား
၂ - အမည် အပိုင်းအခြား
၃ - အနွယ်အပိုင်းအခြား
၄ - ဇာတ် အပိုင်းအခြား
၅ - မြို့ အပိုင်းအခြား
၆ - ခမည်းတော် အပိုင်းအခြား
၇ - မယ်တော် အပိုင်းအခြား
၈ - ဗောဓိပင် အပိုင်းအခြား
၉ - ဓမ္မစက္က သုတ္တန်ဒေသနာတော်ကိုဖြစ်စေခြင်း အပိုင်းအခြား
၁၀ - သစ္စာ ၄ ပါးကိုသိသော (အဘိသမယ) အပိုင်းအခြား
၁၁ - သာဝကအစည်းအဝေး အပိုင်းအခြား
၁၂ - အဂ္ဂသာဝက အပိုင်းအခြား
၁၃ - အလုပ်အကျွေး အပိုင်းအခြား
၁၄ - အဂ္ဂသာဝိကာ ရဟန္တာမိန်းမ အပိုင်းအခြား
၁၅ - အခြံအရံရဟန်း အပိုင်းအခြား
၁၆ - ရောင်ခြည်တော် အပိုင်းအခြား

http://www.dhammadownload.com

၁၇ - ခန္ဓာကိုယ်တော် ပမာဏ အပိုင်းအခြား
၁၈ - ဘုရားလောင်းတို့ဆုတောင်းသော (အဓိကာရ) အပိုင်းအခြား
၁၉ - ဗျာဒိတ်စကားကြားတော်မူသော အပိုင်းအခြား
၂၀ - ဘုရားလောင်းတို့ ဒုက္ကရစရိယာကျင့်တော်မူသော (ပဓာန) အပိုင်းအခြား
၂၁ - သက်တော် အပိုင်းအခြား
၂၂ - ပရိနိဗ္ဗာန်စံယူတော်မူသော အပိုင်းအခြား ။ ။

ဤ (၂၂)မျိုးသော အပိုင်းအခြားတို့ဖြင့် ပိုင်းခြားမှတ်သားရသည်။

ထိုမှတပါးလည်း -

၁ - ရွှေနန်းရွှေအိမ်၌စံမြန်းနေသော အပိုင်းအခြား
၂ - စံတော်မူသော ပြဿဒ်သုံးဆောင် အပိုင်းအခြား
၃ - ကချေသည်၊ မောင်းမတို့ အပိုင်းအခြား
၄ - မိဖုရားကြီး အပိုင်းအခြား
၅ - သားတော် အပိုင်းအခြား
၆ - ယာဉ်တော် အပိုင်းအခြား
၇ - တောထွက်တော်မူသော (အဘိနိက္ခမန)အပိုင်းအခြား
၈ - ဘုရားဖြစ်ခြင်းငှာ ကျင့်တော်မူသော (ပဓာန) အပိုင်းအခြား
၉ - အလုပ်အကျွေး အပိုင်းအခြား
၁၀ - ကျောင်းတော် အပိုင်းအခြား ။ ။

ဤ (၁၀)မျိုးသော အပိုင်းအခြားတို့ဖြင့် ပိုင်းခြား မှတ်သားရသည်။

ဤ (၁၀)မျိုးကို ပါဠိတော်၌တိုက်ရိုက်မလာသော သမ္မဟုလဝါရ-ဟုခေါ်ရသည်။

http://www.dhammadownload.com

(၂) ဗုဒ္ဓဝင်ဒေသနာ အမေး(၇)ချက်

ဤဗုဒ္ဓဝင်ဒေသနာတော်ကို -

၁- ကေနာယံ ဒေသိတော= အဘယ်သူဟောအပ်သနည်း။

၂- ကတ္ထ ဒေသိတော= အဘယ်အရပ်၌ဟောတော်မူသနည်း။

၃- ကဿတ္ထာယ ဒေသိတော= အဘယ်သူ၏အကျိုးငှာ ဟောအပ်သနည်း။

၄- ကိမတ္ထာယ ဒေသိတော =အဘယ်အကျိုးငှာ ဟောတော်မူသနည်း။

၅- ကဒါ ဒေသိတော= အဘယ်အခါ၌ဟောတော်မူသနည်း။

၆- ကဿ ဝစနံ= အဘယ်သူ၏စကားတော်နည်း။

၇-ကေနာ ဘတော= အဘယ်သူသည် ဆောင်အပ်သနည်း။ ။

ဤ အမေးပုစ္ဆာ (၇)ရပ်နှင့်တကွ အလုံးစုံသော အစီအရင်တို့ကို ရှေးဦးစွာကလျှင် မှတ်သားထားရမည်။

၁။ ဤ ဗုဒ္ဓဝင်ဒေသနာတော်ကို အဘယ်သူသည်ဟောအပ်သနည်း- ဟူသောအမေး၌

- အလုံးစုံသော ဥေယျဓမ္မတို့ကို အပိတ်အပင် အဆီးအတားမရှိ၊ ဉာဏ်၏ ဖြစ်ခြင်းရှိသော (၁၀)ပါး သော ဉာဏဗလနှင့်ပြည့်စုံသည်ဖြစ်၍ (၄)ပါးသော ဝေသာရဇ္ဇဉာဏ်ကြောင့် ရဲရင့်သောတရားမင်းဘုရား ဖြစ်တော် မူခြင်းကြောင့် တရား၏အရှင် တရားကြောင့် သတ္တဝါတို့၏အရှင် အစဉ်အလာကောင်းသော အလုံးစုံကိုသိနိုင်သော မြတ်စွာဘုရားရှင်သည် ဟောကြားတော်မူအပ်၏။

၂။ ဤ ဗုဒ္ဓဝင်ဒေသနာတော်ကို အဘယ်အရပ်ဝယ် ဟော်တော်မူသနည်း- ဟူသောအမေး၌

- ကပိလဝတ်ပြည်ကြီးတွင် နိဂြောဓမင်းသား၏ အာရာမ်မဟာ ဝိဟာရကျောင်းတော်ကြီးအတွင်း ခင်းကျင်းစီမံကာ လွန်မြတ်စွာသော

http://www.dhammadownload.com

ပြိုးပြိုးပြက်ပြက် အရောင်ထွက်သည်ဖြစ်၍ တင့်တင့်တယ်တယ် ရှုဖွယ်ဘနန်း အဆန်းတမူ နတ် လူတို့မျက်စိ တည်းဟူသော ဌက်အပေါင်းတို့၏ ကျရောက်ရာဖြစ်၍ ဖြစ်သော ရတနာစကြံ၌ ကြွတော်မူစဉ် ဟောတော်မူအပ်ပါ၏။

၃။ အဘယ်သူ၏ အကျိုးငှာ ဟောအပ်သနည်း-ဟူသောအမေး၌

- ရှစ်သောင်းနှစ်ထောင်ကုန်သော ဆွေတော်မျိုးတော် ဘိုးတော် ဘွားတော်တို့၏အကျိုးငှာလည်းကောင်း ကုဋေကုဋ္ဌာ မရေတွက်သာ မျှားစွာသော နတ်လူတို့၏ အကျိုးငှာလည်းကောင်း၊ အကြောင်းအားလျော်စွာ ကောင်းစွာရှုမြော်၍ ဤဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော်မူအပ်၏။

၄။ အဘယ်အကျိုးငှာ ဟောတော်မူသနည်း-ဟူသောအမေး၌

- ကာမောဃ စသော လေးပါးသော သြဃမှ ထုတ်ဆောင်ကယ်တင်ခြင်းအကျိုးငှာ ဟောတော်မူအပ်၏။

၅။ အဘယ်အခါဝယ် ဟောတော်မူသနည်း-ဟူသောအမေး၌

- မြတ်စွာဘုရားသည် ပထမဗောဓိ၌ အနှစ် (၂၀)တို့ပတ်လုံး မမြဲသောနေခြင်း ရှိသည်ဖြစ်၍ အကြင်အကြင် အရပ်၌ ချမ်းသာသည်ဖြစ်အံ့။ ထိုထိုသို့သော အရပ်သို့ ကြွသွားတော်မူ၍ ဝါကပ်တော်မူ၏

အဘယ်သို့ဝါကပ်တော်မူသနည်း ဟူမူကား -

ပထမဝါကို ပစ္စေဗုဒ္ဓါတို့ကျရာ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၍ (၁၈) ကုဋေသော ဗြဟ္မာတို့ကို အမြိုက်အရသာတည်းဟူသောဆေးဖြင့် တိုက်ကျွေးတော်မူလျက် ဗာရာဏသီပြည်ကို အမှီပြု၍ မိဂဒါဝုန်တော၌ ဝါကပ်တော်မူ၏။

http://www.dhammadownload.com

(၂) ကြိမ်မြောက်သော ဝါကိုကား ရာဇဂြိုလ်ပြည်ကို အမှီပြု၍ ဝါးတောဖြစ်သော ဝေဠုဝန် ကျောင်းတော်ကြီး၌ ဝါကပ်တော်မူ၏။

(၃) ကြိမ်မြောက် (၄) ကြိမ်မြောက်ဝါတို့ကိုလည်း ထို ဝေဠုဝန်ကျောင်းကြီး၌သာလျှင် ဝါကပ်တော်မူ၏။

(၅) ကြိမ်မြောက်ဝါကား ဝေသာလီပြည်ကို အမှီပြု၍ မဟာဝုန်တော စုလစ်မွမ်းခွန်တပ်သောကျောင်း၌ ဝါကပ် တော်မူ၏။

(၆) ကြိမ်မြောက်ဝါကား မကုဋတောင်၌ ဝါကပ်တော်မူ၏။

(၇) ကြိမ်မြောက်ဝါကား တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ၏။

(၈) ခုမြောက်ဝါကား ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ကို အမှီပြု၍ ဘေသကဋတောအရပ်၌ ဝါကပ်တော်မူ၏။

(၉) ခုမြောက်ဝါကား ကောသမ္ဗီပြည်၌ ဝါကပ်တော်မူ၏။

(၁၀) ခုမြောက်ဝါကား ပလလေယျတောအုပ်အရပ်၌ ဝါကပ် တော်မူ၏။

(၁၁) ဝါမြောက်ကား =နာဋ+မည်သော ပုဏ္ဏားရွာ၌ ဝါကပ် တော်မူ၏။

(၁၂) ဝါမြောက်ကား ဝေရဉ္ဇာပြည်အရပ်၌ ဝါကပ်တော်မူ၏။

(၁၃) ဝါမြောက်ကား စာလိယတောင်၌ ဝါကပ်တော်မူ၏။

(၁၄) ဝါမြောက်ကား ဇေတဝန်ကျောင်းကြီး၌ ဝါကပ်တော်မူ၏။

(၁၅) ဝါမြောက်ကား ကပိလဝတ်ပြည်ကြီး၌ ဝါကပ်တော်မူ၏။

(၁၆) ဝါမြောက်ကား အာဠဝကဘီလူးကို ဆုံးမ၍၊ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့ကိုလည်း အမြိုက်တည်းဟူသော အဖျော်ကို တိုက်ကျွေးတော်မူ၍ = အာဠဝီမည်သော ပြည်အရပ်၌ ဝါကပ်တော်မူ၏။

(၁၇) ဝါမြောက်ကား ရာဇဂြိုဟ်ပြည်၌ ဝါကပ်တော်မူ၏။

http://www.dhammadownload.com

(၁၈) ဝါမြောက် ၁၉ ဝါမြောက်ကား စာလိယတောင်၌ ဝါကပ်တော်မူ၏။

ဝါ (၂၀) မြောက်ကား ရာဇဂြိုဟ်ပြည်ကြီး၌သာလျှင် ဝါကပ်တော်မူ၏။

ဝါ (၂၀) ဆိုပြီးရာမှစ၍ သာဝတ္ထိပြည်ကိုသာလျှင် မှီလျက် ဇေတဝန်ကျောင်းတော်ကြီး၌လည်းကောင်း ပုဗ္ဗာရုံ ကျောင်းတော်ကြီး၌လည်းကောင်း အမြဲသုံးဆောင်ခြင်းအစွမ်းအားဖြင့် ဝါကပ်တော်မူ၏။

အကြင်အခါ မြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူလျှင် ဗာရာဏသီပြည် မိဂဒါဝုန် တောဘ၌ နေတော်မူ၍၊ ဝါကျွတ်ပြီးသော် ပဝါရဏာပြုတော်မူ၍ ဥရုဝေလတောသို့ ကြွတော်မူပြီးမှ ထိုဥရုဝေလတောဘ၌ (၃)လပတ်လုံး နေတော်မူလျက် ရသေ့ညီနောင် (၃)ယောက်တို့ကို ဆုံးမတော်မူ၍ ရဟန်း (၁၀၀၀)ကို အခြံအရံပြုလျက် ပြာသိုလပြည့်နေ့ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ (၂)လပတ်လုံး ထိုရာဇဂြိုဟ်ပြည်၌ နေတော်မူ၏။

ထိုအခါ ဗာရာဏသီပြည်မှထွက်သော မြတ်စွာဘုရားကား (၅)လရှိပြီ။ အလုံးစုံသောဆောင်းလလည်း ကုန်လွန် လေပြီ။ ကာဠုဒါယီမထေရ်လာသောနေ့မှလည်း ၇ ရက် - ၈ ရက် လွန်လေကုန်၏။ ထိုအရှင်ကာဠုဒါယီသည် တပေါင်းလပြည့်နေ့၌= ဆောင်းလလည်း လွန်ပြီ။ ဝသန္တကာလလည်း ရောက်လာပြီ။ လာခြင်းကောင်းသော မြတ်စွာဘုရားသည် ကပိလဝတ် ပြည်တော်သို့ ကြွခြင်းငှာ အခါအခွင့်သင့်တန်ပြီ+ဟု ကြံစည်စဉ်းစားလေသည်။

ထိုအရှင်ကာဠုဒါယီသည် ဤသို့ကြံပြီး၍ ဆွေတော်မျိုးတော်ဘိုးတော်ဘွားတော်တို့ပြည်သို့ သွားခြင်းငှာ (၆၀)အတိုင်းအရှည်ရှိသော ဂါထာတို့ဖြင့် သွားခြင်း၏အကျိုးကျေးဇူးကို ချီးမွမ်း၏။ ထိုအခါ

http://www.dhammadownload.com

မြတ်စွာဘုရားသည် အရှင်ကာဠုဒါယီစကားကို ကြား၍၊ ဆွေတော်မျိုးတော် ဘိုးတော်ဘွားတော်တို့ကို ထောက်ပံ့ချီးမြှင့်ခြင်း ပြုတော်မူ လိုသည်ဖြစ်၍၊ အင်္ဂတိုင်း မဂဓတိုင်း၌နေကုန်သော အမျိုးကောင်းသား (၁)သောင်းတို့ဖြင့်လည်းကောင်း၊ ကပိလဝတ် ပြည်၌ နေကုန်သော အမျိုးကောင်းသား (၁)သောင်းတို့ဖြင့်လည်းကောင်း၊ ဤ (၂)သောင်းကုန်သော ရဟန္တာ အရှင်မြတ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍၊ ရာဇဂြိုဟ်ပြည်မှ ထွက်၍ နေ့တိုင်းနေ့တိုင်း (၁)ယူဇနာစီ ကြွတော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်မှ ယူဇနာ (၆၀)ရှိသော ကပိလဝတ်ပြည်သို့ (၂)လနှင့် ကဆုန်လပြည့်နေ့၌ ရောက်၍၊ ကပိလဝတ်ပြည်၌ ဆွေတော်မျိုးတော်တို့ကို ရှိခိုးစေခြင်းငှာ အလုံးစုံသော ရေမီးအစုံ တန်ခိုးပြဋိဟာတို့ကို ပြတော်မူ၏။ ထိုအခါ ဤဗုဒ္ဓဝင် ဒေသနာတော်ကို ဟောတော်မူ၏။

၆။ အဘယ်သူ၏ စကားနည်း-ဟူသောအမေးခွင်

- ရဟန္တာသာဝက ပစ္စေကဗုဒ္ဓါတို့နှင့် မဆက်မဆံ၊ အရဟံသမ္မာသမ္ဗုဒ္ဓ ဂုဏ်ထူးရသော မြတ်စွာဘုရား၏ စကားတော်သာဖြစ်သည်။

၇။ အဘယ်သူသည် ဆောင်အပ်သနည်း-ဟူသောအမေးခွင်

- အာစရိယ ပရမ္ပရ ဆရာအဆက်ဆက်တို့သည် ဆောင်အပ်၏။ ထိုစကားသည် သင့်၏။ ဤဗုဒ္ဓဝင် ဒေသနာ တော်ကို အရှင်သာရိပုတ္တရာမထေရ်၊ ဘဒ္ဒဇိမထေရ်၊ ကောသိယ၏သား တိဿမထေရ် သိဂ္ဂဝမထေရ် မောဂ္ဂလိပုတ္တ တိဿမထေရ် သုဒတ္တမထေရ် ဓမ္မိကမထေရ် ဒါသကမထေရ် သောဏကမထေရ် ရေဝတ မထေရ် အစရှိကုန်သော မထေရ်မြတ်တို့သည် တတိယသင်္ဂါယနာ တင်သည့်တိုင်အောင် ဆောင်အပ်ကုန်၏။ ထိုမှနောက်၌လည်း ထိုဆရာမြတ်တို့၏ တပည့် အဆက်ဆက်တို့သည် ယနေ့ထက်တိုင်အောင် ဆောင်ခဲ့လေသည်။

http://www.dhammadownload.com

(၃) ဘုရားဖြစ်ရန် စဲယဉ်းပုံ

သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရား အဖြစ်ကို မဆိုထားဘိ၊ ဘုရားဖြစ်ကြောင်း ဆုတောင်းပြည့်စုံနိုင်ရာ အရှင်သုမေဓာရဿေ ဘဝကဲ့သို့သော ဘဝကိုသော်မှလည်း အကြောင်းရှစ်ပါး ပြည့်စုံမှ ရနိုင်ပေသည်၊ ထိုအကြောင်း ရှစ်ပါးကား-

(၁) လူဇာတ်စင်စစ် ဖြစ်ရခြင်း၊

(၂) ယောကျ်ားစင်စစ် ဖြစ်ရခြင်း၊

(၃) ထိုဘဝမှာပင် အရဟတ္တဖိုလ် ရနိုင်လောက်သော ကုသိုလ် ပါရမီထူးနှင့် ပြည့်စုံသူဖြစ်ရခြင်း၊

(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကိုဖူးတွေ့ရခြင်း၊

(၅) ကမ္မဝါဒီရဿေ (သို့မဟုတ်)သာသနာတွင်း ရဟန်းဖြစ်ခြင်း၊

(၆) စျာန်သမာပတ် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(၇) ကိုယ်အသက်ကိုမငဲ့ကွက်ပဲ အလွန်အကျူး ပါရမီကုသိုလ်တို့ကို ပြုစုပွါးများအားထုတ်ခြင်း၊ ဒီပင်္ကရာ မြတ်စွာဘုရားအား အသက်ကို စွန့်လှူပြီးဖြစ်ခြင်း - အကယ်၍သာ သုမေဓာရှင်ရဿေ ကြံစည်တော်မူသည့်အတိုင်း ဒီပင်္ကရာ မြတ်စွာဘုရင်းနှင့်တကွ ရဟန္တာလေးသိန်းတို့ သုမေဓာရှင်ရဿေ၏ ကျောက်ကုန်းကို တံတားနင်း ကြမ်းအတူ နင်းကြွတော်မူကုန် ငြားအံ့၊ သုမေဓာရှင်ရဿေမှာအသက် ရှင်နိုင်ဖွယ်ပင် မရှိပြီ၊ ထိုအကြောင်းကို သိတော်မူလျက်ပင် ကိုယ်တော်၏ အသက်ကို မငဲ့ကွက်မညှာတာပဲ ရဲရဲရင့်ရင့်စွန့်လှူတော်မူခြင်းဖြစ်သည်၊ ဤကုသိုလ်မျိုးကို ကျမ်းဂန် တို့၌အဓိကာရကုသိုလ် (အရပ်စကား များ၌အထိကရကုသိုလ် ဟုခေါ်ဆိုသည် ယင်းသည်အဓိကာရ ကုသိုလ်ထူးနှင့် ပြည့်စုံတော်မူခြင်း၊

http://www.dhammadownload.com



တဏှာက်ရာဘုရား



http://www.dhammadownload.com



မေမက်ရာဘုရား



http://www.dhammadownload.com



သရဏာဂမနိယ
သရဏာဂါရာဘုရား



http://www.dhammadownload.com



ဒီပင်္ကရာဘုရား



http://www.dhammadownload.com



ကောဏ္ဍညဘုရား



http://www.dhammadownload.com



ပရိနိဗ္ဗာန်း
မဂ်လဘုရား





:ဆင်ခြင်စရာ



http://www.dhammadownload.com

http://www.dhammadownload.com



ရေဝတဘုရား



http://www.dhammadownload.com



သောဘိတဘုရား



http://www.dhammadownload.com



အနောမဒဿီဘုရား



http://www.dhammadownload.com



ပဒုမဘုရား





:ထင်ပေါ်ခြင်း



http://www.dhammadownload.com

http://www.dhammadownload.com

(၈) ဘုရားအဖြစ်ကို တောင့်တအားကြီးသော ကုသိုလ်ဆန္ဒရှိသူဖြစ်ခြင်း၊ စကြဝဠာတိုက်လုံးအပြည့် မီးကျီး လုံသွား အပြည့်ထား၍ =ဤမီးကျီးလုံသွားတို့ကို မဆုတ်မနစ် လွန်မြောက်အောင်ကူးခတ်နိုင်မှ သဗ္ဗညုတဉာဏ်တော်ကို ရမည် (ဘုရားဖြစ်မည်) ဟုဆိုလျှင်လည်း ထိုသည့်မီးကျီးလုံသွားတို့ကို ပမာမထား ကူးခတ်သွား၍ ဘုရားအဖြစ်ကို ရယူတော်မူလိုသည့် ကုသိုလ်ဆန္ဒပြင်းထန်တော်မူလှခြင်း၊ ဤရှစ်ပါးတို့တည်း။

ဆိုအပ်ပြီးသော အဂ်ါရှစ်ပါးအကြောင်းတရားတို့နှင့် ပြည့်စုံသူဖြစ်မှသာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းနိုင်သည်ဖြစ်၍ ဘုရားအဖြစ်ကို မဆိုထားဘိ၊ သုမေဓာရှင်ရသေ့ကဲ့သို့ နိယတဗျာဒိတ်ခံရသောသူ၏ အဖြစ်သည်ပင် အလွန်ရခဲသော အရာဖြစ်ပေသည်။

နိယတဗျာဒိတ် ခံယူရရှိနိုင်သော ဘုရားလောင်း၏ အဖြစ်သည်ပင် အလွန်ရခဲပါက နိယတဗျာဒိတ် ခံယူရရှိပြီးနောက် အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီတော်တို့ကို ဘာဝနာလေးပါဖြင့် ဖြည့်ကျင့်၍ပါရမီတော်ပြည့်စုံမှ ရရှိနိုင်သော ဘုရားအဖြစ်ကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်း၊ ရခဲလှတော့သည် သာတည်း။

ယင်းသို့ ဘုရားအဖြစ်ကို အလွန်လျှင် ရခဲလှသောကြောင့် ထိုမြတ်စွာဘုရား ဖြစ်ထွန်းပွင့် ပေါ်တော်မူရာ = ဗုဒ္ဓုပ္ပါဒ နဝမ အခါအခွင့်ကောင်းသည်လည်း အလွန်လျှင် ရခဲသောအရာဖြစ်ပေသည်။

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတုသတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရောစ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဒ္ဓိတိ။

http://www.dhammadownload.com

(၄) ပါရမီအပြား (၁၀)ပါးနှင့် စွန့်ခြင်းကြီး(၅)ပါး

ထိုပါရမီတို့သည် အဘယ်မျှ အပြား ရှိကုန်သနည်း၊

ဒါနံ သီလဥ္စ နေက္ခမ္မံ၊ ပညာဝီရိယေန ပဥ္စမံ။

ခန္တိသစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။

ဟူသော ဒေသနာတော်အရ ထိုပါရမီတို့သည် ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဟူ၍ အကျဉ်းအားဖြင့် ဆယ်ပါးအပြားရှိကုန်၏။

ပါရမီဟူသည် မြင့်မြတ်သူတို့၏ နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းမှု သီလစောင့်မှု စသည်တို့ဖြစ်သည်၊ လောကီစည်းစိမ် ချမ်းသာကို ရည်မှန်း၍ လှူဒါန်းမှုစသည်ကို ပါရမီကုသိုလ်ဟု မဆိုရပေ၊ ထိုပါရမီတို့ကား(၁၀)ပါး အပြားရှိ၏၊ ထိုတွင် -

၁။ ဒါနပါရမီဟူသည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဖြစ်သည်။

၂။ သီလပါရမီဟူသည် ငါးပါး ရှစ်ပါးစသော ဆယ်ပါး ဆိုင်ရာသီလများကို စောင့်ထိမ်းမှုဖြစ်သည်။

၃။ နေက္ခမ္မပါရမီဟူသည် စည်းစိမ်ကို စွန့်ခွါ၍ တောထွက်မှု ဖြစ်သည်။

၄။ ပညာပါရမီဟူသည် အရာရာ၌ တတ်သိ နားလည်မှု ဖြစ်သည်။

၅။ ဝီရိယပါရမီဟူသည် ကုသိုလ်ကိစ္စတို့၌ မကြောက်မရွံ့ သက်စွန့်ကြိုးပမ်း အားထုတ်မှုဖြစ်သည်။

၆။ ခန္တီပါရမီဟူသည် သူတပါးက နှိပ်စက်လျှင် သည်းညည်းခံနိုင်မှုနှင့် အအေးအပူစသောဒဏ်ကို ခံနိုင်မှုဖြစ်သည်။

၇။ သစ္စာပါရမီဟူသည် မှန်ကန်ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင်မှု ဖြစ်သည်။

http://www.dhammadownload.com

၈။ အဓိဋ္ဌာနပါရမီဟူသည်မိမိရည်မှန်းအပ်သော ကောင်းသော အလုပ်၌ "မဖြစ် မနေ" ဟု စွဲစွဲမြဲမြဲ ဇွဲကောင်းမှုဖြစ်သည်။

၉။ မေတ္တာပါရမီဟူသည် သတ္တဝါတို့အပေါ်၌ ချစ်ခင်သောအားဖြင့် ကောင်းကျိုးကို လိုလားမှု ဖြစ်သည်။

၁၀။ ဥပေက္ခာပါရမီဟူသည် မုန်းအောင်ပြုသည်ကိုလည်း မမုန်း၊ ချစ်အောင်ပြုသည်ကိုလည်း မချစ်ဘဲ လျစ်လျူရှုမှုဖြစ်သည်။

ဤ(၁၀)ပါး၌ သာမန်ဖြည့်ကျင့်မှုကို ပါရမီဟုခေါ်၏၊ မျက်စိ, နား,နှာ အင်္ဂါခြေလက်တို့ အပျက်အစီးခံ၍ ဖြည့်ကျင့်မှုကို ဥပပါရမီ ဟုခေါ်၏၊ အသက်ကိုပင် မငဲ့ညှာပဲ လွန်စွာဖြည့်ကျင့်မှုကို ပရမတ္ထ ပါရမီ ဟုခေါ်၏၊ ယခင်(၁၀)မျိုးကို ဤသုံးမျိုးဖြင့် မြှောက်လျှင် ပါရမီ(၃၀)ဖြစ်၏။

(ဗုဒ္ဓဝံသ ပါဠိတော်)

ပါရမီ ၁၀-ပါး ဖြည့်ကျင့်၍ သဗ္ဗညုတဉာဏ်ရရှိစေတော်မူခြင်း

ဒါနံ သီလဉ္စ နိက္ခမံ၊
ပညာ ဝီရိယပဉ္စမံ၊
ခန္တီ သစ္စမဓိဋ္ဌာနံ၊
မေတ္တုပေက္ခာတိ တာဒသ၊
ပူရေတ္ဝာ ပါရမီ ဝန္နေ၊
သမ္မာ သမ္ဗောဓိ မဗ္ဗုဂံ။ ။

ဒါနံ၊ ဒါနပါရမီလည်းကောင်း။ သီလံ၊ သီလပါရမီ လည်းကောင်း၊ နိက္ခမံ၊ နိက္ခမပါရမီ လည်းကောင်း။ ပညာ၊ ပညာပါရမီလည်းကောင်း၊ ဝီရိယ ပဉ္စမံ၊ ငါးခုမြောက်သော ဝီရိယပါရမီလည်းကောင်း။ ခန္တီ၊ ခန္တီပါရမီ လည်းကောင်း၊ သစ္စံ၊ သစ္စာပါရမီလည်းကောင်း။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန် ပါရမီလည်းကောင်း။ မေတ္တာ၊ မေတ္တာပါရမီလည်းကောင်း။ ဥပေက္ခာ၊

http://www.dhammadownload.com

ဥပေက္ခာ ပါရမီလည်းကောင်း။ ကြတိ၊ ဤသို့။ တာဒဿပါရမီ၊ ထိုပါရမီ တော်ဆယ်ပါးတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ သမ္မာသမ္ဗောဓိ၊ သဗ္ဗညုတညာဏ်ကို။ အဗ္ဆံ၊ ရတော်မူပြီးသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ (သုတဝန္ဒနာ)

(လင်္ကာ) ဒါန သီလ၊ နေက္ခမ္မ၊ ပည ဝီရိယာ။
ခန္တီ သစ္စ၊ ဓိဋ္ဌာန၊ မေတ္တ ဥပေက္ခာ။
ပါရမီဆယ်ပါး၊ အကျဉ်းအား၊ ဟောကြား စောမြတ်စွာ။

(မင်းကွန်း တိပိဋကဆရာတော်)

စွန့်ခြင်းကြီး (၅) ပါး

(၁) ဓနပရိစ္စာဂ - ပစ္စည်းဥစ္စာကို စွန့်ခြင်း၊
(၂) အင်္ဂပရိစ္စာဂ - အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
(၃) ပုတ္တပရိစ္စာဂ - သားသမီးကို စွန့်ခြင်း၊
(၄) ဘရိယပရိစ္စာဂ - မယားကို စွန့်ခြင်း၊
(၅) ဇီဝိတပရိစ္စာဂ - အသက်ကိုစွန့်ခြင်း တို့ဖြစ်သည်။

(၅) နိယတဗျာဒိတ်ရပြီးသော ဘုရားအလောင်းတော်တို့ မဖြစ်ရောသော (၁၈) ဌာန

ရှေး ဗုဒ္ဓပွါဒဒုလ္လဘအခဏ်းလာ ဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၍ သုမေဓာရှင်ရသေ့ကဲ့သို့ ဆုတောင်းပြည့်ဝ နိယတဗျာဒိတ် ရတော်မူပြီးသော ဘုရားအလောင်းတော်တို့သည် သံသရာတလျှောက် ကျင်လည်ရာဝယ် တဆယ့်ရှစ်ပါးသော ဌာနတို့သို့ မကပ်ရောက်ကြောင်း ကို တဆယ့်ရှစ်ပါး သရုပ်အရေအတွက်နှင့်တကွ သုတ္တနိပါတအဋ္ဌကထာ ခဂ္ဂဝိသာဏသုတ် အဖွင့်၌ ပြဆိုထား၏။

http://www.dhammadownload.com

တဆယ့်ရှစ်ပါးတို့ဟူသည်ကား။ ။ ။

(၁) ပဋိသန္ဓေအားဖြင့် ကဏ်းသောသူ (ဝမ်းတွင်းကဏ်း)မဖြစ်ခြင်း၊

(၂) ပဋိသန္ဓေအားဖြင့် နားပင်းသူ မဖြစ်ခြင်း၊

(၃) ရူးသွပ်သူ မဖြစ်ခြင်း၊

(၄) အ-သောသူ မဖြစ်ခြင်း၊

(၅) ခြေ,လက် ဆွံ့သူ (လမ်းမသွားနိုင်သူ) မဖြစ်ခြင်း၊

(၆) လူရိုင်းမဖြစ်ခြင်း၊

(၇) ကျွန်မဝမ်း၌ ပဋိသန္ဓေ မနေခြင်း၊

(၈) နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူ မဖြစ်ခြင်း၊

(၉) လိင်ဖောက်လွဲ ဖောက်ပြန် မဖြစ်ခြင်း၊ (ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလွဲ၍ မဖြစ်ဟု ဆိုလိုသည်)

(၁၀) အနန္တရိယကံငါးပါးကို မလွန်ကျူးခြင်း၊

(၁၁) နူသောသူ (ကုဋ္ဌရောဂါရှိသူ) မဖြစ်ခြင်း၊

(၁၂) တိရစ္ဆာန်ဘဝ၌ ဖြစ်ရသော်လည်း ငုံးအောက်(တနည်း နှံစုတ်ဌက် အောက်) ငယ်သော တိရစ္ဆာန် မဖြစ်ခြင်း၊

(၁၃) ခုပ္ပပါသိကပြိတ္တာ နိဇ္ဈာမတဏှိကပြိတ္တာတို့နှင့် ကာဠကဉ္ဇိက အသူရာတို့၌ မဖြစ်ခြင်း၊

(၁၄) အဝီစိငရဲနှင့် လောကန္တရက်ငရဲတို့၌ မဖြစ်ခြင်း၊

(၁၅) ကာမာဝစရနတ်ဘုံတွင် မာရ်နတ် မဖြစ်ခြင်း၊

(၁၆) ရူပါဝစရဘုံတွင် အသညသတ်ပြဟ္မာနှင့် သုဒ္ဓါဝါသပြဟ္မာဘုံတို့၌ မဖြစ်ခြင်း၊

(၁၇) အရူပပြဟ္မာဘုံတို့၌ မဖြစ်ခြင်း၊

(၁၈) တပါးသော စကြဝဠာသို့ ပြောင်း၍ မဖြစ်ခြင်း-

ဤ တဆယ့်ရှစ်ပါးတို့တည်း။



http://www.dhammadownload.com

(၆) ဘုရားပွင့်ရာ ကပ်ကမ္ဘာ(၅)မျိုး

မဟာကပ်အပြား

ကမ္ဘာဟူခေါ်သော မဟာကပ်သည် (၁) သုညကပ်-သုညကမ္ဘာ၊ (၂) အသုညကပ်-အသုညကမ္ဘာဟူ၍ နှစ်ပါးအပြားရှိပြန်၏

ထိုတွင် မြတ်စွာဘုရားများ ပွင့်တော်မူရာမဟုတ်သော ကပ်ကမ္ဘာသည် သုညကပ်-သုညကမ္ဘာမည်၏။ ဘုရားမှကင်းဆိတ်သော ကပ်ကမ္ဘာဟုဆိုလိုသည်။

မြတ်စွာဘုရားများ ပွင့်တော်မူရာဖြစ်သော ကပ်ကမ္ဘာသည် အသုညကပ်-အသုညကမ္ဘာမည်၏။ ဘုရားမှမဆိတ်သော ကပ်ကမ္ဘာဟုဆိုလိုသည်။

ဘုရားပွင့်ရာ ကမ္ဘာ (၅)မျိုး

မြတ်စွာဘုရားများပွင့်တော်မူရာ အသုညကပ်-အသုညကမ္ဘာသည်လည်း

(က) သာရကမ္ဘာ၊(ခ) မဏ္ဍကမ္ဘာ၊(ဂ) ဝရကမ္ဘာ၊(ဃ) သာရမဏ္ဍကမ္ဘာ၊(င) ဘဒ္ဒကမ္ဘာဟူ၍ ငါးပါးအပြားရှိပြန် သည်။ ထိုတွင်-

(က) ဘုရားတဆူသာပွင့်လျှင် သာရကမ္ဘာမည်၏၊
(ခ) နှစ်ဆူပွင့်လျှင် မဏ္ဍကမ္ဘာမည်၏၊
(ဂ) သုံးဆူပွင့်လျှင် ဝရကမ္ဘာမည်၏၊
(ဃ) လေးဆူပွင့်လျှင် သာရမဏ္ဍကမ္ဘာမည်၏၊
(င) ငါးဆူပွင့်လျှင် ဘဒ္ဒကမ္ဘာမည်၏၊

(လင်္ကာ) တဆူ သာရ၊ နှစ် မဏ္ဍ၊ ဝရ သုံးဆူသာ၊
သာရမဏ္ဍ-လေးဆူပြု၊ ပဉ္စ ဘဒ္ဒကာ၊
တဆူသော်မှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ၊

(မင်းကွန်း တိပိဋကဆရာတော်)

http://www.dhammadownload.com

သုမေဓာဗြာဟ္မဏအခဏ်း၌ လာသောလွန်ခဲ့ပြီး လေးအသင်္ချေနှင့် တသိန်းမြောက်ကမ္ဘာသည် ဘုရားလေးဆူတို့ ပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာဖြစ်သည်၊ ထို သာရမဏ္ဍကမ္ဘာတွင် (၁) တဏှက်ရာ ဘုရားရှင်၊ (၂) မေဓက်ရာ ဘုရားရှင်၊ (၃) သရဏက်ရာ ဘုရားရှင် (၄) ဒီပက်ရာ ဘုရားရှင်တို့ အစဉ်အတိုင်း ပွင့်ထွန်းပေါ်ပေါက်တော်မူလာကြသည်။

ထိုဘုရား(၄)ဆူတွင် ဂေါတမဘုရားလောင်းသည် ရှေးဘုရား(၃)ဆူတို့ ထံတော်၌ နိယတဗျာဒိတ် မရခဲ့ပေ၊ ဒီပက်ရာဘုရားရှင်ထံမှသာ ဗျာဒိတ်ခံရသဖြင့် ဗုဒ္ဓစဝံသပါဠိတော်၌ ဒီပက်ရာ ဗုဒ္ဓဝင်ကိုသာ စတင်ဟောတော်မူခြင်းဖြစ်သည်။

http://www.dhammadownload.com

(ခ) နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ဗုဒ္ဓဝင်သမိုင်း ဝန္ဒနာ

(၂၈)ဆူ ဘုရားရှင်တို့ နာမည်တော်များ

(က) တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒွိပဒုတ္တမော။

(ခ) မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊ နာရဒေါ ပဒုမုတ္တရော။

(ဂ) သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော။
အတ္ထဒဿီ ဓမ္မဒဿီ၊ သဒ္ဓတ္ထော လောကနာယကော။

(ဃ) တိဿော ဖုဿော စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါစာပိ ဂေါတမော။

(င) ဧတေ အဟေသုံ သမ္ဗုဒ္ဓါ၊ ဝီတရာဂါ သမာဟိတာ။
အနန္တဉာဏသမ္ပန္နေ၊ ဝန္ဒေ တေ ဒွိပဒုတ္တမေ။

http://www.dhammadownload.com

၁။ တဏှင်္ကာရာဘုရားရှင်
၂။ မေဓင်္ကာရာဘုရားရှင်
၃။ သရဏင်္ကာရ် ရာဘုရားရှင်
၄။ ဒီပင်္ကာရာဘုရားရှင်
၅။ ကောဏ္ဍညဘုရားရှင်
၆။ မင်္ဂလဘုရားရှင်
၇။ သုမန ဘုရားရှင်
၈။ ရေဝတဘုရားရှင်
၉။ သောဘိတဘုရားရှင်
၁၀။ အနောမဒဿီ ဘုရားရှင်
၁၁။ ပဒုမ ဘုရားရှင်
၁၂။ နာရဒဘုရားရှင်
၁၃။ ပဒုမုတ္တရဘုရားရှင်
၁၄။ သုမေဓ ဘုရားရှင်
၁၅။ သုဇာတဘုရားရှင်
၁၆။ ပိယဒဿီဘုရားရှင်
၁၇။ အတ္ထဒဿီဘုရားရှင်
၁၈။ ဓမ္မဒဿီဘုရားရှင်
၁၉။ သိဒ္ဓတ္ထဘုရားရှင်
၂၀။ တိဿဘုရားရှင်
၂၁။ ဖုဿဘုရားရှင်
၂၂။ ဝိပဿီဘုရားရှင်
၂၃။ သိခီဘုရားရှင်
၂၄။ ဝေဿဘူဘုရားရှင်
၂၅။ ကကုသန် ဘုရားရှင်
၂၆။ ကောဏာဂုံဘုရားရှင်
၂၇။ ကဿပဘုရားရှင်
၂၈။ ဂေါတမဘုရားရှင်

ဇန်စီးဘုဇ္ဈဏဘုဝဇီဝ် းယင်ယမ္ဒယ်ယ IIC



ဇာတွဲနာရိုဘိုဝံသ(လာဝေတနာ)

http://www.dhammadownload.com

http://www.dhammadownload.com

(၁) တဏှာက်ရာဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

တဏှာက်ရော၊ ဝေနေယျများစွာ သတ္တဝါတို့၏ တဏှာရစ်မှေး ညစ်အကြေးကို လျှော်ဆေးသုတ်သင် ပယ်ဖျောက်နှင်၍ တဏှာက်ရမည်တော် မူသော မြတ်စွာဘုရားပါတကား။

တဏှာက်ရာဘုရားရှင်သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၁)သိန်း တန်းတွင် ပဒုမဝတီမြို့တော် ခမည်းတော် သုနန္ဒမင်း မယ်တော် သုနန္ဒာတို့မှ ဖွားမြင်ကာ (၇)ရက် ဒုက္ကရစရိယာကျင့်ပြီး စရည်းပင်အောက်တွင် ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂။ ရှိခိုးခြင်း

တဏှာက်ရော ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**တဏှာက်ရာ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အနေကဇာတိသံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

http://www.dhammadownload.com

ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခံတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယ'မဇ္ဈဂါ။

၃၊ ဆုံစည်းချက်

၁။ **တဏှက်ရော** မဟာဝိရော၊ သဗ္ဗလောကာနုကမ္ပကော။
ဝန္တသံသာရဂမနော၊ သဗ္ဗကာမဒဒေါ သဒါ။

၂။ သဗ္ဗာဘိဘူ သဗ္ဗဝိဒူ၊ သဗ္ဗဒေဝ ဂရုတ္တမော။
သဗ္ဗာသဝ ပရိက္ခီဏော၊ သဒါ သောတ္ထိ ကရောတု နော။

၁။ **တဏှက်ရာ** မြတ်စွာဘုရားသည် ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူ၏၊ ခပ်သိမ်းသော လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့ကို အစဉ်သနား တော်မူ၏၊ သံသရာဝဋ်ဆုံ ဖြစ်စေတတ်သော တဏှာကို ထွေးအန်စွန့် ပယ်တော်မူ၏၊ ခပ်သိမ်းသော အလိုဆန္ဒကို အခါခပ်သိမ်း ပေးတော်မူ၏။

၂။ ဘုံသုံးပါးဌ ဖြစ်သော ခပ်သိမ်းသောတရားကို လွှမ်းမိုးတော် မူနိုင်၏၊ ဘုံလေးပါးဌ ဖြစ်သော ခပ်သိမ်းသော တရားကို သိမြင်တော်မူ၏၊ ခပ်သိမ်းသော လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဆရာမြတ်ဖြစ်တော်

http://www.dhammadownload.com

မူ၏၊ ခပ်သိမ်းသော အာသဝေါတရား လေးပါးကုန်ခန်းတော်မူ၏၊ **စရည်းပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုတကျာက်ရာ မြတ်စွာဘုရား သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁)



၂။ ဧကစယ္ဒယဝန်း ထိုင်ထမ်းဘုရားဝန်း



http://www.dhammadownload.com

http://www.dhammadownload.com

(၂) မေဓင်္ကရာဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

မေဓင်္ကရော၊ ဝေနေယျများ သောင်းတိုက်သားတို့၏ လေးပါးသစ္စာ ဉာဏ်ဝိဇ္ဇာကို လျှံဖြာထိန်လင်း ပွင့်စေလျှင်း၍ သုံးခင်းဘုံတွင် ကျော်စောထင်သော မေဓင်္ကရ မည်တော်မူသော မြတ်စွာဘုရားပါတကား။

မေဓင်္ကရာဘုရားရှင်သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်း တန်းတွင် ယယရမြို့တော် ခမည်းတော် သုဒေဝမင်း မယ်တော် ယသော်ဓရာတို့မှ ဖွားမြင်ကာ (၁၅)ရက် ဒုက္ကရစရိယာကျင့်ပြီး ပေါက်ပင်အောက်တွင် ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂။ ရှိခိုးခြင်း

မေဓင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**မေဓင်္ကရာ**) မြတ်စွာဘုရား ကိုယ်တော် မြတ်အား ရိုသေမြတ်နိုးရှိခိုးပါ၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၃။ ဝရလက္ခဏာ သမ္ပန္နော၊ **မေမက်ရော** မဟာမုနိ။
ဇုတိန္ဓရော မဟာသိရိ၊ သုဝဏ္ဏဂိရိ သန္နိဘော။
၄။ ဒိဗ္ဗရူပေါ မဟာကာယော၊ မဟာနာထော မဟာဗ္ဗလော။
မဟာကာရုဏိကော သတ္ထာ၊ မဟာသန္တိံ ကရောတု နော။

၃။ **မေမက်ရာ** မြတ်စွာဘုရားသည် မွန်မြတ်သော လက္ခဏာတော်ကြီး သုံးဆဲ့နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့် ပြည့်စုံတော်မူ၏၊ ကိုယ်တော် ရောင်၊ ဉာဏ်တော်ရောင်ကို ဆောင်တော်မူ၏၊ ကြီးမြတ်သော ဘုန်း၊ ပညာ၊ အသရေ ရှိတော်မူ၏၊ တရွှေ့ရွှေ့သွားနေသော ရွှေတောင်နှင့် တူတော်မူ၏။

၄။ ဗြဟ္မာမင်းနှင့်တူသော ကိုယ်သဏ္ဌာန် ရှိတော်မူ၏၊ ကြီးမြတ်သော ကိုယ်ရှိတော်မူ၏၊ မျှားစွာသောသူတို့ ကိုးကွယ်ရာ ဖြစ်တော်မူ၏၊ ကြီးမြတ်သော ကိုယ်တော်အားဆယ်ပါး၊ ဉာဏ်တော်အားဆယ်ပါး ရှိတော်မူ၏၊ ကြီးမြတ်သောသနားခြင်းကရုဏာ ရှိတော်မူ၏၊ လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူ၏၊ **ပေါက်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုမေမက်ရာ မြတ်စွာ ဘုရားသည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက် ချမ်းသာခြင်းကို ပြုတော် မူပါဘုရား။ (၂)



၃။ သရဏက်ရာဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၃) သရဏာဂုံရာဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

သရဏ်ကရော၊ ဝေနေယျများ သောင်းတိုက်သားတို့ လေးပါး အပါယ် မကျတွယ်အောင် ကိုးကွယ်ရာမှူ စောင့်ရှောက်ပြု၍ အတုမမြင် ကျေးဇူးတင်သား သရဏာဂုံရ မည်တော်မူသော မြတ်စွာဘုရားပါတကား။

သရဏာဂုံရာဘုရားရှင်သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉) သောင်း တန်းတွင် ဝိပုလမြို့တော် ခမည်းတော် သုမင်္ဂလ မယ်တော် ယသဝတီတို့မှ ဖွားမြင်ကာ တစ်လ ဒုက္ကရစရိယာကျင့်ပြီး သခွပ်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂။ ရှိခိုးခြင်း

သရဏာဂုံရော ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဂုဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ညာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သရဏာဂုံရာ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အဝိဇ္ဇာယတ္တော အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊

http://www.dhammadownload.com

ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

၃။ ဆုတောင်းခြင်း

၅။ မဟာမောဟတမံ ဟန္ဓာ၊ ယောနာထော **သရဏက်ရော**။
ဒေဝါဒေဝ မနုဿာနံ၊ လောကာနဥ္စ ဟိတက်ရော။
၆။ ဗျာမပ္ပဘာ ဘိရုစိတော၊ နိဂြောဓ ပရိမဏ္ဍလော။
နိဂြောဓပက္က ဗိမ္ဗောဌော၊ သဒါ သောတ္ထိံ ကရောတု နော။

၅။ **သရဏက်ရာ** မြတ်စွာဘုရားသည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့ ကိုးကွယ်ရာ ဖြစ်တော်မူ၏၊ ကြီးစွာသော အဝိဇ္ဇာ အမိုက်မှောင်ကို ပယ်ဖျောက်တော် မူ၏၊ နတ်၊ အသုရာ၊ လူဟူသော သတ္တလောက၏ မျက်မှောက် တမလွန် နှစ်တန်သော အကျိုး စီးပွါးကို ပြုတော်မူ၏။

၆။ တလံမျှလောက်သော ရောင်ခြည်တော်ဖြင့် အလွန်နှစ်သက် ကြည်ညိုဘွယ် ရှိတော်မူ၏၊ ပညောင်ပင်၏ အဝန်းကဲ့သို့ အလံတော်နှင့် အရပ်တော် ညီမျှသဖြင့် ဝန်းဝိုင်းသော ကိုယ်ရှိတော်မူ၏၊ ပညောင်သီးမှည့်ကဲ့သို့ နီမြန်းသော နှုတ်ခမ်း ရှိတော်မူ၏၊ **သံသတ်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသရဏက်ရာ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ (၃)



၄။ ဒီပက်ရာဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၄) ဒီပင်္ကရာဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

သမ္မုဒ္ဓေါ။ သစ္စာလေးပါး ဥယျဉ်းကို ပိုင်းခြားကုန်စင် ထိုးထွင်းမြင်ပေသော။ ဒီပင်္ကရောစ၊ ဒီပင်္ကရမည်တော်မူသော မြတ်စွာ ဘုရားပါတကား။

(က) **ဒီပင်္ကရာမြတ်စွာဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၁) သိန်းတန်းတွင် ရမ္မဝတီမြို့တော် ခမည်းတော် သုဒေဝမင်း မယ်တော် သုမေဓာတို့မှ ဖွားမြင်ကာ မိဖုရား ပဒုမာဒေဝီနှင့် လက်ဆက်၍ သားတော် ဥသဘကွန္ဒ မင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး (၄)ပါးကိုမြင်၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၁၀)လ ကျင့်ပြီး ညောင်းကြပ်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

(ခ) ထို **ဒီပင်္ကရာ မြတ်စွာဘုရားရှင်**သည် အရပ်တော်အတောင် (၈၀)အမြင့်ဆောင်ပြီး ထက်ဝန်းကျင်(၁၂) ယူဇနာ အရပ်တိုင်အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ တပည့်ရဟန္တာ(၄)သိန်း အမြဲခြံရံလျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူခဲ့ပါပေသည်တကား။

(ဂ) ထို**ဒီပင်္ကရာ မြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝက ဖြစ်ကြသော သုမင်္ဂလမထေရ်နှင့် တိဿမထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော နန္ဒာထေရီနှင့် သုနန္ဒာထေရီ၊ အလုပ်အကျွေးဖြစ်ကြသော သာဂတမထေရ်၊ တပုဿနှင့်ဘလ္လိက ဒါယကာ၊ သီရိမာနှင့် သောဏ ဒါယိကာမတို့နှင့်အတူ

http://www.dhammadownload.com

သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်း တောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ နန္ဒဉယျာဉ်၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေ ပြီတကား။

(ဃ) ထို **ဒီပင်္ကရာ မြတ်စွာဘုရားရှင်**၏ တန်းခိုးတေဇော်အာနုဘော် သည်၎င်း၊ တပည့်သာဝက ရဟန္တာ လေးသိန်းအစရှိသော အခြံအရံ အပေါင်းသည်၎င်း၊ ခြေတော်အစုံတို့၌ ပါရှိသော (၁၀၈)ကွက်စက် လက္ခဏာ ရတနာတော်တို့သည်၎င်း ဤအလုံးစုံသည် ချုပ်ဆုံးကွယ် ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ဒီပင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဒီပင်္ကရာ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ။ .
ယတော ပဇာနာတိ သဟေတုဓမ္မံ။

http://www.dhammadownload.com

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
အထဿ ကခ်ါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

၃။ ဆုတောင်းခြင်း

၇။ အသီတိရတနုဗ္ဗေဓော၊ ဒီပင်္ကရော မဟာမုနိ။
ပဘာ နိဒ္ဓါဝတေ တဿ၊ ဌာနေ ဒွါဒသ ယောဇနေ။
၈။ ဝဿဿတ သဟဿာနိ၊ ဌတ္ဝာ လောကေ ဝိနာယကော။
လောကာလောကကရော သတ္ထာ၊ သဒါ သောတ္ထီ ကရောတု နော။

၇။ **ဒီပင်္ကရာ** မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ ထိုဒီပင်္ကရာမြတ်စွာဘုရား၏ ကိုယ်တော်ရောင်သည် တဆဲ့နှစ် ယူဇနာ အရပ်တိုင်အောင် နေ့ညဉ့်မစဲ အမြဲကွန့်မြူး ထွက်ကြွတော်မူ၏။

၈။ လောကသုံးပါး၌ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည်တည်နေတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူ၏၊ လောကသုံးပါး၌ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ကို ပြုတော် မူ၏၊ **ညောင်ကြက်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုဒီပင်္ကရာမြတ်စွာဘုရား သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၄)



၅။ ကောလွှည်ဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com



ပဒုမုတ္တရဗုဒ္ဓ



http://www.dhammadownload.com



သမ္မာသမ္ဗုဒ္ဓ

သုမေဓာဘုရား

http://www.dhammadownload.com



သုဇာတဘုရား



http://www.dhammadownload.com



ပိယဒဿီဘုရား



http://www.dhammadownload.com



အတ္ထဒဿီဘုရား



http://www.dhammadownload.com



ဓမ္မဒဿီဘုရား



http://www.dhammadownload.com



သိဒ္ဓတ္ထဘုရား



http://www.dhammadownload.com



တိသဘုရား



http://www.dhammadownload.com

၅။ ကောလာညဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ဒီပဒုတ္တမော၊ အခြေနှစ်ချောင်းရှိသူ နတ်လူပြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြင့်မြတ်တော်မူထသော။ ကောလာညော၊ နွယ်တော်ဝံသ ကောလာညဟု နာမထင်ရှားရှင်တော်မြတ်ဘုရား ပါတကား။

(က) **ကောလာညမြတ်စွာဘုရားရှင်**သည် သာရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် ရမ္မဝတီမြို့တော် ခမည်းတော် သုနန္ဒမင်း မယ်တော်သုဇာတာတို့မှ ဖွားမြင်ကာ မိဖုရား ရုစိဒေဝီနှင့် လက်ဆက်၍ သားတော် ဝိဇိတသေနမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ ရထားယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၁၀)လကျင့်ပြီးနပဲပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

(ခ) ထို **ကောလာညမြတ်စွာဘုရား**သည် အရပ်တော် (၈၈)တောင်အမြင့် ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး(၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူခဲ့ပါပေသည်တကား။

(ဂ) ထို **ကောလာညမြတ်စွာဘုရား**သည် အဂ္ဂသာဝက ဖြစ်ကြသော ဘဒ္ဒမထေရ်နှင့် သုဘဒ္ဒမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော တိဿာထေရီနှင့် ဥပတိဿာထေရီ၊ အလုပ်အကျွေးဖြစ်သော အနုရုဒ္ဓါမထေရ်၊ သောဏနှင့် ဥပသောဏဒါယကာ၊ နန္ဒာနှင့် သီရိမာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပ စေလျက်

http://www.dhammadownload.com

ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပြပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ စန္ဒဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူ ခဲ့လေပြီတကား။

(ဃ) ထို**ကောဏ္ဍညမြတ်စွာဘုရားရှင်**၏ အတုမရှိ မနှိုင်းယှဉ် အပ်သော တန်ခိုးတေဇော် အာနုဘော်သည်၄င်း၊ သဗ္ဗညုတဉာဏ် တော်ဖြင့် ထုံးမွှမ်း၍ ထားအပ်သော သမာဓိတော်သည်၄င်း ဤအလုံးစုံ သည် ချုပ်ဆုံး ကွယ်ပျောက် သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သခ်ါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ကောဏ္ဍညော ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တာပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ကောဏ္ဍည**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ'မန္တလိက္ခံ။

ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရ ပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော

http://www.dhammadownload.com

ပဆ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္မယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယော။

၃၊ ထူစောင်းခြင်း

၉။ **အဌာသီတိဟတ္ထုဗ္ဗေဓော၊ ကောဏ္ဍညော နာမ နာယကော။**
သဗ္ဗဓမ္မေဟိ အာသမော၊ သဗ္ဗပါရမိတာဂမော။
၁၀။ **ဝဿသတ သဟဿာနိ၊ အာယု တဿ မဟေသိနော။**
မောစေတု သော သဗ္ဗဘယာ၊ သဒါ သောတ္ထိ ကရောတု နော။

၉။ **ကောဏ္ဍည** မြတ်စွာဘုရားသည် ရှစ်ဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ခပ်သိမ်းသော ဘုရားဂုဏ် ကျေးဇူးတော်တို့ဖြင့် အတူရှိတော်မမူ၊ ခပ်သိမ်းသော ဘုရားဖြစ်ကြောင်း ပါရမီတော်တို့၏ အပြီးဆုံးသို့ ရောက်တော်မူ၏။

၁၀။ ထို**ကောဏ္ဍည** မြတ်စွာဘုရား၏ အသက်တော်သည် အနှစ် တသိန်း ရှည်တော်မူ၏၊ **ကြောင်လျှာပင်** ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာ လေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုကောဏ္ဍည မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ဘေးရန်ခပ်သိမ်းမှ လွတ်စေတော် မူပါဘုရား၊ အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၅)



၆။ မင်္ဂလဘုရား ဗုဒ္ဓဝင်သမိုင်းဝန္နာ

http://www.dhammadownload.com

http://www.dhammadownload.com

၆။ မဂ်လဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

မဂ်လောစ၊ တသောင်းသခ်ျာ စက္ကဝါဠ် လျှံဖြာထွန်းလျော် နေဝန်းပေါ်သို့ ကိုယ်တော်ရောင်ပ မဂ်လဟု နာမထင်ရှား ရှင်တော် မြတ်ဘုရားပါတကား။

(က) **မဂ်လမြတ်စွာဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်း တန်းတွင် ဥတ္တရမြို့တော် ခမည်းတော် ဥတ္တရမင်း မယ်တော် ဥတ္တရာတို့မှ ဖွားမြင်ကာ မိဖုရား ယသဝတီနှင့် လက်ဆက်၍ သားတော် သီလဝမင်း သား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ မြင်းယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး ကံ့ကော်ပင်အောက် တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

(ခ) ထို **မဂ်လမြတ်စွာဘုရားရှင်**သည် အရပ်တော်(၈၈)တောင် အမြင့် ဆောင်ပြီး ထက်ဝန်းကျင် စကြ်ာဝဠာ ကမ္ဘာတစ်သောင်းတိုင်အောင် နေ့ရောညပါ အမြဲမပြတ် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ ဓမ္မာဘိ သမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး(၃) ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူ ခဲ့ပါပေသည်တကား။

(ဂ) ထို **မဂ်လမြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝကဖြစ်ကြသော သုဒေဝ မထေရ်နှင့် ဓမ္မသေနမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော သီဝလာထေရီနှင့် အသောကာထေရီ၊ အလုပ်အကျွေးဖြစ်သော ပါလိတ မထေရ်၊ နန္ဒနှင့် ဝိသာခဒါယကာ၊ အနုလာနှင့် သုတနာဒါယိကာမ တို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပ

http://www.dhammadownload.com

စေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ ဝဿရဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) ထို **မင်္ဂလမြတ်စွာဘုရားရှင်**သည် များသောအခြံအရံ မြတ်သော ကျော်စောခြင်း ရှိတော်မူလျက် တရားတည်းဟူသော ဆီမီးကိုညှိ ထွန်းတော်မူပြီး၍ သတ္တဝါအများကို သံသရာရေအယာဉ်မှ နိဗ္ဗာန်ကြည်းကုန်း ထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူပြီးလျှင် ထွန်းလင်းတောက်ပပြီး ငြိမ်းအေးသွားသော မီးပုံကြီးကဲ့သို့၄င်း ကွယ်ဝင်သွားသော နေမင်းကြီးကဲ့သို့၄င်း နတ်လူဗြဟ္မာ သတ္တဝါ အပေါင်းအား သခ်ါရတရားတို့၏ မမြဲဆင်းရဲ အစိုးမရသော သဘောတရားကို ထင်းရှားပြတော်မူ၍ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းတော်မူလေပြီတကား။

၂။ ရှိခိုးခြင်း

မင်္ဂလော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဋာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**မင်္ဂလ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

(၁) **ဝိပဿိဿစ** နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။

(၂) **သိခိဿပိစ** နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

(၃) **ဝေဿဘုဿစ** နမတ္ထု၊ နှာတကဿ တပဿိနော။

(၄) နမတ္ထု **ကကုသန္ဓဿ**၊ မာရသေနာ ပမဒ္ဒိနော။

(၅) **ကောဏာဂမနဿ** နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။

http://www.dhammadownload.com

(၆) **ကဿပဿစ** နမတ္ထု၊ ဝိပ္ပမုတ္တာဿ သတ္ထုဓိ။
(၇) **အင်္ဂီရဿဿ** နမတ္ထု၊ သက္ယပုတ္တာဿ သိရိမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သတ္ထု ဒုက္ခာ ပနူဒနံ။
ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ'ထ၊ မဟန္တာ ဝီတသာရဒါ။

၃။ ဆုစတောင်းခြင်း

၁၁။ အဌာသိတိ ရတနာနိ၊ အစ္ဆုဂ္ဂတော ဇုတိန္ဓရော။
မင်္ဂလော နာမ သမ္ဗုဒ္ဓေါ၊ နဝူတိ သဟဿာယုကော။
၁၂။ ဆဗ္ဗဏ္ဏရံသိယော ဒသ-သဟဿလောကဓာတုယော။
ဟရန္တော တဿ ဆာဒေန္တိ၊ ဧသ သောတ္ထိ ကရောတု နော။

၁၁။ **မင်္ဂလ** မြတ်စွာဘုရားသည် ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ကို ဆောင်တော်မူ၏၊ ရှစ်ဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏။

၁၂။ ထိုမင်္ဂလာမြတ်စွာဘုရား၏ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ ပြိုးပြိုး ပြက်ပြက် အဆင်းခြောက်မျိုးရှိသော ရောင်ခြည်တော်တို့သည် တသောင်းသော စကြဝဠာလောကဓာတ်တို့ကို ကွန့်မြူးပြန့်နှံ့စေလျက် ဖုံးလွှမ်းတော်မူကုန်၏၊ **ကံကော်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုမင်္ဂလ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၆)



၇။ သုမနဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

၇။ သုမနဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

သုမနောစ၊ နှုန်းလျော်ရွေတောင် ကိုယ်တော်ရောင်နှင့် ဉာဏ်ရောင်ထွန်းပ သုမနဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား ပါတကား။

(က) **သုမနဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်း တန်းတွင် မေခလမြို့တော် ခမည်းတော် သုဒတ္တမင်း မယ်တော် သီရိမာတို့မှ ဖွားမြင်ကာ မိဖုရား ဝဋ်ဆိုသိကာနှင့် လက်ဆက်၍ သားတော် အနုပမမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ (၁၀)လ ဒုက္ကရစရိယာကျင့်ပြီး ကံ့ကော်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) ထို**သုမနမြတ်စွာဘုရားရှင်**သည် အရပ်တော်အတောင် (၉၀) အမြင့် ဆောင်လျက် ဓမ္မာဘိသမယတရား ပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်း အဝေးကြီး (၃)ကြိမ် ကျင်းပပြီး လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူခဲ့ပါပေသည်တကား။

(ဂ) ထို**သုမနမြတ်စွာဘုရား**သည် အဂ္ဂသာဝကဖြစ်ကြသော သရဏမထေရ်နှင့် ဘာဝိတတ္တမထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော သောဏာထေရီနှင့် ဥပသောဏာထေရီ၊ အလုပ်အကျွေးဖြစ်သော ဥဒေနမထေရ်၊ ဝရုဏနှင့်သရဏဒါယကာ၊ စာလာနှင့် ဥပစာလာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပစေလျက်၊ ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ အင်္ဂဇယျာဥဒ္ဒါ ပရိနိဗ္ဗာန်ပြု

http://www.dhammadownload.com

တော်မူခဲ့လေပြီတကား။

(ဃ) ထို**သုမနမြတ်စွာဘုရားရှင်**၏ အတုမရှိသော သဗ္ဗညုတ ဉာဏ်တော်မြတ်သည်၄င်း အတုမရှိသော စက်လက္ခဏာ ရတနာတော် ဖိုလ်လေးပါး ပဋိသမ္ဘိဒါဉာဏ်လေးပါးအစရှိသည့် တရားရတနာ တို့သည်၄င်း ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသော ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

သုမနော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သုမန**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ သမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

၁။ ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။ ၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။ ၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။ ၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။ ၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။ တံဘဂဝန္တံ အဟံ နမာမိ။

http://www.dhammadownload.com

၃၊ ဇာတ်အောင်းခြင်း

၁၃။ နဝုတိ ရတနဒ္ဗေဓော၊ **သုမနော** နာမ နာယကော။
ကဠနာစလ သင်္ကာသော၊ နဝုတိ သဟဿာယုကော။

၁၄။ ဥပေတော ဗုဒ္ဓဂုဏောဟိ၊ သဗ္ဗသတ္တ ဟိတေသကော။
ကရောတု နော မဟာသန္တိံ၊ အာရောဂ္ဂ သုခံ သဒါ။

၁၃။ **သုမန** မြတ်စွာဘုရားသည် တရွေ့ရွေ့သွားနေသော ရွှေတောင်နှင့် တူတော်မူ၏၊ အတောင်ကိုးဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏။

၁၄။ တဆဲ့ရှစ်ပါးသော ဘုရားဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို ရှာမှီးတော်မူ၏၊ **ကံကော်ပင်** ရင်းခွံ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသုမနမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မွန်မြတ်သော ငြိမ်သက်ခြင်း အနာရောဂါ ကင်းခြင်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၇)



၈။ ရေဝတဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဓနာ

http://www.dhammadownload.com

http://www.dhammadownload.com

၈။ ရေဝတဘုရား

၁၊ ဗုဒ္ဓဝင်သမိုင်း

ရေဝတော၊ တယူဇနာ ရပ်ဒိသာဝယ် မကွာနေ့ညဉ့် ဖူးတိုင်း တင့်သား မိုးနှင့်ရေပြင် မြေတခွင်၌ ရောင်ရှင်ထွန်းပ ရေဝတဟု နာမ ထင်ရှား ရှင်တော်မြတ် ဘုရားပါတကား။

(က) **ရေဝတဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၆)သောင်း တန်းတွင် သုဓညဝတီမြို့တော် ခမည်းတော် ဝိပုလမင်းမယ်တော် ဝိပုလာတို့မှ ဖွားမြင်ကာ မိဖုရား သုဒဿနာနှင့် လက်ဆက်၍ သားတော် ဝရုဏမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီးလေးပါး ကိုမြင်၍ ရထားယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)လကျင့်ပြီး ကံ့ကော်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) **ထိုရေဝတမြတ်စွာဘုရားရှင်**သည် အရပ်တော် အတောင် (၈၀)အမြင့်ဆောင်ပြီး ထက်ဝန်းကျင် (၁)ယူဇနာအရပ်တိုင်အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ ဓမ္မာဘိသမယတရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေ တော်မူခဲ့ ပါပေသည်တကား။

(ဂ) **ထိုရေဝတမြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝကဖြစ်ကြသော ဝရုဏမထေရ်နှင့် ဗြဟ္မဒေဝမထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော ဘဒ္ဒါထေရီနှင့် သုဘဒ္ဒါထေရီ၊ အလုပ်အကျွေးဖြစ်သော သမ္ဘဝမထေရ်၊

http://www.dhammadownload.com

ပဒုမနှင့် ကုဥ္ဇရဒါယကာ၊ သိရိမာနှင့် ယသဝတီဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်း တောက်ပစေလျက်၊ ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ မြို့တော်ကြီး၏ မနီးမဝေးဖြစ်သော ကံ့ကော်တောဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်ပြုတော်မူ ခဲ့လေပြီတကား။

(ဃ) ထို**ရေဝတမြတ်စွာဘုရားရှင်**၏ ရွှေအဆင်းနှင့်တူသော အဆင်း ရှိပြီး ရတနာတုံး ရတနာခဲကြီး သဖွယ် ဖြစ်သော ရူပကာယ ခန္ဓာကိုယ်တော် သည်၎င်း၊ အတုမရှိသော သဗ္ဗညုတဉာဏ်တော်နှင့် တကွသော (၁၀)ပါးသော တရားတော်သည်၎င်း၊ ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ခိုင်မြဲသောအနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ရေဝတော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဋ္ဌာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ရေဝတ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဣဓ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မ သာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ + သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏ ဗြာဟ္မဏိံ ပဇံ

http://www.dhammadownload.com

သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ + သော ဓမ္မံ ဒေသေတိ အာဒိကလ္ယာဏံ မဇ္ဈေကလ္ယာဏံ ပရိယောသာနကလ္ယာဏံ သာတ္ထံ သဗ္ယဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ။

၃၊ ထုတောင်းခြင်း

၁၅။ အသီတိ ရတနုဗ္ဗေဓော၊ သဋ္ဌိသဟဿ အာယုကော။
ရေဝတော နာမ သမ္မုဒ္ဓေါ၊ သဗ္ဗလောကုတ္တရော မုနိ။

၁၆။ တဿ သရီရေ နိဗ္ဗတ္တာ၊ ပဘာမာလာ အနုတ္တရာ။
ဖရန္တာ ယောဇနေ နိစ္စံ၊ သဒါ သောတ္ထိံ ကရောတု နော။

၁၅။ **ရေဝတ**မြတ်စွာဘုရားသည် ခပ်သိမ်းသော လောကသုံးပါးထက် မြတ်တော်မူ၏၊ လောကသုံးပါးကို သိမြင်တော်မူ၏၊ အတောင်ရှစ်ဆယ် အရပ် မြင့်တော်မူ၏၊ အနှစ်ခြောက်သောင်း အသက်ရှည်တော်မူ၏။

၁၆။ ထိုရေဝတ မြတ်စွာဘုရား၏ ကိုယ်တော်၌ ဖြစ်ထွန်းသော အတုမရှိသော ရောင်ခြည်တော် အစဉ်သည် အမြဲမပြတ် တယူဇနာ အရပ်ဒေသ၌ ကွန့်မြူး ပြန့်နှံ့တော်မူ၏၊ **ကံ့ကော်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုရေဝတမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၈)



၉။ သောဘိတဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

၉။ သောဘိတဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

သောဘိတော မုနီ၊ ရွှေအင်ကြင်းပင် ကဲ့အသွင်သို့ ဝန်းကျင် ဆယ်ရပ် ရွှေရောင်ဟပ်သား လျှောက်ပတ်တင့်တယ် သပ္ပာယ်လှပ သောဘိတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားပါတကား။

(က) **သောဘိတဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉) သောင်း တန်းတွင် သုဓမ္မမြို့တော် ခမည်းတော် သုဓမ္မမင်း မယ်တော် သုဓမ္မာတို့မှ ဖွားမြင်ကာ မိဖုရား မဏိလာဒေဝီနှင့် လက်ဆက်၍ သားတော် သီဟမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကို မြင်၍ ပြာသာဒ်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက်ကျင့်ပြီး ကံ့ကော်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော် မူခဲ့ပါပေသည်တကား။

(ခ) **ထိုသောဘိတမြတ်စွာဘုရားရှင်**သည် အရပ်တော် အတောင် (၅၈)အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေ တော်မူခဲ့ပါပေသည်တကား။

(ဂ)**ထိုသောဘိတမြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝကဖြစ်ကြသော အသမမထေရ်နှင့် သုနေတ္တမထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော နကုလာ ထေရီနှင့် သုဇာတာထေရီ၊ အလုပ်အကျွေးဖြစ်သော အနောမမထေရ်၊ ရမ္မနှင့် သုဒတ္တဒါယကာ၊ နကုလာနှင့်စိတ္တာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မ သုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်း တောက်ပစေလျက်၊

http://www.dhammadownload.com

ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ မြို့တော်ကြီး၏ မနီးမဝေးဖြစ်သော သီဟဉယျာဉ်ကြီး၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ လေပြီတကား။

(ဃ) ထို**သောဘိတမြတ်စွာဘုရားရှင်**၏ အတုမရှိသော ရှေးဘုရားတို့နှင့်သာတော်မူသည့် ထိုသောဘိတ မြတ်စွာဘုရားသည်ဌင်း၊ အဘိညာဉ် စသောအားအစွမ်းသို့ ရောက်တော်မူ ရတော်မူကြသည့် သာဝကများစွာ ထိုရဟန္တာတို့သည်ဌင်း၊ ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သဒ္ဒါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ဂုဏ်ခြင်း

သောဘိတော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သောဘိတ**) မြတ်စွာဘုရား ကိုယ်တော် မြတ်အား ရှိသေမြတ်နိုး ရှိခိုးပါ၏။

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လ မဝိတဂန္ဓံ။
အဍီရသံ ပဿ ဝိရောစမာနံ၊ တပန္တ မာဒိစ္စ မိဝန္တလိက္ခေ။
ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊ သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမ္ဟာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊ နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။

http://www.dhammadownload.com

ကကဒမိပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ကကဒမိပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၊ ထူစောင်းခြင်း

၁၇။ **သောဘိတော** နာမ သမ္မုဒ္ဓေါ၊ နဝုတိ သဟဿာယုကော။
သံသာရသာဂရေ သတ္တော၊ ဗဟူ မောစေတိ ဒုက္ခတော။

၁၈။ အဋ္ဌပညာသ ရတနံ၊ အစ္ဆုဂ္ဂတော မဟာမုနိ။
ဩဘာသေတိ ဒိသာ သဗ္ဗာ၊ သဒါ သောတ္ထိံ ကရောတု နော။

၁၇။ **သောဘိတ**မြတ်စွာဘုရားသည် အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏၊ သံသရာဝဋ်ဟူသော မဟာသမုဒ္ဒရာ၌ မျှားစွာသောသတ္တဝါတို့ကို ငြိုငြင် ဆင်းရဲခြင်းမှ လွတ်မြောက်စေတော်မူ၏။

၁၈။ ထိုသောဘိတမြတ်စွာဘုရားသည် ငါးဆဲ့ရှစ်ထောင် အရပ်မြင့်တော်မူ၏၊ အရပ်မျက်နှာခပ်သိမ်းကို ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ဖြင့် ထွန်းလင်း တောက်ပစေတော်မူ၏၊ **ကံ့ကော်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသောဘိတ မြတ်စွာ ဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

ဖန်စီးဘုရွဲကဘုဝစီဝဲ းယင်ကွကဒေဂဖန်ခေဒ ။၀၄



http://www.dhammadownload.com

http://www.dhammadownload.com

၁၀။ အနောမဒဿီဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

အနောမဒဿီ၊ ရှေ့နောက်ဝဲယာ ဖူးတိုင်းသာလျှင် မင်္ဂလာ လျှံပြော ကြည်ဖွယ်ပေါသား အနောမဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားပါတကား။

(က) **အနောမဒဿီဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၁) သိန်းတန်းတွင် စန္ဒဝတီမြို့တော် ခမည်းတော် ရသဝါမင်း မယ်တော် ယသော ဓရာတို့မှ ဖွားမြင်ကာ မိဖုရား သီရိမာနှင့်လက်ဆက်၍ သားတော် ဥပဝါဏ မင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီးလေးပါး ကို မြင်၍ ရွှေထမ်းစင်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၁၀)လကျင့်ပြီး ထောက်ကြံ့ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) ထို**အနောမဒဿီဘုရားရှင်**သည် အရပ်တော်(၅၈)တောင် အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး(၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါ တို့အား သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေ တော်မူခဲ့ပါပေသည်တကား။

(ဂ) ထို**အနောမဒဿီ မြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝက ဖြစ်ကြသော နိသဘမထေရ် နှင့် အနောမ မထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော သုန္ဒရီထေရီနှင့် သုမနာထေရီ၊ အလုပ်အကျွေးဖြစ်သော ဝရုဏာမထေရ်၊ နန္ဒိဝမုနှင့် သီရိဝမုဒါယကာ၊ ဥပ္ပလာနှင့် ပဒုမာဒါယိ ကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်း

http://www.dhammadownload.com

တောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ ဓမ္မာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) မနှိုင်းယှဉ်နိုင်သော အခြံအရံအကျော်အစော ဂုဏ်သတင်း ရှိတော်မူသော ထိုအနောမဒဿီ မြတ်စွာဘုရားရှင်သည်၄င်း အတူမရှိကုန်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကုန်သော ထိုအဂ္ဂသာဝက ရဟန္တာမထေရ် အစုံတို့သည်၄င်း ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွားခဲ့လေပြီ။ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မသင်္ခါတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

အနောမဒဿီ ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တာပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**အနောမဒဿီ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

သကိဒေဝ(သုတသောမ)+(မဟာရာဇ)၊ သင်္ဘီ ဟောတိ သမာဂမော။
သာ နံ သင်္ကတိ ပါလေတိ၊ နာသင်္ဘီ ဗဟု သင်္ကမော။
သင်္ဘိရေဝ သမာသေထ၊ သင်္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ န ပါပိယော။
ဇရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သင်္ဘိ ပဝေဒယန္တိ။
နဘံ စ ဒူရေ ပထဝီ စ ဒူရေ၊ ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊ သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၁၉။ **အနောမဒဿီ** သမ္မုဒ္ဓေါ၊ တေဇသီ ဒုရတိက္ကမော။
အဋ္ဌပဏ္ဏာသ ရတနော၊ ဩဘာသေန္တော သဒေဝကေ။

၂၀။ နိဗ္ဗာနပါပကော လောကေ၊ ဝဿသတ သဟဿာယု။
ကရောတု နော မဟာသန္တိံ၊ သုခိတာ စ မယံ သဒါ။

၁၉။ **အနောမဒဿီ** မြတ်စွာဘုရားသည် တန်ခိုးအာနုဘော် ကြီးမြတ်တော်မူ၏၊ ရန်သူတို့ မလွန်မြောက်နိုင်၊ ငါးဆဲ့ရှစ်တောင်အရပ်မြင့်တော်မူ၏၊ နတ်နှင့် တကွသော လောကဌ္ဌ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ဖြင့် ထွန်းလင်း တောက်ပတော်မူ၏။

၂၀။ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့ကို နိဗ္ဗာန်သို့ ရောက်စေတော်မူ၏၊ အနှစ် တသိန်း အသက်ရှည်တော်မူ၏၊ **ထောက်ကြံ့ပင်**ရင်းဌ ရန်မျိုးစုံကို အောင်မြင် ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုအနောမဒဿီ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက် ချမ်းသာခြင်းကို ပြုတော်မူပါဘုရား၊ အကျွန်ုပ်တို့သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံရ ပါလိုကုန်၏ဘုရား။ (၁၀)

ၯၼ်ၼီဝးဘုၼ်ထဘုဝၼီဝ် းယဲယဲၼဲဂ ၁၁၀



http://www.dhammadownload.com

http://www.dhammadownload.com

၁၁။ ပဒုမဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ပဒုမော၊ မဟာပဒုံ ကြာဝတ်မှုန်သို့ ဘုန်းဂုဏ်ရနံ့ ဘဝဂ်နှံ့ အောင် သင်းပျံ့လှိုက်ကြူ စံမတူသား သယမ္ဘူဇိန ပဒုမဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားပါတကား။

(က) **ပဒုမမြတ်စွာဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၁)သိန်း တန်းတွင် စမ္ပကမြို့တော် ခမည်းတော် အာသမမင်း မယ်တော် အာသမာ တို့မှ ဖွားမြင်ကာ မိဖုရား ဥတ္တရာဒေဝီနှင့် လက်ဆက်၍ သားတော် ရမ္မမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီးလေးပါးကို မြင်၍ ရထားယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး ကြောင်လျှာပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည် တကား။

(ခ) **ထိုပဒုမမြတ်စွာဘုရားရှင်**သည် အရပ်တော်အတောင် (၅၀)တောင် အမြင့်ဆောင်လျက် ဓမ္မာဘိသမယတရား ပွဲကြီး(၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ် ကျင်းပပြီး လူ,နတ်, ဗြဟ္မာ, သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပို့ချခြားထင်ထင် သိမြင်စေတော်မူခဲ့ပါပေသည် တကား။

(ဂ) **ထိုပဒုမမြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝကဖြစ်ကြသော သာလမထေရ်နှင့် ဥပသာလ မထေရ် အဂ္ဂသာဝိကာမဖြစ်ကြသော ရာမာထေရီ နှင့် သုရာမာထေရီ၊ အလုပ်အကျွေးဖြစ်သော-ဝရုဏ မထေရ်၊ ဘိယျနှင့် အသမဒါယကာ၊ ရုစီနှင့် နန္ဒရာမာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်းတောက်ပစေလျက်၊

http://www.dhammadownload.com

ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီးငြိမ်းသွားသကဲ့သို့ ဓမ္မာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ ခဲ့လေပြီတကား။

(ဃ) ထို**ပဒုမမြတ်စွာဘုရားရှင်**သည် မြွေသည် အရေဟောင်းကို စွန့်ပစ်သကဲ့သို့၄င်း၊ သစ်ပင်သည် အရွက်ဟောင်းကို စွန့်ချသကဲ့သို့၄င်း ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ပယ်စွန့်တော်မူ၍ လောင်စာ မီးစာကုန်သော မီးပုံကြီးကဲ့သို့ ငြိမ်းတော်မူ လေပြီတကား။

၂။ ရှိခိုးခြင်း

ပဒုမော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဋ္ဌာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ပဒုမ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အတီတံ နာန္ဓာဂမေယျ၊ နပ္ပဋိကခေ်် အနာဂတံ။
ယဒတီတံ ပဟီနံတံ၊ အပ္ပတ္တဉ္စ အနာဂတံ။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။

အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
နဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

ဧဝံ ဝိဟာရီံ အာတာပီံ၊ အဟောရတ္တ မတန္ဒိတံ။
တံ ဝေ "ဘဒ္ဒေကရတ္တော" တိ၊ သန္တော အာစိက္ခတေ မုနိ။

http://www.dhammadownload.com

အဓိစေတသော အပ္ပမဇ္ဇတော၊ မုနိနော မောနပထေသု သိက္ခတော။
သောကာ န ဘဝန္တိ တာဒိနော၊ ဥပသန္တသ္သ သဒါ သတီမတော တိ။

၃။ ဆုတောင်းခြင်း

၂၁။ **ပဒုမော** နာမ သမ္ဗုဒ္ဓေါ၊ လောကဇေဋ္ဌော နရာသဘော။
အဋ္ဌပညာသ ရတနော၊ အာဒိစ္စောဝ ဝိရောစတိ။

၂၂။ ဝဿသတ သဟဿာနိ၊ အာယု တဿ မဟေသိနော။
သောပိ ဗုဒ္ဓေါ ကာရုဏိကော၊ သဒါ သောတ္ထိံ ကရောတု နော။

၂၁။ **ပဒုမ**မြတ်စွာဘုရားသည် လူသုံးပါးတို့ထက် ဂုဏ်အားဖြင့် ကြီးတော် မူ၏၊ လူသုံးပါး တို့ထက် မြတ်တော်မူ၏၊ ငါးဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ နေမင်းကဲ့သို့ တင့်တယ်တော်မူ၏။

၂၂။ ထိုပဒုမမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်တသိန်း ရှည်တော် မူ၏၊ သတ္တဝါတို့ကို သနားခြင်း ကရုဏာရှိတော်မူ၏၊ **ကြောင်လျှာပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုပဒုမမြတ်စွာ ဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ကို ပြုတော်မူပါဘုရား။ (၁၁)

ဖန်စီးဘုရွဲလာဘုဝစီဝ်း ယဝ်ငဒယ် ၁၂၄



http://www.dhammadownload.com

http://www.dhammadownload.com

၁၂။ နာရဒဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

နာရဒေါ၊ ယူဇနာတစ် ဝန်းကျင်ခေတ်ဝယ် သစ်သစ်ထွန်းပြောင် နေရာထောင်သို့ ကိုယ်ရောင်ကိန်းပ နာရဒဟု နာမထင်ရှား ၍တော် မြတ်ဘုရားပါတကား။

(က) **နာရဒမြတ်စွာဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၉) သောင်း တန်းတွင် ဓညဝတီမြို့တော် ခမည်းတော် သုဒေဝမင်း မယ်တော် အနောမာတို့မှ ဖွားမြင်ကာ မိဖုရား ဝိဇိတသေနာနှင့် လက်ဆက်၍ သားတော် နန္ဒုတ္တရမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီးလေးပါးကို မြင်၍ ခြေလျင်တောထွက်တော် မူကာ ဒုက္ကရစရိယာ (၇)ရက်ကျင့်ပြီး ခကြာင်လျှာပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) ထို**နာရဒမြတ်စွာဘုရားရှင်**သည် အရပ်တော်အတောင် (၈၈)တောင် အမြင့်ဆောင်လျက် ထက်ဝန်းကျင်(၁)ယူဇနာ အရပ်တိုင် အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ ဓမ္မာဘိသမယတရား ပွဲကြီး(၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ် ကျင်းပပြီး လူ,နတ်, ဗြဟ္မာ, သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော် မူခဲ့ပါပေသည် တကား။

(ဂ) ထို**နာရဒမြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝကဖြစ်ကြသော ဘဒ္ဒသာလနှင့် ဇိတမိတ္တာမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော ဥတ္တရာထေရီနှင့် ဖဂ္ဂုနီထေရီ အလုပ်အကျွေးဖြစ်သော-ဝါသေဋ္ဌမထေရ်၊ ဥဂ္ဂရိန္ဒနှင့် ဝသဘဒါယကာ၊ ကုန္ဒဝရီနှင့် ဝဏ္ဏီဒါယိကာမတို့နှင့်အတူ

http://www.dhammadownload.com

သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်းတောက်ပစေလျက်။ ဝေနေယျများစွာ သတ္တဝါ အပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီးငြိမ်းသွားသကဲ့သို့ သုဒဿနမြို့တော်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသော **ထိုနာရဒ မြတ်စွာဘုရားသည်ငင်း**၊ အတုမရှိသော တန်ခိုးတေဇော် အာနုဘော်ရှိကြကုန်သော ထိုရဟန္တာမထေရ်တို့သည်ငင်း ဤအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မသခ်ါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

နာရဒေါ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တာပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တကဒ္ဒိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**နာရဒ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ မာဘာတိ စန္ဒိမာ။

သန္နဒ္ဓေါ ခတ္တိယော တပတိ၊ စျာယိ တပတိ ဗြာဟ္မဏော။

အထ သဗ္ဗ မဟောရတ္တိ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ တထာဂတော ပရိနိဗ္ဗာယန္တိ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၂၃။ အဌာသီတိ ရတနုပ္ပေဓော၊ **နာရဒေါ** သဗ္ဗကာမဒေါ။
နိရန္တရံ ဒိဝါရတ္တိံ၊ ယောဇနံ ဖရတေ ပဘာ။

၂၄။ နဝုတဝဿ သဟဿာနံ၊ ဌတ္ဝာ လောကေ ဝနာယကော။
မောစေတိ ဒုက္ခတော သတ္တေ၊ သောပိ သောတ္ထိံ ကရောတု နော။

၂၃။ **နာရဒ**မြတ်စွာဘုရားသည် အလိုဆန္ဒခပ်သိမ်းကို ပေးတော်မူ၏၊ ရှစ်ဆဲ့ ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ကိုယ်ရောင်တော်သည် အမြဲ ၁ပြတ် နေ့ညဉ့်ပတ်လုံး တယူဇနာအရပ်တိုင်အောင် ကွန့်မြူးပြန့်နှံ့ ၁တော်မူ၏။

၂၄။ ထိုနာရဒမြတ်စွာဘုရားသည် လောကဌ် အနှစ်ကိုးသောင်းပတ်လုံး အသက် ကြာရှည် တည်နေတော် မူလျက် ဝေနေယျသတ္တဝါတို့ကို ၁ဆင်းရဲမှ လွတ်မြောက်စေတော် မူ၏၊ **ကြောင်လျှာပင်**ရင်းဌ ရန်မျိုးစုံကို ၁အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုနာရဒ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ၁ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၁၂)

http://www.dhammadownload.com



ဘဝဇ်ရှိတိုင်းမှန်ကြီး ဝန်ထမ်းမှန်ကြီး

http://www.dhammadownload.com

၁၃။ ပဒုမုတ္တရဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ပဒုမုတ္တရော၊ အံ့ဖွယ်ထူးဆန်း ကြာရွှေပန်းလျှင် ကွန့်မြူးစကြာ ကြွတိုင်းပါသား ယူဇနာဆယ့်နှစ် ခရိုင်ခေတ်ဝယ် ထွန်းလင်းရောင်ဟုန် လွှမ်းအုပ်ခြုံ၍ ပဒုမုတ္တရ နာမထင်ရှား ရှင်တော်မြတ် ဘုရားပါတကား။

(က) **ပဒုမုတ္တရမြတ်စွာဘုရားရှင်**သည် သာရကမ္ဘာ၌ အနှစ်(၁) သိန်းတန်းတွင် ဟံသဝတီမြို့တော် ခမည်းတော် အာနန္ဒမင်း မယ်တော် သုဇာတာတို့မှ ဖွားမြင်ကာ မိဖုရား ဝသုဒတ္တာနှင့် လက်ဆက်၍ သားတော် ဥတ္တရမင်းသား မွေးဖွားလာ သောအခါ နိမိတ်ကြီး(၄)ပါး ကိုမြင်၍ ပြာသာဒ်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက်ကျင့်ပြီး ထင်းရှူးပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) **ထိုပဒုမုတ္တရမြတ်စွာဘုရားရှင်**သည် အရပ်တော် (၅၈) တောင် အမြင့်ဆောင်လျက် ထက်ဝန်းကျင် (၁၂)ယူဇနာအရပ် တိုင်အောင် ရောင်ခြည်တော်များပျံနှံ့ထွက်ကာ ဓမ္မာဘိသမယ တရားပွဲ ကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော် မူခဲ့ပါပေသည်တကား။

(ဂ) **ထိုပဒုမုတ္တရ မြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝက ဖြစ်ကြသော ဒေဝလမထေရ်နှင့်သုဇာတ မထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော အမိတာထေရီနှင့် အသမာထေရီ၊ အလုပ်အကျွေးဖြစ်သော သုမနမထေရ်၊

http://www.dhammadownload.com

ဝိတိဏ္ဏာနှင့်တိသဒါယကာ၊ ဟဋ္ဌာနှင့် ဝိစိတ္တာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ နန္ဒာရာမဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) **ထိုပဒုမုတ္တရမြတ်စွာဘုရားရှင်**သည် သတ္တဝါပေါင်းတို့၏ ယုံမှားသံသယဟူသမျှကို ပယ်ရှားဖြတ်တောက် ဖျက်ဆီးတော်မူကာ သတ္တဝါတို့ကို ဘဝသံသရာရေအယဉ်မှ နိဗ္ဗာန်ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော် မူပြီးလျှင် တပည့်သာဝက သံဃာတော် အပေါင်းနှင့်တကွ ထွန်းလင်းတောက်ပပြီး ငြိမ်းစဲသွားသည့် မီးပုံကြီးကဲ့သို့ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့လေပြီတကား။

၂။ ရှိခိုးခြင်း

ပဒုမုတ္တရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ပဒုမုတ္တရ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒ္ဝိပဒုတ္တမော။
မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊ နာရဒေါ ပဒုမုတ္တရော။
သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော။

http://www.dhammadownload.com

အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။
တိသော ဖုသော စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါစာပိ ဂေါတမော။
ဧတေ အဟေသုံ သမ္ဗုဒ္ဓါ၊ ဝီတရာဂါ သမာဟိတာ။
အနန္တဂုဏသမ္ပန္နေ၊ ဝန္ဒေ တေ ဒ္ဝိပဒုတ္တမေ။

၃၊ ဆုတောင်းခြင်း

၂၅။ အဌပဏ္ဏာသ ရတနော၊ ပဒုမုတ္တရော မဟာမုနိ။
တဿ ပါကတိကာ ရံသီ၊ ဖရန္တိ ဒွါဒသ ယောဇနေ။
၂၆။ ဝဿသတ သဟဿာနိ၊ ဌတွာ လောကေ' မတန္ဒဒေါ။
မောစေတိ ဗန္ဓနာ သတ္တေ၊ သောပိ ပါလေတု နော သဒါ။

၂၅။ **ပဒုမုတ္တရ**မြတ်စွာဘုရားသည် ငါးဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ထိုပဒုမုတ္တရမြတ်စွာဘုရား၏ ပကတိသော ရောင်ခြည်တော်တို့သည် တဆဲ့နှစ် ယူဇနာ အရပ်တိုင်အောင် ကွန့်မြူးပြန့်နှံ့တော်မူကုန်၏။

၂၆။ ဝေနေယျတို့အား အမြိုက်နိဗ္ဗာန်ကို ပေးတော်မူ၏၊ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူ၍ သတ္တဝါတို့ကို ကိလေသာအနှောင် အဖွဲ့မှ လွတ်မြောက်စေတော်မူ၏၊ **ထင်းရှူးပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုပဒုမုတ္တရ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်းဘေးရန်အန္တရာယ် ကင်းငြိမ်းအောင် စောင့်ရှောက်တော် မူပါဘုရား။ (၁၃)

ဖန်ဝးဘုရွဲလဘုဝဇီဝ်း ယင်ဓရာင် ။ဝင်



http://www.dhammadownload.com

http://www.dhammadownload.com



ဖုံသဘုရား



http://www.dhammadownload.com



ဝိပဿီဘုရား



http://www.dhammadownload.com



သီခိဘုရား



http://www.dhammadownload.com



ဝေဿဘူဘုရား



http://www.dhammadownload.com



ကကုသန္ဓဘုရား



http://www.dhammadownload.com



ကောဏာဂမနဘုရား

http://www.dhammadownload.com



ကသပဘုရား



http://www.dhammadownload.com



ဂေါတမဘုရား



http://www.dhammadownload.com

(၁၄) သုမေဓဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

သုမေဓောစ၊ တယူဇနာ ရပ်မျက်နှာဝယ် ရောင်ဝါလျှံပ သုမေဓ ဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားပါတကား။

(က) **သုမေဓဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် သုဒဿနမြို့တော် ခမည်းတော် သုဒတ္တမင်း မယ်တော် သုဒတ္တာတို့မှ ဖွားမြင်ကာ မိဖုရား သုမနာဒေဝီနှင့် လက်ဆက်၍ သားတော် ပုနဗ္ဗသ မင်းသား မွေးဖွား လာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ ဆင်ယာဉ်စီးလျက် တောထွက်တော် မူကာ ဒုက္ကရစရိယာ (၁၅)ရက်ကျင့်ပြီး တမာပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) ထို**သုမေဓမြတမစွာဘုရားရှင်**သည် အရပ်တော်(၈၈) တောင် အမြင့်ဆောင်လျက် ထက်ဝန်းကျင် (၁)ယူဇနာအရပ်တိုင်အောင် ရောင်ခြည်တော်များပျံနှံ့ထွက်ကာ ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူ ခဲ့ပါပေသည်တကား။

(ဂ) ထို**သုမေဓမြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝက ဖြစ်ကြသော သရဏမထေရ်နှင့်သဗ္ဗကာမ မထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော ရာမာထေရီနှင့် သုရာမာထေရီ၊ အလုပ်အကျွေးဖြစ်သော သာဂရ မထေရ်၊ ဥရုဝေလနှင့်ယသဝါဒါယကာ၊ ယသောဓရာနှင့် သီရိမာဒါယိကာမတို့နှင့် အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်းတောက်ပ စေလျက် ဝေနေယျ များစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ

http://www.dhammadownload.com

ထွန်းပပြီး မီးပုံကြီး ငြိမ်းသွား သကဲ့သို့ မေဓာရာမဥယျာဉ်၌ ပရိနိဗ္ဗာန်ပြု တော်မူခဲ့လေပြီတကား။

(ဃ) မန္ဒိုင်းယှဉ်နိုင်သော အခြံအရံအကျော်အစော ဂုဏ်သတင်း ရှိကုန်သော ကိလေသာတို့မှ ကင်းလွတ်တော်မူကြပြီး ဥပဓိလေးပါး မရှိကြကုန်သော ထိုရဟန္တာသခင် အရှင်မြတ်အားလုံးတို့သည်၎င်း များမြတ်သော အခြံအရံ အကျော်အစော ဂုဏ်သတင်းကြီးမားသော ထိုမြတ်စွာဘုရားရှင် ရဟန္တာသခင် တို့သည်၎င်း ဂုဏ်ပညာအလင်းရောင်ကို ထွန်းပြတော်မူကြကုန်ပြီးလျှင်၊ ပရိနိဗ္ဗာန် စံယူ ငြိမ်းအေးတော်မူကြလေ ကုန်ပြီတကား။

၂။ ရှိခိုးခြင်း

သုမေဓော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သုမေဓ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တော'သိ သဗ္ဗဓိ။
သမ္ဘာဝပ္ပဋိပန္နော'သ္မိ၊ တဿ မေ သရဏံ ဘဝ။
တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။
နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တော'သိ သဗ္ဗဓိ။
သမ္ဘာဝပ္ပဋိပန္နော'သ္မိ၊ တဿ မေ သရဏံ ဘဝ။

http://www.dhammadownload.com

တထာဂတံ အရဟန္တံ၊ သူရိယော သရဏံ ဂတော။
ရာဟု သူရိယံ ပမုဉ္စသု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။
ယော အန္ဓကာရေ တမသိ ပဘင်္ကရော၊
ဝေရောစနော မဏ္ဍလီ ဥဂ္ဂတေဇော။
မာရာဟု ဂိလိ စရ မန္တလိက္ခေ၊
ပဇံ မမံ ရာဟု ပမုဉ္စ သူရိယန္တိ။

၃၊ ထူစောင်းခြင်း

၂၇။ အဌာသိတိ ရတနာနိ၊ အစ္ဆုဂ္ဂတော မဟာမုနိ။
သုမေဓော နာမ သမ္ဗုဒ္ဓေါ၊ နဝူတိ သဟဿာယုကော။
၂၈။ တဿ ပါကတိကာ ရံသီ၊ ဖရန္တိ ယောဇနံ သဒါ။
ပါလေတု နော သဒါ ဗုဒ္ဓေါ၊ ဘယေဟိ ဝိဝိဓေဟိ စ။

၂၇။ **သုမေဓော**မြတ်စွာဘုရားသည် ရဟန်းမြတ်ဖြစ်တော်မူ၏၊ ရှစ်ဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်းအသက်ရှည်တော်မူ၏။

၂၈။ ထိုသုမေဓောမြတ်စွာဘုရား၏ ပကတိသော ရောင်ခြည်တော်တို့သည် တယူဇနာ အရပ်တိုင်အောင် အခါခပ်သိမ်း ကွန့်မြူးပြန့်နှံ့တော်မူကုန်၏၊ **တမောပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသုမေဓောမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း အထူးထူး အပြားပြား ရှိသော ဘေးရန် အန္တရာယ်တို့မှ ကင်းငြိမ်းအောင် စောင့်ရှောက်တော်မူပါဘုရား။

http://www.dhammadownload.com



၁၅။ လမ်းတော်ရှာ၊ ဗုဒ္ဓဝင်ရှာ၊ ဝန်ခွန်

http://www.dhammadownload.com

(၁၅) သုဇာတဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

သုဇာတောစ၊ ငါးဆယ်သံတောင် ကိုယ်ရပ်ဆောင်သား ရွှေတောင်နှိုင်းပြ သုဇာတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား ပါတကား။

(က) **သုဇာတဘုရားရှင်**သည် မဏ္ဍာကမ္ဘာ၌ အနှစ်(၉)သောင်း တန်းတွင် သုမင်္ဂလမြို့တော် ခမည်းတော် ဥဂ္ဂတမင်း မယ်တော် ပဘာဝတီ တို့မှ ဖွားမြင်ကာ မိဖုရား သီရိနန္ဒာနှင့် လက်ဆက်၍ သားတော် ဥပသေန မင်းသား မွေးဖွားလာသော အခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ မြင်းယာဉ်စီး လျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၉)လကျင့်ပြီး ကြခတ်ဝါးပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

(ခ) ထို**သုဇာတဘုရားရှင်**သည် အရပ်တော် (၅၀)တောင် အမြင့် ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်း အဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေ တော်မူခဲ့ပါပေသည်တကား။

(ဂ) ထို**သုဇာတမြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝကဖြစ်ကြ သော သုဒဿနမထေရ်နှင့်သုဒေဝမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော နာဂါထေရီနှင့် နာဂသမာလထေရီ၊ အလုပ်အကျွေးဖြစ်သော နာရဒ မထေရ်၊ သုဒတ္တနှင့်စိတ္တဒါယကာ၊ သုဘဒ္ဒါနှင့် ပဒုမာဒါယိကာမတို့နှင့် အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်းတောက်ပ စေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ

http://www.dhammadownload.com

ထွန်းပပြီး မိုးပုံကြီးငြိမ်းသွားသဲ့သို့ သိလာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) အတူမရှိသော ရွှေဘုရားတို့နှင့်တူတော်မူသည့် ထိုသုဇာတ မြတ်စွာဘုရားသည်၄င်း အတူ,မရှိသော သဗ္ဗညုတဉာဏ်တော်စသော ထိုဂုဏ်တော်ကျေးဇူးတော်တို့သည်၄င်း၊ ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သခ်ါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အခြေးနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

သုဇာတော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တာပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တာဘိဒ္ဓ အနန္တဇုတာ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သုဇာတ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုးရှိခိုးပါ၏။

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနံ။
ဘဝေ ဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိံ စ နာ ဥပါဒိယိံ။
ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။
ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊ ယေ ဂေါတ္တ ပဋိသာရိနော။

ဝိဇ္ဇာစရဏ သမ္ပန္နော၊ သော သေဋ္ဌော ဒေဝမာနုသေတိ။

http://www.dhammadownload.com

၃။ ထူးတောင်းခြင်း

၂၉။ ပညာသ ရတနုတ္တမော၊ သုဇာတော နာမ နာယကော။
ဟေမဝဏ္ဏော မဟာဝီရော၊ မဟာတမ ဝိနောဒနော။

၃၀။ **နဝူတိ ဝဿသဟဿာနိ၊ အာယု တဿ မဟေသိနော။**
သောပိ ဗုဒ္ဓေါ ကာရုဏိကော၊ သဒါ သောတ္ထိ ကရောတု
နော။

၂၉။ **သုဇာတ**မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်း ရှိတော်မူ၏၊ ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူ၏၊ ကြီးစွာသော မောဟ အမိုက်မှောင်ကို ပယ်ဖျက်တော်မူ၏၊

၃၀။ ထိုသုဇာတမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်ကိုး သောင်း ရှည်တော်မူ၏၊ သတ္တဝါတို့အား သနားခြင်းကရုဏာရှိတော်မူ၏၊ **ကြခတ်ဝါးပင်** ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသုဇာတ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅)



၁၆။ ပိယဒဿီဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

၁၆။ ပိယဒဿီဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

မဟာယသော၊ များမြတ်ခြွေရံ ကျော်စောသံရှိတော်မူပေ ထသော။ ပိယဒဿီ၊ လုံးစုံလောက ဟူသမျှကို အမတသုခိ ဖြန့်ဝေ ချီသား ပိယဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားပါတကား။

(က) **ပိယဒဿီမြတ်စွာဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၉)သောင်း တန်းတွင် သုခညဝတီမြို့တော် ခမည်းတော် သုဒတ္တမင်း မယ်တော် စန္ဒာတို့မှ ဖွားမြင်ကာ မိဖုရား ဝိမလာဒေဝီနှင့်လက်ဆက်၍ သားတော် ကဉ္စနာဝေဋ္ဌ မင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင် ၍ရထားယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လ ကျင့်ပြီး ရေခတတ်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါ ပေသည်တကား။

(ခ) **ထိုပိယဒဿီမြတ်စွာဘုရားရှင်သည်** အရပ်တော်အတောင် (၈၀) အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူ နတ် ဗြဟ္မာ သတ္တဝါ တို့အား သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော် မူခဲ့ပါပေသည်တကား။

(ဂ) **ထိုပိယဒဿီမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကမ ဖြစ်ကြသော ပါလိတမထေရ်နှင့် သဗ္ဗဒဿီ မထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော သုဇာတာထေရီနှင့် ဓမ္မဒိန္နာထေရီ၊ အလုပ်အကျွေးဖြစ်သော သောဘိတ မထေရ်၊ သန္ဓကနှင့် ဓမ္မကဒါယကာ၊ ဝိသာခါနှင့် ဓမ္မဒိန္နာဒါယိကာမ တို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို

http://www.dhammadownload.com

ထွန်းလင်းတောက်ပ စေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ အဿထ္ထ အာရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေပြီတကား။

(ဃ) အတုမရှိသော ရှေးဘုရားရှင်တို့နှင့်သာ တူတော်မူသော **ထိုပိယဒဿီ မြတ်စွာဘုရားရှင်သည်**ဂင်း၊ ထိုမြတ်စွာဘုရားရှင်၏ အတုမရှိကုန်သော အဂ္ဂသာဝကအစုံ စသည်တို့သည်ဂင်း ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက် သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သခ်ါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ပိယဒဿီ ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ပိယဒဿီ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုးရှိခိုးပါ၏။

ဥဒ္ဒေဟိ ဝိရ ဝိဇိတသင်္ဂါမ၊ ပန္နဘာရ အနဏ ဝိစရ လောကေ။

စိတ္တဥ္စ တေ သုဝိမုတ္တံ၊ စန္ဒော ယထာ ပန္နရသာယ ရတ္တိန္တိ။

ဥဒ္ဒေဟိ ဝိရ ဝိဇိတသင်္ဂါမ၊ သတ္ထဝါဟ အနဏ ဝိစရ လောကေ။

ဒေသသု ဘဂဝါ ဓမ္မံ၊ အညာတာရော ဘဝိဿန္တိ။

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။

သုခါ သံဃဿ သာမဂ်ီ၊ သမဂ္ဂါနံ တပေါ သုခေါ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၃၁။ အသီတိ ရတနုဗွေဓော၊ ပိယဒဿီ မဟာမုနိ။
နဝူတိ ဝဿသဟဿာနိ၊ ဌတွာ လောကဂ္ဂနာယကော။

၃၂။ သောပိ သဗ္ဗဂုဏူပေတော၊ သဗ္ဗလောက သုခပ္ပဒေါ။
သဗ္ဗဒေါသံ ဝိနာသေန္တော၊ သဗ္ဗံ သောတ္ထိံ ကရောတု နော။

၃၁။ **ပိယဒဿီ**မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူလျက် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန် ဖြစ်တော်မူ၏။

၃၂။ ခပ်သိမ်းသော ဘုရားဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏၊ ခပ်သိမ်းသော လူတို့အား ချမ်းသာကို ပေးတော်မူ၏၊ ခပ်သိမ်းသောအပြစ်ကို ဖျက်ဆီး ပယ်ဖျောက်တော်မူ၏၊ **ရေခံတက်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုပိယဒဿီ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အလုံးစုံသော ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ (၁၆)

ၨၢန်ဝးဒုဂ္ဂဏ္ဍဝဇီဝ် းယံဇူဏ္ဍဇဏီဇ ။ပဲင



ဇၢန်ဝးဒုဂ္ဂဏ္ဍဝဇီဝ် းယံဇူဏ္ဍဇဏီဇ ။ပဲင

http://www.dhammadownload.com

http://www.dhammadownload.com

(၁၇) အတ္ထဒဿီဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

အတ္ထဒဿီ၊ ဝေနေယျများ သောင်းတိုက်သားတို့၏ စီးပွားကို သာ ရှုမျှော်ကာဖြင့် တယူဇနာတိုင်လတ် ကိုယ်တော်ဟပ်သား အတ္ထဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားပါတကား။

(က) **အတ္ထဒဿီမြတ်စွာဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၁)သိန်း တန်းတွင် သောဘဏမြို့တော် ခမည်းတော် သာဂရမင်း မယ်တော် သုဒဿနာတို့မှ ဖွားမြင်ကာ မိဖုရား ဝိသာခါနှင့် လက်ဆက်၍ သားတော် သေလမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ မြင်းယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး စကားပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည် တကား။

(ခ) **ထိုအတ္ထဒဿီမြတ်စွာဘုရားရှင်သည်** အရပ်တော်အတောင် (၈၀)အမြင့်ဆောင်လျက် ထက်ဝန်းကျင် (၁)ယူဇနာအရပ်တိုင်အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ ဓမ္မာဘိသမယတရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူခဲ့ ပါပေသည် တကား။

(ဂ) **ထိုအတ္ထဒဿီမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်ကြသော သန္တမထေရ်နှင့် ဥပသန္တ မထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော ဓမ္မာထေရီ နှင့် သုဓမ္မာထေရီ၊ အလုပ်အကျွေးဖြစ်သော အဘယမထေရ်၊ နကုလနှင့် နိသဘဒါယကာ၊ မကိလာ နှင့် သုနန္ဒာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ

http://www.dhammadownload.com

သူတော်ကောင်းတရားကို ထွန်းလင်း တောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွား သကဲ့သို့ အနောမာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ လေပြီတကား။

(ဃ) **ထိုအတ္ထဒဿီမြတ်စွာဘုရားရှင်သည်**လည်း နတ်နှင့်တကွသော သတ္တလောက၌ အတူ မရှိသော တရားအလင်းရောင်တော်ကို ဟောပြ ထွန်းပစေပြီး၍ မီးစာကုန်သဖြင့် ငြိမ်းအေးသွားသော မီးတောက် ကြီးကဲ့သို့ မမြဲသော သင်္ခေါသို့ရောက်ကာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီတကား။

၂။ ရှိခိုးခြင်း

အတ္ထဒဿီ ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**အတ္ထဒဿီ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

သမော သမေဟိ ဝိသမေဟိ ဒူရေ၊ တထာဂတော ဟောတိ
အနန္တပညော။

အနူပလိတ္တော ကုဓဝါ ဟုရံဝါ၊ တထာဂတော အရဟာတိ ပုရဇ္ဇာသံ။
အာရောဂျ ပရမာ လာဘာ၊ နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊ ခေမံ အမတဂါမိနန္တိ။

http://www.dhammadownload.com

မဂ္ဂါနဋ္ဌဂိကော သေဋ္ဌော၊
သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊
ဒ္ဝိပဒါနဉ္စ စက္ခုမာ။
ဝိဇ္ဇာ ဥပ္ပတတံ သေဋ္ဌာ၊ အဝိဇ္ဇာ နိပတတံ ဝရာ။
သံဃော ပဝဇမာနာနံ၊ ဗုဒ္ဓေါ ပဝဒတံ ဝရောတိ။

၃။ ဆုတောင်းခြင်း

၃၃။ အသီတိ ရတနုဗ္ဗေဓော၊ အတ္ထဒဿီ နရာသဘော။
ဝဿဿတ သဟဿာနိ၊ လောကေ အဋ္ဌာသိ နာယကော။
၃၄။ တဿ ပါကတိကာ ရံသီ၊ ဖရန္တိ ယောဇနံ သဒါ။
နိရန္တရံ ဒိဝါရတ္တိံ၊ နာထော သောတ္ထိံ ကရောတု နော။

၃၃။ **အတ္ထဒဿီ**မြတ်စွာဘုရားသည် လူသုံးပါးတို့ထက် ကြီးမြတ်တော်မူ၏၊ အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ လောက၌ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူ၏။

၃၄။ ထိုအတ္ထဒဿီမြတ်စွာဘုရား၏ ပကတိသော ရောင်ခြည်တော်တို့သည် နေ့ညဉ့်ပတ်လုံး အခါခပ်သိမ်း တယူဇနာ အရပ်တိုင်အောင် အမြဲမပြတ် ကွန့်မြူး ပြန့်နှံ့တော်မူကုန်၏၊ **စကားပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုအတ္ထဒဿီ မြတ်စွာ ဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူ ပါဘုရား။ (၁၇)



၁၈။ ဓမ္မဒဿီဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၁၈) ဓမ္မဒဿီဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ဓမ္မဒဿီ၊ အကျိုးဖြစ်ရန် အကြောင်းမှန်ကို ဖန်ဖန်နိဗ္ဗ ရှုမြင် ထသား ဓမ္မဒဿီ ဘွဲ့.မည်ထင်ရှား ရှင်တော်မြတ် ဘုရားပါတကား။

(က) **ဓမ္မဒဿီမြတ်စွာဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် သရဏမြို့တော် ခမည်းတော် သရဏမင်း မယ်တော် သုနန္ဒာတို့မှ ဖွားမြင်ကာ မိဖုရား ဝိစိကောဋိနှင့်လက်ဆက်၍ သားတော် ပုညဝမုနမင်းသား မွေးဖွား လာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ ပြာသာဒ်ယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက် ကျင့်ပြီး သံသတ်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) **ထိုဓမ္မဒဿီမြတ်စွာဘုရားရှင်သည်** အရပ်တော်အတောင် (၈၀) အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူခဲ့ ပါပေသည် တကား။

(ဂ) **ထိုဓမ္မဒဿီမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်သော ပဒုမထေရ်နှင့် ဖုဿဒေဝမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော ခေမာထေရီနှင့် သစ္စနာမာထေရီ၊ အလုပ်အကျွေးဖြစ်သော သုနေတ္တမထေရ်၊ သုဘဒ္ဒနှင့် ကဠိဿဟဒါယကာ၊ သာဠိယာနှင့် ကဠိယာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်းတောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွား သကဲ့သို သာလာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်

http://www.dhammadownload.com

မူခဲ့လေပြီတကား။

(ဃ) **ထိုဓမ္မဒဿီမြတ်စွာဘုရားရှင်သည်** တလောကလုံး၌ မိမိ၏ ကိုယ်တော်ရောင် တန်ခိုးတော်ရောင် ညဏ်တော်ရောင်တို့ကို အထင် အရှား ပြတော်မူပြီးလျှင် သာသနာတော်ကိုလည်း အညစ်အကြေး ကင်းစင်အောင် ပြုတော်မူကာ ကောင်းကင်တွင် ထွန်းလင်းတောက်ပပြီး လျှင် ချုပ်ဝင်၍သွားသော လဝန်းကြီးပမာ တပည့်သာဝက များနှင့်တကွ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းတော် မူလေပြီ တကား။

၂။ ရှိခိုးခြင်း

ဓမ္မဒဿီ ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဉာဏော အနန္တညာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဓမ္မဒဿီ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။

အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ ဝိတက္ကေထ ၊ မာ ဧဝံ ဝိတက္ကယိတ္ထ ဧဝံ မနသိကရောထ။

မာ ဧဝံ မနသာကတ္ထ၊ ကွဒံ ပဇဟထ ကွဒံ ဥပသမ္ပဇ္ဇ ဝိဟရထာတိ။

ကွဒံ ဝုစ္စတိ ကေဝဋ္ဋ၊ အနုသာသနီ ပါဋိဟာရိယံ။

http://www.dhammadownload.com

၃။ ထူးတောင်းခြင်း

၃၅။ ဓမ္မဒဿီ စ သမ္ဗုဒ္ဓေါ၊ အသီတိဟတ္ထ' မုဂ္ဂတော။
အတိရောစတိ တေဇေန၊ သဒေဝါသုရမာနုသေ။
၃၆။ ဝဿသတသဟဿာနိ၊ ဌတ္ဝာ လောကေ မဟာယသော။
သဗ္ဗသတ္တေ ပမောစေတိ၊ ဘယာ ရက္ခတု နော သဒါ။

၃၅။ **ဓမ္မဒဿီ**မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ နတ်၊ အသုရာ၊ လူနှင့်တကွ ဖြစ်သော လောကသုံးပါးဌ် တန်ခိုးအာနုဘော်ဖြင့် အလွန်တင့်တယ်တော်မူ၏။

၃၆။ လောကသုံးပါးဌ် များမြတ်သော အခြံအရံ အကျော်အစော ရှိတော်မူ၏၊ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူလျက် ခပ်သိမ်းသော သတ္တဝါတို့ကို ဘေးရန်အန္တရာယ်မှ လွတ်ကင်းစေတော်မူ၏၊ **မျက်နှာဝန်း** ပင်ရင်းဌ် ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုဓမ္မဒဿီမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း စောင့်ရှောက်တော်မူပါဘုရား။ (၁၈)



၁၉။ သိဒ္ဓတ္ထဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၁၉) သိဒ္ဓတ္ထဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

လောကနာယကော၊ လောကသုံးပါး၏ ရှေ့ဆွားခေါင်းဆောင် ဖြစ်တော် မူပေထသော။ သိဒ္ဓတ္ထော၊ သောင်းတိုက်ဗိုလ်ခြေ များဝေနေ တို့၏ အောင်မြေစိုးရန် အကျိုးမှန်ကို ဖန်ဖန်မလပ် ပြီးစေတတ်သား သိဒ္ဓတ္ထခေါ် မြတ်ဇနော်ပါတကား။

(က) **သိဒ္ဓတ္ထမြတ်စွာဘုရားရှင်**သည် သာရကမ္ဘာ၌ အနှစ်(၁) သိန်းတန်းတွင် ဝေဘာရမြို့တော် ခမည်းတော် ဥဒေနမင်း မယ်တော် သုဖဿာတို့မှ ဖွားမြင်ကာ မိဖုရား သောမနဿာနှင့် လက်ဆက်၍ သားတော် အနုပမမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါး ကိုမြင်၍ ရွှေထမ်းစင်စီးလျက် တောထွက်တော်မူကာ ဒုက္ကရ စရိယာ (၁၀)လကျင့်ပြီး မဟာလေ့ကားပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

(ခ) **ထိုသိဒ္ဓတ္ထမြတ်စွာဘုရားရှင်သည်** အရပ်တော်အတောင် (၆၀) အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူ နတ် ဗြဟ္မာ သတ္တဝါ တို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူခဲ့ ပါပေသည် တကား။

(ဂ) **ထိုသိဒ္ဓတ္ထမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်သော သမ္မလ မထေရ်နှင့်သုမိတ္တာမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော သီဝလာ ထေရီနှင့် သုရာမာထေရီ၊ အလုပ်အကျွေးဖြစ်သော ရေဝတမထေရ်၊ သုပ္ပိယနှင့် သမုဒ္ဒ ဒါယကာ၊ ရမ္မာနှင့် သုရမ္မာဒါယိကာမတို့နှင့်အတူ

http://www.dhammadownload.com

သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်း တောက်ပ စေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွား သကဲ့သို အနောမာရာမ ဉယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ လေပြီတကား။

(ဃ) **ထိုသီဒ္ဓတ္ထမြတ်စွာဘုရားရှင်သည်**လည်း ပြန့်ပြောများပြားသော ကိုယ်တော်ရောင် တန်းခိုးတော်ရောင် ညဏ်တော်ရောင်တို့ကို ပြတော်မူ လျက်၎င်း၊ တပည့်သာဝကတို့ကို မဂ်ဖိုလ်တရား ကားကားစွင့်စွင့် ပွင့်စေတော်မူလျက်၎င်း၊ လောကီလောကုတ္တရာ နှစ်ဖြာသော သမာပတ် ဖြင့် နှစ်သက်စဖွယ် တင့်တယ် ကွန့်မြူးစေလျက်၎င်း၊ တပည့်များစွာ ရဟန္တာအရှင်သူမြတ်တို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်း တော်မူခဲ့လေပြီတကား။

၂။ ရှိခိုးခြင်း

သီဒ္ဓတ္ထော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တကဒ္ဒိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သီဒ္ဓတ္ထ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဥဒေတ'ယံ စက္ခုမာ ဧကရာဇာ၊ ဟရိသဝဏ္ဏော-
ပထဝိပ္ပဘာသော၊
တံ တံ နမဿာမိ ဟရိသဝဏ္ဏံ ပထဝိပ္ပဘာသံ တယာ'ဒ္ဓ ဂုတ္တာ
ဝိဟာရေမု ဒိဝသံ။
ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊ တေ မေ နမော တေ စ မံ

http://www.dhammadownload.com

ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊ နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္ဝာ၊ မောရော စရတိ ဧသနာ။

၃။ ဆုတောင်းခြင်း

၃၇။ သိဒ္ဓတ္ထော နာမ သမ္ဗုဒ္ဓေါ၊ သဋ္ဌိရတန' မုဂ္ဂတော။
တိဘဝေ သောတ္ထိဇနကော၊ သတဿဟဿ အာယုကော။
၃၈။ သံသာရသာဂရာ လောကေ၊ သန္တာရေတွာ သဒေဝကေ။
နိဗ္ဗာပေတိစ သော သတ္ထာ၊ သဒါ သောတ္ထိ ကရောတု နော။

၃၇။ **သိဒ္ဓတ္ထ**မြတ်စွာဘုရားသည် အတောင်ခြောက်ဆယ် အရပ်မြင့်တော် မူ၏၊ ဘုံသုံးပါး၌ စီးပွားချမ်းသာကို ဖြစ်စေတော်မူ၏၊ အနှစ်တသိန်းအသက် ရှည်တော်မူ၏။

၃၈။ နတ်နှင့် တကွသော လူတို့ကို သံသရာဝဋ္ဌဟူသော မဟာသမုဒ္ဒရာမှ ထုတ်ဆောင်ကယ်တင်တော်မူ၍ ငြိမ်းအေးစေတော်မူ၏ (နိဗ္ဗာန်သို့ ရောက်စေ တော်မူ၏)၊ **မဟာလှေကားပန်းပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသိဒ္ဓတ္ထ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်းကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ (၁၉)



၂၀။ တိဿဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၂၀) တိသဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

တိသော စ သမ္မုဒ္ဓေါ၊ သုံးဘုံရပ်သူ နတ်နှင့်လူကို ခေငူရိပ်သာ ရောက်စိမ့်ဌာဟု မကွာနေ့ည ပို့ဆောင်သသား တိသတွင်ခေါ် မြတ်ဇနော် ပါတကား။

(က) **တိသမြတ်စွာဘုရားရှင်**သည် မဇ္ဈကမ္ဘာ၌ အနှစ်(၁)သိန်းတန်း တွင် ခေမကမြို့တော် ခမည်းတော် ဇနသန္ဓမင်း မယ်တော် ပဒုမာတို့မှ ဖွားမြင်ကာ မိဖုရား သုဘဒ္ဒါနှင့် လက်ဆက်၍ သားတော် အာနန္ဒမင်းသား မွေးဖွားလာသော အခါ နိမိတ်ကြီးလေးပါးကိုဖြင်၍ မြင်းယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး ပိတောက်ပင်အောက် တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) **ထိုတိသမြတ်စွာဘုရားရှင်သည်** အရပ်တော် အတောင် (၆၀) အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါ တို့အား သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော် မူခဲ့ပါပေသည်တကား။

(ဂ) **ထိုတိသမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်ကြသော ဗြဟ္မ ဒေဝမထေရ်နှင့် ဥဒယမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော ဖုဿာထေရီနှင့် သုဒတ္တာထေရီ၊ အလုပ်အကျွေးဖြစ်သော သမဂ်မထေရ်၊ သမ္ဗလနှင့် သိရိမာ ဒါယကာ၊ ကိသာဂေါတမီနှင့် ဥပသေနာ ဒါယိကာမ တို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပ စေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ

http://www.dhammadownload.com

ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ နန္ဒာရာမကျောင်းတိုက်အတွင်း၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) **ထိုတိသမြတ်စွာဘုရားရှင်သည်** လေအဟုန်ကြောင့် ကင်းပျောက်ရသော မိုးတိမ်ကဲ့သို့၎င်း၊ နေရောင်ကြောင့် ချုပ်ပျောက်ရသော ဆီးနှင်းပေါက်ကဲ့သို့၎င်း၊ ဆီမီးရောင်ကြောင့် ကွယ်ပျောက်ရသော အမိုက်မှောင်ကဲ့သို့၎င်း၊ မမြဲသည့်အဖြစ်ကြောင့် တပည့်သာဝကများနှင့်တကွ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းတော်မူခဲ့လေပြီတကား။

၂။ ရှိခိုးခြင်း

တိသော ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**တိသ**) မြတ်စွာဘုရား ကိုယ်တော် မြတ်အား ရိုသေမြတ်နိုးရှိခိုးပါ၏။

အပေတ'ယံ စက္ခုမာ နကရာဇာ၊ ဟရိသဝဏ္ဏော ပထဝိပွဘာသော။

တံတံ နမဿာမိ ဟရိသဝဏ္ဏံ ပထဝိပွဘာသံ၊ တယာ'ဇုဂုတ္တာ ဝိဟရေမု ရတ္တိံ။

ယေ ဗြဟ္မကာ ဝေဒဂူ သဗ္ဗမေဓေ၊ တေမေ နမော, တေ စ မံပါလယန္တု။

နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊ နမော ဝိမုတ္တာနံ, နမော' ဝိမုတ္တိယာ။

ဣမံ သော ပရိတ္တံ ကတ္ဝာ၊ မောရော ဝါသ' မကပ္ပယိ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၃၉။ သဒ္ဓိရတန' မုပ္ပေဓော၊ **တီသော** လောကဂ္ဂနာယကော။
အနုပမော အသဒိသော၊ အတုလော ဥတ္တမော ဇိနော။

၄၀။ ဝဿသတ သဟဿာနိ၊ အာယု တဿ မဟေသိနော။
အာရောဂျဉ္စ မဟာသုခံ၊ ဟောတု နော တဿ တေဇသာ။

၃၉။ **တီသ**မြတ်စွာဘုရားသည် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန် ဖြစ်တော်မူ၏၊ နှိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ ကိုယ်တော်နှင့် တူသူရှိတော်မမူ၊ တုဘက်ပြိုင်ဘက် ကင်းတော်မူ၏၊ မွန်မြတ်တော်မူ၏၊ အတောင်ခြောက်ဆယ် အရပ်မြင့်တော်မူ၏။

၄၀။ ထိုတိဿမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်တသိန်းရှည်တော် မူ၏၊ **ဗိတောက်ပင်**ရင်းခံ့ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုတိဿ မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကြောင့် အကျွန်ုပ်တို့အား အနာရောဂါ ကင်းလွတ်ခြင်း၊ စီးပွားချမ်းသာ ကြီးပွားခြင်းသည် ဖြစ်ပါစေဘုရား။ (၂၀)



၂၁။ ဖုဿဘုရား ဗုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၂၁) ဖုဿဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ဖုဿော စ သမ္မုဒ္ဓေါ၊ ဝေနေယျကြာ ပဒုမ္မာကို သစ္စာလေးထွေ လင်းပွင့်စေသဖြင့် နေအာဒိစ္စ နှိုင်းပုံပြသား ဖုဿတွင်ခေါ် မြတ်ဇနော် ပါတကား။

(က) **ဖုဿမြတ်စွာဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်း တန်းတွင် ကာသိကမြို့တော် ခမည်းတော် ဇယသေနမင်း မယ်တော် သီရိမာတို့မှ ဖွားမြင်ကာ မိဖုရား ကီသာဂေါတမီနှင့် လက်ဆက်၍ သားတော် အနုပမမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီးလေးပါး ကိုဖြင်၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လ ကျင့်ပြီး သျှိသျှားပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေ သည်တကား။

(ခ) **ထိုဖုဿမြတ်စွာဘုရားရှင်သည်** အရပ်တော် အတောင် (၅၈) တောင် အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေ တော်မူခဲ့ပါပေ သည်တကား။

(ဂ) **ထိုဖုဿမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်ကြသော သုရက္ခိတမထေရ်နှင့် ဓမ္မသေနမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော စာလာထေရီနှင့် ဥပစာလာထေရီ၊ အလုပ်အကျွေးဖြစ်သော သဘိယ မထေရ်၊ ဓနဉ္ဇယ နှင့်ဝိသာခဒါယကာ၊ ပဒုမာနှင့် နာဂါဒါယိကာမ တို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပ

http://www.dhammadownload.com

စေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ သေနာအမည်ရှိသော အရမ်ကြီး အတွင်း၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) အတုမရှိသော အခြံအရံ ဂုဏ်သတင်း ကျော်စောခြင်းရှိတော်မူသော **ထိုဖုဿမြတ်စွာဘုရားရှင် သည်လည်း** သတ္တဝါများစွာတို့ကို ဆုံးမသြဝါဒ ပေးတော်မူ၍ လူ, နတ်, ဗြဟ္မာ သတ္တဝါများစွာတို့ကို သံသရာ ဝင်္ဆုဆင်းရဲမှ နိဗ္ဗာန်တစ်ဖက်ကမ်းသို့ ကယ်တင်ပို့ဆောင်ပြီးလျှင် တပည့်သာဝကများနှင့် အတူတကွ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းတော်မူခဲ့လေပြီတကား။

၂။ ရှိခိုးခြင်း

ဖုဿော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဋ္ဌာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဖုဿ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

တထာဂတဿ အဘိဟဋ္ဌဘိက္ခာသခေ်ပေနဝါ နိဗဒ္ဓဒါနဿ အပိုတဝတ္တ သခေ်ပေနဝါ ပရိစ္စတ္တာနံ စတုန္နံ ပစ္စယာနံ =နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

ဗုဒ္ဓါနံ ဇိဝိတဿ = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယဝါ = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု၊ ဣတိ ဣမေသံ စတုန္နံ

http://www.dhammadownload.com

နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၃။ ဆုတောင်းခြင်း

၄၁။ အဌပဏ္ဏာသ ရတနော၊ **ဖုသော** လောကဂ္ဂနာယကော။
ဇနမ္ပဒံ ဝိဟာခေန္တော၊ နိဗ္ဗာပေန္တော သဒေဝကေ။
၄၂။ နဝူတိ ဝဿသဟဿာနိ၊ ဌတ္ဝာ လောကေ မဟာယသော။
ဥဒ္ဓရန္တော ဗဟူ သတ္တေ၊ သဒါ သောတ္ထိ ကရောတု နော။

၄၁။ **ဖုဿ**မြတ်စွာဘုရားသည် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန် ဖြစ်တော်မူ၏၊ ငါးဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ဝေနေယျသတ္တဝါ ဟူသော ကြာငုံကို သစ္စာလေးပါးကို သိမြင်စေသဖြင့် ပွင့်စေတော်မူ၏၊ နတ်နှင့်တကွသော လူတို့ကို ငြိမ်းအေးစေတော်မူ၏။

၄၂။ လောကဌ် အနှစ်ကိုးသောင်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူလျက် များစွာသောသတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်ကယ်တင် တော်မူ၏၊ များမြတ်သော အခြံအရံ အကျော်အစော ရှိတော်မူ၏၊ **ရှိရှားပင်**ရင်းဌ် ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရား အဖြစ်သို့ ရောက်တော်မူသော ထိုဖုဿမြတ်စွာဘုရားသည် အကျွန်ုပ် တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၂၁)



၂၂။ ဝိပဿီဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၂၂) ဝိပဿီဘုရား

၁၊ ဗုဒ္ဓဝင်သမိုင်း

ဝိပဿီ၊ ခုနှစ်ယူဇနာ သမန္တာဝယ် ခြောက်ဖြာရောင်ဓာတ် ခြည်လျှံ ဟပ်သား ဝိပဿီခေါ် မြတ်ဇိနော်ပါတကား။

(က) **ဝိပဿီမြတ်စွာဘုရားရှင်**သည် သာရကမ္ဘာ၌ အနှစ်(၈)သောင်း တန်းတွင် ဗန္ဓုမတီမြို့တော် ခမည်းတော် ဗန္ဓုမမင်း မယ်တော် ဗန္ဓုမတီတို့မှ ဖွားမြင်ကာ မိဖုရား သုဒဿနာနှင့် လက်ဆက်၍ သားတော် သမဝတ္တကုန္ဓ မင်းသား မွေးဖွား လာသောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ ရထားယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး သခွတ်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည် တကား။

(ခ) **ထိုဝိပဿီမြတ်စွာဘုရားရှင်သည်** အရပ်တော် အတောင် (၈၀) အမြင့်ဆောင်လျက် ထက်ဝန်းကျင် (၇)ယူဇနာ အရပ်တိုင်အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေ တော် မူခဲ့ပါပေသည်တကား။

(ဂ) **ထိုဝိပဿီမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်ကြသော ခဏ္ဍာမထေရ်နှင့် တိဿမထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော စန္ဒာထေရီ နှင့် စန္ဒမိတ္တာထေရီ၊ အလုပ်အကျွေးဖြစ်သော အသောကမထေရ်၊ ပုနဗ္ဗသု မိတ္တ နှင့် နာဂဒါယကာ၊ သီရိမာ နှင့် ဥတ္တရာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မ သုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပစေလျက် ဝေနေယျ

http://www.dhammadownload.com

များစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ သုမိတ္တာရာမ ကျောင်းတိုက်အတွင်း၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) **ထိုဝိပဿီမြတ်စွာဘုရား၏** မြတ်သောတန်ခိုးတော်၊ မြတ်သော ဘုန်းတော် စက်လက္ခဏာနှင့်လက္ခဏာ တော်ကြီးငယ် အသွယ်သွယ် စသည်တို့ဖြင့် တန်ဆာဆင်ယင်အပ်သည့် မြတ်သော ရူပကာယခန္ဓာ ကိုယ်တော် အားဖြင့် ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သခ်ါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ဝိပဿီ ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တာပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဝိပဿီ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟာရာနံ စတုန္နံ ပစ္စယာနံ = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

ဗုဒ္ဓါနံ အာယုနော=နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

ဗုဒ္ဓါနံ ဒွတ္တိံသမဟာပုရိသလက္ခဏာနံ, အသီတိယာ အနုဗျဉ္ဇနာနံဝါ=နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန

http://www.dhammadownload.com

တထာ မေ ဟောတု။

ဗုဒ္ဓရံသီနံ=နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

ဣတိ ဣမေသံ စတုန္နံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၃။ ဆုတောင်းခြင်း

၄၃။ အသီတိ ရတနုဗ္ဗေဓော၊ **ဝိပဿီ** လောကနာယကော။
ပဘာ နိဒ္ဓါဝတေ တဿ၊ သမန္တာ သတ္တ ယောဇနေ။

၄၄။ သောပိ ဒေဝမနုဿာနံ၊ ဗန္ဓနာ ပရိမောစယိ။
အသီတိသဟဿာယုကော၊ နာထော သောတ္ထိံ ကရောတု နော။

၄၃။ **ဝိပဿီ**မြတ်စွာဘုရားသည် လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူ၏၊ အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ ထိုဝိပဿီမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် အရပ်ထက်ဝန်းကျင်မှ ခုနှစ်ယူဇနာတိုင်အောင် နေ့ညဉ့်မစဲ အမြဲမပြတ် ကွန့်မြူးထွက်ကြွတော်မူ၏။

၄၄။ ထိုဝိပဿီမြတ်စွာဘုရားသည် အနှစ်ရှစ်သောင်း အသက်ရှည်တော်မူ၏၊ နတ်၊ လူတို့ကို ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်စေတော်မူ၏ **သခွပ်ပင်** ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုဝိပဿီမြတ်စွာဘုရားသည် အကျွန်ုပ် တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၂၂)



၂၃။ သိခီဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၂၃) သီခိဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

သီခီ၊ ယူဇနာသုံးရပ် မိုးမြေစပ်အောင် ထိန်လျှပ်ရောင်ခြည် လင်းလင်း စည်သား သီခီတွင်ခေါ် မြတ်ဇနော်ပါတကား။

(က) **သီခီမြတ်စွာဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၇)သောင်းတန်းတွင် အရဏဝတီမြို့တော် ခမည်းတော် အရဏမင်း မယ်တော် ပဘာဝတီတို့မှ ဖွားမြင်ကာ မိဖုရား သဗ္ဗကာမာနှင့် လက်ဆက်၍ သားတော်အတုလ မင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီးလေးပါး ကိုဖြင့်၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လ ကျင့်ပြီး သရက်ဖြူပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) **ထိုသီခီမြတ်စွာဘုရားရှင်သည်** အရပ်တော်အတောင် (၇၀)အမြင့် ဆောင်လျက် ထက်ဝန်းကျင် (၃)ယူဇနာ အရပ်တိုင်အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်း အဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေ တော်မူခဲ့ပါပေသည်တကား။

(ဂ) **ထိုသီခီမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်ကြသော အဘိဘူ မထေရ်နှင့် သမ္ဘဝမထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော သခီလာထေရီနှင့် ပဒုမာထေရီ၊ အလုပ်အကျွေးဖြစ်သော ခေမင်္ကရမထေရ်၊ သီရိဝမုနှင့် နန္ဒဒါယကာ၊ စိတ္တာ နှင့် သုဂုတ္တာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပစေလျက် ဝေနေယျများစွာ

http://www.dhammadownload.com

သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွား သကဲ့သို့ အဿာရာမ ကျောင်းတိုက်အတွင်း၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေ ပြီတကား။

(ဃ) နီမြန်းသော လက်သည်းတော် ခြေသည်းတော် အစရှိသည့် လက္ခဏာတော်ငယ် (၈၀)တို့နှင့် ပြည့်စုံသော၊ (၃၂)ပါးသော မဟာပုရိသ လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်အပ်သော **ထိုသီဒိမြတ်စွာဘုရား၏** ရူပကာယ ခန္ဓာကိုယ်တော် ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွား ခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သခါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

သီဒီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တာပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သီဒီ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

ကိုမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သတ္ထုံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂံ ဉာဏာနုပရိဝတ္တံ၊ သတ္ထုံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂံ ဉာဏာနုပရိဝတ္တံ၊ သတ္ထုံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂံ ဉာဏာနုပရိဝတ္တံ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၄၅။ သတ္တတီဟတ္ထ' မုဗ္ဗေဓော၊ **သိခီ** နာမေသ နာယကော။
ပဘာ နိဒ္ဓါဝတေ တဿ၊ သမန္တာ ယောဇနတ္တယေ။

၄၆။ သောပိ အတုလျော သမ္ဗုဒ္ဓေါ၊ သတ္တတီ သဟဿာယုကော။
ကရောတု နော မဟာသန္တီ၊ သုခိတာ စ မယံ သဒါ။

၄၅။ **သိခီ**မြတ်စွာဘုရားသည် အတောင်ခုနှစ်ဆယ် အရပ်မြင့်တော်မူ၏၊ ထိုသိခီမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် အရပ်ထက်ဝန်းကျင်မှ သုံးယူဇနာ တိုင်အောင် ကွန့်မြူးထွက်ကြွတော်မူ၏။

၄၆။ အနှစ်ခုနှစ်သောင်း အသက်ရှည်တော်မူ၏၊ တုဘက်ပြိုင်ဘက်ကင်းတော်မူ၏။ **သရက်ဖြူပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသိခီမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကြီးမြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား၊ အကျွန်ုပ်တို့သည် အခါခပ်သိမ်း စီးပွားချမ်းသာခြင်းနှင့် ပြည့်စုံရပါလိုကုန်၏ ဘုရား။ (၂၃)



၂၄။ ဝေဿဘူဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၂၄) ဝေဿဘူဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ဝေဿဘူ၊ ငါးချက်သောမာရ် တွင်းပရန်ကို တွန်းလှန်ထိန့်ဆူ အောင်ပွဲယူသား ဝေဿဘူခေါ် မြတ်ဇီနော်ပါတကား။

(က) **ဝေဿဘူမြတ်စွာဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၆)သောင်း တန်းတွင် အနောမမြို့တော် ခမည်းတော် သုပ္ပတီတမင်း မယ်တော် ယသဝတီ တို့မှ ဖွားမြင်ကာ မိဖုရား သုစိတ္တာနှင့် လက်ဆက်၍ သားတော် သုပ္ပဗုဒ္ဓမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ ရွှေထမ်းစင်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လကျင့်ပြီး အင်ကြင်းပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည် တကား။

(ခ) **ထိုဝေဿဘူမြတ်စွာဘုရားရှင်သည်** အရပ်တော်အတောင် (၆၀) အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်း အဝေးကြီး (၃)ကြိမ်ကျင်းပပြီး လူနတ်ပြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူခဲ့ပါပေသည်တကား။

(ဂ) **ထိုဝေဿဘူမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်ကြသော သောဏမထေရ်နှင့် ဥတ္တရမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော ရာမာထေရီနှင့် သမာလာထေရီ၊ အလုပ်အကျွေးဖြစ်သော ဥပသန္တမထေရ်၊ သောတ္ထိကနှင့် ရမ္ဘဒါယကာ၊ ဂေါတမီနှင့် သိရိမာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်း တောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး

http://www.dhammadownload.com

မီးပုံကြီး ငြိမ်းသွားသကဲ့သို့ ခေမာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) ဗြဟ္မာနတ်လူအပေါင်းတို့ ညွှတ်ညောင်းပူဇော် ဖူးမြော်ထိုက်သည့် **ဝေဿဘူမြတ်စွာဘုရားနှင့်**တကွ တပည့်သာဝကဟုဆိုအပ်သော ဘုရား ရဟန္တာတည်းဟူသော အလုံးစုံသော ပုဂ္ဂိုလ်မြတ်တို့သည်၄င်း ထိုဝေဿဘူ မြတ်စွာဘုရား၏ ဣရိယာပထ မျှတတော်မူရာ ကျောင်းတော်အဆောင်သည်၄င်း ဤအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သခ်ၤါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသား ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ဝေဿဘူ ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဝေဿဘူ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုးရှိခိုးပါ၏။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊ နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေဿနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊ နတ္ထိ ဒဝါ။ နတ္ထိ ရဝါ။ နတ္ထိ အပ္ပဋိဟတံ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသခ်ၤါ နုပေက္ခာ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၄၇။ **ဝေဿဘူ** နာမ သမ္ဗုဒ္ဓေါ၊ ဟေမရူပ သမူပမော။
သဋ္ဌီရတန' မုဗ္ဗေဓော၊ သဋ္ဌီ စ သဟဿာယုကော။

၄၈။ ဗြဟ္မဒေဝ မနုဿေဟိ၊ နာဂါသုရ ဒိဇေဟိ ဝါ။
ပူဇိတောပိ သဒါ နာထော၊ သဒါ သောတ္ထိံ ကရောတု နော။

၄၇။ **ဝေဿဘူ**မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်း ရှိတော်မူ၏၊ အတောင် ခြောက်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်ခြောက် သောင်း အသက်ရှည်တော်မူ၏။

၄၈။ ဗြဟ္မာ၊ နတ်၊ လူ၊ နဂါး၊ အသုရာ၊ ဂဋ္ဌုန်တို့ အခါခပ်သိမ်း ပူဇော် သက္ကာရ ပြုအပ်၏၊ **အင်ကြင်းပင်**ရင်း၌ ရန်မျိုးစုံကိုအောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ရောက်တော်မူသော ထိုဝေဿဘူ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသားခြင်းကို ပြုတော်မူပါဘုရား။ (၂၄)



၂၇။ ကကုသန်ဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com

(၂၅) ကကုသန်ဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ကကုသန္ဓော၊ ဆယ်နှစ်မှန်စွာ ယူဇနာဝယ် မကွာနီစွ ရောင်လှိုပသား ကကုသန်ခေါ် မြတ်ဇိနော်ပါ တကား။

(က) **ကကုသန်မြတ်စွာဘုရားရှင်**သည် ဘဒ္ဒကမ္ပာ၌ အနှစ်(၄)သောင်း တန်းတွင် ခေမဝတီမြို့တော် ခမည်းတော် အဂ္ဂိဒတ္တပုဏ္ဏား မယ်တော် ဝိသာခါတို့မှ ဖွားမြင်ကာ မိဖုရား ရောစိနီနှင့် လက်ဆက်၍ သားတော် ဥတ္တရ မင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ ရထား ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး ကုက္ကိုပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည် တကား။

(ခ) **ထိုကကုသန်မြတ်စွာဘုရားရှင်သည်** အရပ်တော်အတောင် (၄၀) အမြင့်ဆောင်လျက် ထက်ဝန်းကျင် (၁၀)ယူဇနာအရပ်တိုင်အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး (၁)ကြိမ်ကျင်းပပြီး လူနတ်ဗြဟ္မာ သတ္တဝါ တို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်စေတော် မူခဲ့ပါပေသည်တကား။

(ဂ) **ထိုကကုသန်မြတ်စွာဘုရားရှင်**သည် အဂ္ဂသာဝကဖြစ်ကြသော ဝိဓုရမထေရ်နှင့် သဉ္ဇီဝမထေရ်၊ အဂ္ဂသာဝိကာမဖြစ်ကြသော သာမာ ထေရီနှင့် စမ္ပာထေရီ၊ အလုပ်အကျွေးဖြစ်သော ဗုဒ္ဓိဇမထေရ်၊ အစ္စုတနှင့် သုမနဒါယကာ၊ နန္ဒာနှင့် သုနန္ဒာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်း တောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွား

http://www.dhammadownload.com

သကဲ့သို့ ခေမာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။
(ဃ) သန့်ရှင်းခြင်း သာယာခြင်း သိလွယ်ခြင်း နာချင်ဖွယ်ရှိခြင်း ဖရိုဖရဲ မကွဲခြင်း လုံးလုံးလျောင်းလျောင်း ရှိခြင်း နက်နဲခြင်း ပဲ့တင်ထပ်ခြင်း ဟူသော အင်္ဂါရှစ်ပါးရှိသော စကားသံနှင့်ပြည့်စုံတော်မူသော ထိုကကုသန် **မြတ်စွာဘုရားသည်ငင်း၊** ကာလမပြတ် အကြားအပေါက် အပြောက်ကင်းသည့် သီလဂုဏ်နှင့် ပြည့်စုံတော်မူကြသည့် တပည့်ရဟန္တာ သာဝက အစုံ အစရှိသည်တို့သည်ငင်း ဤအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်သွား ခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးသား ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ကကုသန္ဓော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ကကုသန်**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

သမ္မုဒ္ဓေ အဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါလုကာ ဂင်္ဂါ။ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။
သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၄၉။ တာလီသ ရတနုဗွေဓော၊ **ကကုသန္ဓော** မဟာမုနိ။
တဿ ကာယာ နိစ္ဆရန္တိ၊ ပဘာ ဒွါဒသ ယောဇနေ။

၅၀။ စတ္တာလီသ သဟဿာနိ၊ တဿ အာယု အနုတ္တရော။
ကရောတု သော သဒါ နာထော၊ အာယုံ သုခံ ဗလဥ္စ နော။

၄၉။ **ကကုသန်**မြတ်စွာဘုရားသည် အတောင်လေးဆယ် အရပ်မြင့်တော်မူ၏၊ ထိုကကုသန် မြတ်စွာဘုရား၏ ကိုယ်တော်မှဖြစ်သော ရောင်ခြည်တော်တို့သည် တဆဲ့နှစ်ယူဇနာအရပ်တိုင်အောင် ပြိုးပြိုးပြက်ပြက် ကွန့်မြူးထွက်ကြွ တော်မူကုန်၏။

၅၀။ ထိုကကုသန်မြတ်စွာဘုရား၏ အသက်တော်သည် အနှစ်လေးသောင်း ရှည်တော်မူ၏၊ အတုမရှိ မြတ်တော်မူ၏၊ **ကုက္ကိုပြင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုကကုသန် မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း အသက်ရှည်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းကို ပြုတော်မူပါဘုရား။ (၂၅)



၂၆။ ကောဏာဂုမ်ဘုရား ပုဒ္ဓဝင်သမိုင်းဝန္ဒနာ

http://www.dhammadownload.com

http://www.dhammadownload.com



နိဂြောဓာရုံ ကောင်းကင်၌ ဘုရားရှင် တန်ခိုးပြစဉ်



ဗုဒ္ဓဝံသကို ဟောကြားရာ နိပေါနိုင်ငံမှ နိဂြောဓာရုံကျောင်း

http://www.dhammadownload.com



နိကြောဓာရုံကျောင်းတွင်းမှ ရေကန်



ဘုရားခြေတော်ရာလှူရာ မြန်မာဗုဒ္ဓဘာသာ ပညာရေးဗိမာန်ကျောင်း

http://www.dhammadownload.com



လှရတနာဆရာတော် ဗုဒ္ဓဝံသပါဠိတော်သင်တန်း ပို့ချစဉ်



ဗုဒ္ဓဝံသပါဠိတော်သင်တန်းသားများ

http://www.dhammadownload.com



ဗုဒ္ဓဝံသပါဠိတော်သင်တန်းဆင်းပွဲ (၂၆-၁၀-၂၀၁၄)



ဗုဒ္ဓဝံသပါဠိတော် သင်တန်းသူ/သားများ

http://www.dhammadownload.com



တောင်ငူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်ပွဲ



ထားဝယ်မြို့ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်ပွဲ

http://www.dhammadownload.com



တောင်ဂူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်ပွဲ



မကြီးရတနာ သိမ်ကျောင်းတော်ကြီး

http://www.dhammadownload.com



ရွှေတိဂုံပုထိုးတော်



ဗုဒ္ဓဂယာသို့ ခြေတော်ရာလှူသည့် ဘုရားဖူးများ

http://www.dhammadownload.com



ဓမ္မဒါနကုသိုလ်ရှင် မကြီး၊ မစမ်းအေး မိသားစု



ဓမ္မဒါနကုသိုလ်ရှင် (ဒေါ်ယဉ်နု) သိန်းသန်းဦးပုံနှိပ်တိုက် မိသားစု

http://www.dhammadownload.com

(၂၆) ကောဏာဂုံဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ကောဏာဂမနော၊ ဘဒ္ဒမည်သာ ဤကမ္ဘာဝယ် ဒုတိယာဒိစ္စ ပွင့်ထွန်းပသား ကောဏာဂုံခေါ် မြတ်ဇိနော်ပါတကား။

(က) **ကောဏာဂုံမြတ်စွာဘုရားရှင်**သည် ဘဒ္ဒကမ္ဘာ၌ အနှစ်(၃) သောင်း တန်းတွင် သောဘဝတီမြို့တော် ခမည်းတော် ယညဒတ္တပုဏ္ဏား မယ်တော် ဥတ္တရာတို့မှ ဖွားမြင်ကာ မိဖုရား ရုစိဂတ္တာနှင့် လက်ဆက်၍ သားတော် သတ္တဝါဟမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါး ကိုမြင်၍ ဆင်ယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လ ကျင့်ပြီး ရေသဖန်းပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) **ထိုကောဏာဂုံမြတ်စွာဘုရားသည်** အရပ်တော်အတောင်(၃၀) အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး(၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး(၁)ကြိမ်ကျင်းပပြီး၊ လူနတ်ဗြဟ္မာ သတ္တဝါ တို့အား သစ္စာ လေးပါး၊ မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော် မူခဲ့ပါပေသည်တကား။

(ဂ) **ထိုကောဏာဂုံမြတ်စွာဘုရားသည်** အဂ္ဂသာဝကဖြစ်ကြသော ဘိယျသမထေရ်နှင့် ဥတ္တရမထေရ် အဂ္ဂသာဝိကာမ ဖြစ်ကြသော သမုဒ္ဒါ ထေရီနှင့် ဥတ္တရာထေရီ၊ အလုပ်အကျွေးဖြစ်သော သောတ္ထိဇမထေရ်၊ ဥဂ္ဂနှင့် သောမဒေဝ ဒါယကာ၊ သီဝလာနှင့် သာမာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်းတောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး

http://www.dhammadownload.com

မီးပုံကြီး ငြိမ်းသွားသကဲ့သို့ ပဗ္ဗတာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ဃ) မြတ်သောတန်ခိုး၏ တင့်တယ်စမ္ပယ် ကွန့်မြူးခြင်းသို့ ရောက်တော်မူသော ကောဏာဂုံမြတ်စွာဘုရား၏ တပည့်သားသာဝက အပေါင်းသည်လည်းကောင်း၊ လောကုတ္တရာတရားကို ထင်ရှားဟောပြတော်မူသော **ကောဏာဂုံ မြတ်စွာဘုရားသည်လည်းကောင်း၊** ဤအလုံးအစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ။ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သခီါရတို့သည် ခိုင်မြဲသော အနှစ်သာရမရှိ အချည်းနှီးသာ ဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ကောဏာဂမနော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဋာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ကောဏာဂုမ်**) မြတ်စွာဘုရား ကိုယ်တော်မြတ် အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဝါတံ ဝဿဥ္စ ပါသာဏံ၊ အာဝုဓံ ဝါဋုကံ တထာ။
ကုက္ကုဋ္ဌံ ကလလင်္ဂါရံ၊ အန္ဓကာရန္တိ မေ နဝ။
သတ္ထေ မာရေန ဝိဿဋ္ဌေ၊ ဝိဇယန္တံ ဇိနံ နမေ။
အဟမ္ပိ တေန ပုညေန၊ ဝိဇေယျံ သဗ္ဗမာယုဓေ။
ဣစ္ဆန္တော သာသပဂဗ္ဘေ၊ စင်္ကမာမိ ဣတော စိတော။
ဣစ္ဆန္တော လောကဓာတုမ္ပိ၊ အတ္တဘာဝေန ဆာဒယေ။

http://www.dhammadownload.com

၃။ ဆုတောင်းခြင်း

၅၁။ **ကောဏာဂမန** သမ္မုဒ္ဓေါ၊ တိဿဟတ္ထ သမုဂ္ဂတော။
တိသဝဿ သဟဿာနိ၊ အာယု တဿ မဟေသိနော။

၅၂။ ဓမ္မာမတေန တပ္ပေတာ၊ ဒေဝသံဃံ သုရာလယေ။
မဟီတလေစ ဇနတံ၊ သဒါ သောတ္ထိ ကရောတု နော။

၅၁။ **ကောဏာဂုံ**မြတ်စွာဘုရားသည် အတောင်သုံးဆယ် အရပ်မြင့်တော် မူ၏။ ထိုကောဏာဂုံမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်သုံးသောင်း ရှည်တော်မူ၏။

၅၂။ နတ်ပြည်၊ ဗြဟ္မာပြည်၌ နတ်၊ ဗြဟ္မာအပေါင်းကိုဌင်း လူပြည် မြေအပြင်၌ လူအပေါင်းကိုဌင်း တရားတော်ဟူသော အမြိုက်သုဓာဖြင့် နှစ်သိမ့် ရောင့်ရဲတော် မူစေ၏၊ **ရေသဖန်းပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော မူသော ထိုကောဏာဂုံ မြတ်စွာ ဘုရားသည် အကျွန်ုပ်တို့အား အခါခပ် သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၂၆)



ဒေဒဝ:ဘုဓ္ဓဏ္ဍဝဝဝ်ဂ :ထိယဂဏ္ဍယ ။ပါ

ဒေဒဝ:ဘုဓ္ဓဏ္ဍဝ(ထုပ်ထုပ်)

http://www.dhammadownload.com

http://www.dhammadownload.com

(၂၇) ကဿပဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ကဿပေါစာပိ၊ နွယ်တော်ဝံသ ကဿပဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားပါတကား။

(က) **ကဿပမြတ်စွာဘုရားရှင်**သည် ဘဒ္ဒကမ္ပာ၌ အနှစ်(၂)သောင်း တန်းတွင် ဗာရာဏသီမြို့တော် ခမည်းတော် ဗြဟ္မဒတ္တပုဏ္ဏား မယ်တော် ဓနဝတီတို့မှ ဖွားမြင်ကာ မိဖုရား သုနန္ဒာနှင့် လက်ဆက်၍ သားတော် ဝိဇိတ သေနမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ ပြာသာဒ်ယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက် ကျင့်ပြီး ပညောင်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

(ခ) ထို**ကဿပမြတ်စွာဘုရားရှင်**သည် အရပ်တော် အတောင်(၂၀) အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး(၃)ကြိမ်၊ သာဝက သန္နိပါတ အစည်းအဝေးကြီး(၁)ကြိမ်ကျင်းပပြီး၊ လူနတ်ဗြဟ္မာ သတ္တဝါ တို့အား သစ္စာ လေးပါး၊ မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော် မူခဲ့ပါပေသည်တကား။

(ဂ) ထို**ကဿပမြတ်စွာဘုရား**သည် အဂ္ဂသာဝကဖြစ်ကြသော တိဿ မထေရ်နှင့် ဘာရဒ္ဒါဇမထေရ် အဂ္ဂသာဝိကာမဖြစ်ကြသော အနုဠာထေရီ နှင့် ဥရုဝေဠာထေရီ၊ အလုပ်အကျွေးဖြစ်သော သဗ္ဗမိတ္တမထေရ်၊ သုမင်္ဂလ နှင့် ဃဋီကာရဒါယကာ၊ ဝိဇိတသေနာနှင့် ဘဒ္ဒါဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်းတောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး

http://www.dhammadownload.com

မီးပုံကြီး ငြိမ်းသွားသကဲ့သို့ သေတဗျာရာမ ကျောင်းတိုက် ၌ပရိနိဗ္ဗာန်ပြု တော်မူခဲ့လေပြီတကား။

(ဃ) မန္နိုင်းယှဉ်အပ်သော ဂုဏ်တော်တို့၏ တည်ရာဖြစ်၍ သူတပါးတို့ ထိပါးရန် ချဉ်းကပ်ဝံ့ခဲစွာသော **ထိုကဿပ မြတ်စွာဘုရားရှင်သည် လည်းကောင်း**၊ ထိုမြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူအပ်သည် ဖြစ်၍ လာလှည့်၊ ရှုလှည့်၊ ကျင့်ကြံလှည့်ဟူ၊ ရဲရဲရင့်ရင့် ဖိတ်ခေါ်ပြောဆို စီမံခြင်းငှာ ထိုက်သင့်လှစွာသော ထိုတရားရတနာတော်မြတ်သည်လည်းကောင်း၊ ထိုတရားရတနာကို ကောင်းစွာကျင့်ကြံသူဖြစ်၍ အလွန်မြတ်လှစွာသော တပည့်သား သာဝကများစွာ သံဃာရတနာသည်လည်းကောင်း၊ ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီး၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သခ်ါရတို့သည် ခိုင်မြဲသော အနှစ်သာရမရှိ အချည်းနှီးသာဖြစ်ကုန်စွတကား။

၂။ ရှိခိုးခြင်း

ကဿပေါ ဗုဒ္ဓေါ ဘဂဝေါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ကဿပ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုးရှိခိုးပါ၏။

အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။
ဧဝံ ဝိသေသတော ဉ တွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။

http://www.dhammadownload.com

အပွမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။
တေ စျာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ မီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။
ဥဋ္ဌာနဝတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊ အပွမတ္တဿ ယသော ဘိဝဍ္ဎတိ။

၃။ ဆုတောင်းခြင်း

၅၃။ **ကဿပေါ** နာမ သမ္ဗုဒ္ဓေါ၊ ဓမ္မရာဇာ ပဘင်္ကရော။
ဝိသတီဟတ္ထ' မုဒ္ဓေဓော၊ ဝိသဿဟဿ အာယုကော။
၅၄။ အနူပမော' သမသမော၊ ဒေဝသတ္ထာ အနုတ္တရော။
ကရောတု နော မဟာသန္တိံ၊ အာရောဂျဉ္စ ဇယံ သဒါ။

၅၃။ **ကဿပ**မြတ်စွာဘုရားသည် တရားမင်းဖြစ်တော်မူ၏၊ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ကို ပြုတော်မူ၏၊ အတောင်နှစ်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်နှစ်သောင်း အသက်ရှည်တော်မူ၏။

၅၄။ နှိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ တူသူမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူ၏၊ နတ်၊ ဗြဟ္မာတို့ဆရာ ဖြစ်တော်မူ၏၊ အတုမရှိမြတ်တော်မူ၏၊ **ပညောင်ပင်**ရင်းခံ့ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုကဿပမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မွန်မြတ်သောငြိမ်သက်ချမ်းသာခြင်း၊ အနာ ရောဂါကင်းခြင်း၊ ရန်အပေါင်းအောင်မြင်ခြင်းကို ပြုတော်မူပါဘုရား။ (၂၇)

http://www.dhammadownload.com



ဖြန်ဖြီးသူ ဗုဒ္ဓဝင်ရာဇဝင်ရာ ၁၀ ဒေါတမာဇာတ်

http://www.dhammadownload.com

(၂၈) ဂေါတမဘုရား

၁။ ဗုဒ္ဓဝင်သမိုင်း

ဂေါတမော၊ မဟာသမ္မတ အာဒိစ္စဂိုဏ်း ကွန်ဒဲ့လျိုင်း၍ အတိုင်း မသိ ကျေးဇူးရှိသည့် မုနိသက္ခ ဂေါတမဟု လောကတန်ဆောင် မြတ်ဘုန်းခေါင်ပါတကား။

(က) **ဂေါတမမြတ်စွာဘုရားရှင်**သည် ဘဒ္ဒကမ္ဘာ၌ အနှစ်တစ်ရာ တန်းတွင် ကပိလဝတ်မြို့တော် ခမည်းတော် သုဒ္ဓေါဒနမင်း မယ်တော် မဟာ မာယာတို့မှ ဖွားမြင်ကာ မိဖုရား ယသောဓရာနှင့်လက်ဆက်၍ သားတော် ရာဟုလာ မင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီးလေးပါး ကိုမြင်၍ မြင်းယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)နှစ် ကျင့်ပြီး ညောင်ဗုဒ္ဓဟေ ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည် တကား။

(ခ) **ထိုဂေါတမမြတ်စွာဘုရားရှင်သည်** အရပ်တော် အတောင် (၁၈) တောင် အမြင့်ဆောင်လျက် ထက်ဝန်းကျင် တလံမျှတိုင်အောင် ရောင်ခြည်တော်များ ပျံ့နှံ့ထွက်ကာ ဓမ္မာဘိသမယ တရားပွဲကြီး(၃)ကြိမ် သာဝက သန္နိပါတအစည်းအဝေးကြီး(၁)ကြိမ် ကျင်းပပြီး လူ,နတ်,ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေ တော်မူခဲ့ပါပေသည် တကား။

(ဂ) **ထိုဂေါတမမြတ်စွာဘုရားရှင်သည်** အဂ္ဂသာဝကဖြစ်ကြ သော အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်၊ အဂ္ဂသာဝိကာမ ဖြစ်ကြသော ခေမာထေရ်ရီနှင့် ဥပ္ပလဝဏ္ဏာထေရ်ရီ၊ အလုပ်အကျွေး ဖြစ်သော အရှင်အာနန္ဒာမထေရ်၊ စိတ္တသူကြွယ်နှင့်

http://www.dhammadownload.com

ဟတ္ထာဠဝကမင်းသား၊ နန္ဒမာတာ သူဌေးကတော်နှင့် ဥတ္တရာ ဒါယိကာမ တို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်း တရားကို ထွန်းလင်းတောက်ပ စေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး၊ မီးပုံကြီး ငြိမ်းသွားသကဲ့သို့ ကုသိနာရုံ ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်ပြု တော်မူခဲ့လေပြီတကား။

(ဃ) **ထိုဂေါတမမြတ်စွာဘုရားရှင်**၏ အတုမရှိသော တန်ခိုး တော်တို့သည်၎င်း ဌာနာဌာနကောသလ္လဉာဏ် စသော ဤဆယ်ပါးသော ဒသဗလဉာဏ်တော် (အခြံအရံ) အားတော် တန်ခိုးတော်တို့သည်၎င်း သုပ္ပတိဋ္ဌိတပါဒတာ-စသော သုံးဆယ့်နှစ်ပါးသော ယောဂျ်ားမြတ် လက္ခဏာ တို့ဖြင့် အထူးဆန်းကြယ်တော်မူသော ဣန္ဒြိယပရော ပရိယတ္တ ဉာဏ်-စသော အသာဓာရဏဉာဏ်တော်-စသည့် ဂုဏ်ကိုဆောင်သော ရူပကာယခန္ဓာ ကိုယ်တော်သည်၎င်း နေမင်းကဲ့သို့ အရပ်ဆယ်မျက်နှာ တို့ကို ထွန်းလင်း တောက်ပသော နီလ,ပီတ-စသော ရောင်ခြည်တော် ခြောက်သွယ်တို့ သည်၎င်း၊ ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်မမှီး အချည်းနှီးတို့သာ ဖြစ်ကြပေ ကုန်စွတကား။

၂။ ရှိခိုးခြင်း

ဂေါတမော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဋ္ဌာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဂေါတမ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

http://www.dhammadownload.com

ဥဋ္ဌာနေနပွမာဒေန၊ သံယမေန ဒမေနစ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နဘိကီရတိ။
အပွမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။
အဗလဿံဝ သီဃသော၊ ဟိတ္ဝာ ယာတိ သုမေဓသော။
အပွမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပွမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။
ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

၃။ ဆုတောင်းခြင်း

၅၅။ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓော၊ **ဂေါတမော** သကျဝဃုနော။
သဗ္ဗညူ သဗ္ဗတိလကော၊ သဗ္ဗလောက သုခပွဒေါ။
၅၆။ သမ္ဗုဒ္ဓေါ သဗ္ဗဓမ္မာနံ၊ ဘဂေဟိ ဘာဂျဝါယုကော။
ဝိဇ္ဇာစရဏသမ္ပန္နော၊ သောတ္ထျာ' ရောဂျံ ဒဒါတု နော။

၅၅။ **ဂေါတမ**မြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ နှစ်သက်မြတ်နိုးခြင်းကို ပွားတိုးစေတော်မူ၏၊ တဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ခပ်သိမ်း သော တရားတို့ကို သိမြင်တော်မူ၏၊ သူခပ်သိမ်းတို့ မှန်ကူသဖွယ် ဖြစ်တော်မူ၏၊ သူခပ်သိမ်းတို့အား ချမ်းသာကို ပေးတော်မူ၏။

၅၆။ ခပ်သိမ်းသော တရားတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူ၏၊ ဘုန်းတော်ခြောက်ပါးနှင့် ယှဉ်တော်မူ၏၊ ဒါန၊ သီလစသည်တို့၏ အထွဋ်အထိပ်သို့ရောက်သော ပါရမီရှိတော်မူ၏၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူ၏၊ **ညောင်ဗုဒ္ဓဟေပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုဂေါတမ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား စီးပွားချမ်းသာခြင်း၊ အနာရောဂါ ကင်းခြင်းကို ပေးတော်မူပါဘုရား။ (၂၈)

http://www.dhammadownload.com

(ဂ) နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်များ

(၁) နှစ်ကျိပ်ရှစ်ဆူ ဂုဏ်စတော် ဘုရားရှိခိုး

၁။ "အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ သေဋ္ဌဇဋ္ဌ အတုလပရမံ အရဟံ ဘဂဝါ သမ္မာသမ္ဗုဒ္ဓ အနုတ္တရ မာရဇိ တိလောကန္တ ဂုဏ် သယမ္ဘုံ ဘဝိဿရ" ဤသို့စသား အသခ္ခေယျ နာမတံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့် ဇမ္ဗူဒိပ်မှတက်၍ ဘဝဂ်တိုင် ကြော်ငြာလျက် ကာမ, ရူပ, အရူပဟု ဩကာသ သုံးရပ် လောကဓာတ်၌ အမြတ်ထက်မြတ် သမုတ် အပ်သော လူနတ်ဗြဟ္မာ မဟာကဝိန် သုခမိန်တို့သည် ပညာန္ဒြရှိတိုင်းဖြင့် ခြားပိုင်းတွက်ကြုံး၍ မဆုံး မကုန်နိုင် မကြံစည်နိုင် မအံ့ဩနိုင် ပြည့်လှိုင် ထွေပြား၊ များပြား ကျယ်ဝန်းသော ကျေးဇူးတော်အပုံ "ဂုဏ်တော်အနန္တ, ဘုန်းတော်အနန္တ, ကံတော်အနန္တ, (ကောင်းကင်အနန္တ, စကြာဝဠာအနန္တ, သတ္တဝါ အနန္တအားဖြင့် ဤအနန္တ သုံးပါးတို့ကို စေ့စပ်စုံလင်စွာ ခွဲခြမ်းဝေဘန်၍ သိမြင်သော) ဉာဏ်တော်အနန္တ, (စကြာဝဠာ ကမ္ဘာမြေမိုး

http://www.dhammadownload.com

ဖြန်းဖြန်းကျိုးမှ) တန်ခိုးတော်အနန္တ"တို့နှင့် ပြည့်စုံတော်မူထသော-

၂။ အလွန်တရာ ပြုကျင့်နိုင်ခဲစွာသော ဒါနပါရမီစသော ပါရမီ (၁၀)ပါး-အပြား (၃၀)+အင်္ဂပရိစ္စာဂ-စသော စွန့်ခြင်းကြီး (၅) ပါး+ ဒါနစသော သင်္ဂဟဝတ္ထု (၄) ပါး+သစ္စာဓိဋ္ဌာန စသော အဓိဋ္ဌာန (၄)ပါး+လောကတ္ထစရိယ ညတတ္ထစရိယ ဗုဒ္ဓတ္ထစရိယ ဟု ဆိုအပ်သော စရိယ (၃) ပါး + ပုဗ္ဗယောဂ ပုဗ္ဗစရိယ ဓမ္မက္ခာန စသော အလုံးစုံသော ကုသိုလ်ကောင်းမှု + သဗ္ဗညုတဉာဏ်၏ အဆောက်အဦး ဖြစ်ကုန်သော ဘုရားအဖြစ်ကို ပြုတတ်ကုန်သော "ပုညသမ္ဘာရ + ဉာဏသမ္ဘာရ + ဗုဒ္ဓတ္တကရတရား" တို့ကို ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းဝယ် သုမေဓာရသေ့ဘဝဖြင့် ဘုရားအဖြစ်ကို ဆုတောင်း၍ နိယတဗျာဒိပ် ပန်းကို ဆင်မြန်းသည်မှ အစပြု၍ လေးအသင်္ချေ နှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဟာနဘာဂိယ, သံကိလေသဘာဂိယ, ဋ္ဌိတိဘာဂိယ မဖြစ်စေပဲ ဥတ္တာရုတ္တာရိ ဝိသေသဘာဂိယ ဖြစ်ပွားအောင် သဗ္ဗညုတဉာဏ် + သက္ကစ္စ + နိရန္တရ + စိရကာလဘာဝနာ တို့ဖြင့် ဖြည့်ကျင့်ဆည်းပူး ပြည့်စုံတော်မူပြီးထသော-

၃။ စိတ်ညစ်ညူးကြောင်း အညစ်အကြေးဖြစ်ကုန်သော- ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော နီဝရဏတရား ငါးပါးတို့ကို ပယ်စွန့်၍ သတိပဋ္ဌာန်တရား လေးပါးတို့၌ ကောင်းစွာထားအပ်သော စိတ်ရှိသည် ဖြစ်၍ ဗောဇ္ဈင်တရား ခုနှစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ သဘောအားဖြင့် ပွားများပြီးလျှင် အတူမရှိ အမြတ်ဆုံးဖြစ်သော **"အရဟတ္တမဂ်ဉာဏ်+သဗ္ဗညုတ ဉာဏ်ဟု ဆိုအပ်သော သမ္မာသမ္ဗောဓိဉာဏ်"**ကို မျက်မှောက်ပြု ထိုးထွင်း၍သိမြင် ရရှိလျက် သဗ္ဗညုတဉာဏ်ထား ရှင်တော်မြတ် ဘုရားအဖြစ်သို့ ရောက်တော် မူထသော

http://www.dhammadownload.com

၄။ ကြီးကျယ်ဖွံ့ဖြိုး အကျိုးများမြတ် ခြီးမွမ်းပူဇော်အပ်သော ကရုဏာဓာတ်၌ မပြတ်အစဉ် ယှဉ်တွဲတော် မူသော **"မဟာ ကရုဏာရှင်"** ဖြစ်တော်မူထသော- ခပ်သိမ်း သော သန်တ-အသန်တတရား၊ သဒ္ဓါရ-ဝိကာရ-လက္ခဏာ-နိဗ္ဗာန်-ပညတ်အားဖြင့် ဥယျဓမ်တရား ငါးပါးဟု ဆိုအပ်သော ခပ်သိမ်းဥဿုံ အလုံးစုံသော တရားတို့ကို သိစရာ မှန်သမျှ မကျန်ရအောင် ထိုးထွင်း၍ သိမြင်တတ်သော **"သဗ္ဗညုတ ဉာဏ်ရှင်"** ဖြစ်တော်မူထသော-သိမ်မွေ့နက်နဲ ခက်ခဲသော တရားဒေသနာကို ဆန်းကြယ်သော နည်း တို့ဖြင့် ပေါ်လွင် ထင်ရှားအောင် ဟောကြားပြသ တော်မူထသော-အဆုံးအပိုင်း အခြား မရှိသော ကမ္ဘာလောကဓာတ် စကြာဝဠာတို့၌ ဖြစ်ကုန်သော အဆုံးအပိုင်း အခြားမရှိသော သတ္တဝါ အားလုံးတို့၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခို အားထားရာအစစ် ကယ်တင်ရှင် ဖြစ်တော်မူထသော-

၅။ လောကသုံးပါး၌ ဗြဟ္မာနတ်လူတို့တွင် တူသောသူဟူ၍ မရှိစ ကောင်း လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်း တို့၏ ဦးခေါင်း ညွတ်လျှိုး ကိုးကွယ် ဆည်းကပ်ရာ မြတ်စွာဘုရား အချင်းချင်းသာလျှင် (၁) ပါရမီ ဖြည့်ကျင့်ရာ ကာလ (၂) အသက်တန်းပမာဏ (၃) ခန္ဓာကိုယ်, လုံးရပ် တော်ပမာဏ (၄)အမျိုးအနွယ် (၅) ဒုက္ကရစရိယာ ကျင့်ရာကာလ (၆) ရောင်ခြည်တော် ထွက်ရာပမာဏ (၇) တောထွက်သောအခါ စီးနင်းသည့် ယာဉ် (၈) ဗောဓိပင် (၉) ပလ္လင်တော် ပမာဏ=ဤကိုးမျိုးမှတစ်ပါး အလုံးစုံသော ဘုန်းတန်ခိုး အာနုဘော် ကျေးဇူးတော် ဂုဏ်တော်တို့မှာ တစုံတရာ ထူးထွေ ခြားနားခြင်း မရှိ၊ ရှေးရှေး သော ဘုရားရှင်တို့၏ အလားအလာအတိုင်း အလွန်တရာ ဖြစ်ပွင့်ခဲစွာဖြင့် ဖြစ်ပွင့်တော် မူလာသော-

http://www.dhammadownload.com

သုံးလောကထွဋ်ထား ဂေါတမရှင်တော်မြတ်ဘုရား အမှူးထား၍ = **"ဝိပဿီ ဘုရားရှင်, သိခီ ဘုရားရှင်, ဝေဿဘူ ဘုရားရှင်, ကကုသန် ဘုရားရှင်, ကောဏာဂုမ်ဘုရားရှင်, ကဿပ ဘုရားရှင်, ဂေါတမ ဘုရားရှင်"**ဟု ဆိုအပ်သော **ခုနစ်ဆူ**ကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ သေလ+ ဘာသ+ဇေယျ+ရုစီ ဟုဆိုအပ်သော လေးအသခ်ျေနှင့် ကမ္ဘာတစ်သိန်း အတွင်း၌ ပွင့်သော= **"တဏှာက်ရာ ဘုရားရှင်, မေဓက်ရာ ဘုရားရှင်, သရဏာက်ရာဘုရားရှင်, ဒီပက်ရာဘုရားရှင်, ကောဏ္ဍညဘုရားရှင်, မင်္ဂလဘုရားရှင်, သုမနဘုရားရှင်, ရေဝတဘုရားရှင်, သောဘိတဘုရားရှင်, အနောမဒဿီဘုရားရှင်, ပဒုမဘုရားရှင်, နာရဒဘုရား ရှင်, ပဒုမုတ္တရဘုရားရှင်, သုမေဓဘုရားရှင်, သုဇာတဘုရားရှင်, ပိယဒဿီဘုရားရှင်, အတ္ထဒဿီဘုရားရှင်, ဓမ္မဒဿီဘုရားရှင်, သိဒ္ဓတ္ထဘုရားရှင်, တိဿဘုရားရှင်, ဖုဿဘုရားရှင်, ဝိပဿီဘုရားရှင်, သိခီဘုရားရှင်, ဝေဿဘူဘုရားရှင်, ကကုသန်ဘုရားရှင်, ကောဏာဂုမ် ဘုရားရှင်, ကဿပဘုရားရှင်, ဂေါတမ ဘုရားရှင်"**ဟု ဆိုအပ်ကုန်သော **နှစ်ကျိပ်ရှစ်ဆူ** (၂၈) ကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့အား ရိုသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

(၂) **မင်းကွန်း တိပိဋကဆရာတော်ကြီး၏**

နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး ဂါထာနိဿယ

(က) တဏှာက်ရော မေဓက်ရော၊ အထောပိ သရဏာက်ရော။
ဒီပက်ရော စ သမ္မဒ္ဒေါ၊ ကောဏ္ဍညော ဒ္ဝိပဒုတ္တမော။

(ခ) မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊ နာရဒေါ ပဒုမုတ္တရော။

http://www.dhammadownload.com

(ဂ) သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော။
အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။
(ဃ) တိဿော ဖုဿော စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါစာပိ ဂေါတမော။
(င) ဧတေ အဟေသုံ သမ္ဗုဒ္ဓါ၊ ဝီတရာဂါ သမာဟိတာ။
အနန္တဂုဏသမ္ပန္နေ၊ ဝန္ဒေ တေ ဒ္ဝိပဒုတ္တမေ။

၁။ **တဏှင်္ကရော**၊ ဝေနေယျများစွာ သတ္တဝါတို့၏ တဏှာရစ်မြှေးညစ်အကြေးကို လျှော်ဆေးသုတ်သင် ပယ်ဖျောက်နှင့်၍ တဏှင်္ကရမည်တော်မူသော မြတ်စွာဘုရားသည် လည်းကောင်း။

၂။ **မေဓင်္ကရော**၊ ဝေနေယျများ သောင်းတိုက်သားတို့၏ လေးပါးသစ္စာ ဉာဏ်ဝိဇ္ဇာကို လှုံ့ဖြောထိန်လင်း ပွင့်စေလျှင်း၍ သုံးခင်းဘုံတွင် ကျော်စောထင်သော မေဓင်္ကရ မည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။ အထောပိ၊ ထိုးမှတပါးလည်း။

၃။ **သရဏင်္ကရော**၊ ဝေနေယျများ သောင်းတိုက်သားတို့ လေးပါးအပါယ် မကျတွယ်အောင် ကိုးကွယ်ရာမှူ စောင့်ရှောက်ပြု၍ အတုမမြင်ကျေးဇူးတင်သား သရဏင်္ကရ မည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။

၄။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး ဥေ ယျငါးကို ပိုင်းခြားကုန်စင် ထိုးထွင်းမြင်ပေသော။ **ဒီပင်္ကရော စ**၊ ဒီပင်္ကရမည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။

၅။ ဒ္ဝိပဒုတ္တမော၊ အခြေခုနစ်ချောင်းရှိသူ နတ်လူငြဟ္မာသတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြင့်မြတ်တော်မူထသော။

http://www.dhammadownload.com

ကောဏ္ဍညော၊ နွယ်တော်ဝံသ ကောဏ္ဍညဟု နာမထင်ရှား ရှင်တော် မြတ်ဘုရားသည်လည်းကောင်း။

၆။ **မင်္ဂလော**၊ တသောင်းသခ်ျာ စက္ကဝါဠ် လှုံဖြာထွန်းလျော် နေဝန်းပေါ်သို့ ကိုယ်တော်ရောင်ပ မင်္ဂလဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားသည်လည်းကောင်း။

၇။ **သုမနော**၊ နှုန်းလျော်ရွှေတောင် ကိုယ်တော်ရောင်နှင့် ညာဏ်ရောင်ထွန်းပ သုမနဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား လည်းကောင်း။

၈။ **ရေဝတော**၊ တယူဇနာ ရပ်ဒီသာဝယ် မကွာနေ့ညဉ့် ဖူးတိုင်း တင်သား မိုးနှင့်ရေပြင် မြေတခွင်၌ ရောင်ရှင်ထွန်းပ ရေဝတဟု နာမ ထင်ရှား ရှင်တော်မြတ် ဘုရားသည်လည်းကောင်း။

၉။ **သောဘိတော မုနိ**၊ ရွှေအင်ကြင်းပင် ကဲ့အသွင်သို့ ဝန်းကျင် ဆယ်ရပ် ရွှေရောင်ဟပ်သား လျှောက်ပတ်တင့်တယ် သပ္ပာယ်လှုံပ သောဘိတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။

၁၀။ **အနောမဒဿီ**၊ ရှေ့နောက်ဝဲယာ ဖူးတိုင်းသာလျှင် မင်္ဂလာ လှုံဖြာ ကြည်ဖွယ် ပေါသား အနောမဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော် မြတ်ဘုရားသည် လည်းကောင်း။

၁၁။ **ပဒုမော**၊ မဟာပဒုံ ကြာဝတ်မှုန်သို့ ဘုန်းဂုဏ်ရနံ့ ဘဝင်နှံ့ အောင် သင်းပျံ့လှုံကြွ။ စံမတူသား သယမ္ဘူဇိန ပဒုမဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း။

၁၂။ **နာရဒေါ**၊ ယူဇနာတစ် ဝန်းကျင်ခေတ်ဝယ် သစ်သစ်ထွန်း ပြောင် နေရာထောင်သို့ ကိုယ်ရောင်ကိန်းပ နာရဒဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း။

http://www.dhammadownload.com

၁၃။ **ပဒုမုတ္တရော**၊ အံ့ဖွယ်ထူးဆန်း ကြာရွှေပန်းလျှင် ကွန့်မြူန်း စကြာ ကြွတိုင်း ပါသား ယူဇနာဆယ့်နှစ် ခရိုင်ခေတ်ဝယ် ထွန်းသင်ရောင် ဟုန် လွှမ်းအုပ်ခြုံ၍ ပဒုမုတ္တရ နာမထင်ရှား ရှင်တော်မြတ်ဘုရား သည်လည်းကောင်း။

၁၄။ **သုမေဓော**၊ တယူဇနာ ရပ်မျက်နှာဝယ် ရောင်ဝါလျှံပ သုမေဓဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား သည်လည်းကောင်း။

၁၅။ **သုဇာတော**၊ ငါးဆယ်သံတောင် ကိုယ်ရုပ်ဆောင်သား ရွှေတောင်နှိုင်းပြ သုဇာတဟု နာမထင်ရှား ရှင်တော် မြတ်ဘုရားသည် လည်းကောင်း။

၁၆။ မဟာယသော၊ များမြတ်ခြွေရံ ကျော်စောသံရှိတော်မူပေ ထသော။ **ပိယဒဿီ**၊ လုံးစုံလောက ဟူသမျှကို အမတသုခိ ဖြန့်ဝေချီသား ပိယဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။

၁၇။ **အတ္ထဒဿီ**၊ ဝေနေယျများ သောင်းတိုက်သားတို့၏ စီးပွားကိုသာ ရှုမျှော်ကာဖြင့် တယူဇနာတိုင်လတ် ကိုယ်တော်ဟပ်သား အတ္ထဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။

၁၈။ **ဓမ္မဒဿီ**၊ အကျိုးဖြစ်ရန် အကြောင်းမှန်ကို ဖန်ဖန်နိစ္စ ရှုမြင်ထသား ဓမ္မဒဿီ ဘွဲ့မင်ထင်ရှား ရှင်တော်မြတ် ဘုရားသည် လည်းကောင်း။

၁၉။ လောကနာယကော၊ လောကသုံးပါး၏ ရှေ့ဆွားခေါင်း ဆောင် ဖြစ်တော် မူပေထသော။ **သိဒ္ဓတ္ထော**၊ သောင်းတိုက်ဗိုလ်ခြေ များဝေနေတို့၏ အောင်မြေစိုးရန် အကျိုးမှန်ကို ဖန်ဖန်မလပ် ပြီးစေ တတ်သား သိဒ္ဓတ္ထခေါ် မြတ်ဇနော်သည် လည်းကောင်း။

http://www.dhammadownload.com

၂၀။ **တိဿော စ** သမ္မုဒ္ဓေါ။ သုံးဘုံရပ်သူ နတ်နှင့်လူကို ခေငူရိပ်သာ ရောက်စိမ့် ဌာဟု မကွာနေ့ည ပို့ဆောင်သသား တိဿတွင်ခေါ် မြတ်ဇနော် သည်လည်းကောင်း။

၂၁။ **ဖုဿော စ** သမ္မုဒ္ဓေါ။ ဝေနေယျကြာ ပဒုမ္မာကို သစ္စာလေးထွေ လင်းပွင့်စေသဖြင့် နေအာဒိစ္စ နှိုင်းပုံပြသား ဖုဿတွင်ခေါ် မြတ်ဇနော်သည် လည်းကောင်း။

၂၂။ **ဝိပဿီ၊** ခုနှစ်ယူဇနာ သမန္တာဝယ် ခြောက်ဖြာရောင်ဓာတ် ခြည်လျှံဟပ်သား ဝိပဿီခေါ် မြတ်ဇနော်သည် လည်းကောင်း။

၂၃။ **သိခီ၊** ယူဇနာသုံးရပ် မိုးမြေစပ်အောင် ထိန်လျှပ်ရောင်ခြည် လင်းလင်း စည်သား သိခီတွင်ခေါ် မြတ်ဇနော်သည် လည်းကောင်း။

၂၄။ **ဝေဿဘူ၊** ငါးချက်သောမာရ် တွင်းပရန်ကို တွန်းလှန်ထိန့်ဆူ အောင်ပွဲ ယူသား ဝေဿဘူခေါ် မြတ်ဇနော် သည်လည်းကောင်း။

၂၅။ **ကကုသန္ဓော၊** ဆယ်နှစ်မှန်စွာ ယူဇနာဝယ် မကွာနိစ္စ ရောင်လျှံပသား ကကုသန်ခေါ် မြတ်ဇနော်သည်လည်းကောင်း။

၂၆။ **ကောဏာဂမနော၊** ဘဒ္ဒမည်သာ ဤကမ္ဘာဝယ် ဒုတိယာဒိစ္စ ပွင့်ထွန်းပသား ကောဏာဂုံခေါ် မြတ်ဇနော်သည်လည်းကောင်း။

၂၇။ **ကဿပေါစာပိ၊** နွယ်တော်ဝံသ ကဿပဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားသည်လည်းကောင်း။

၂၈။ **ဂေါတမော၊** မဟာသမ္မတ အာဒိစ္စဂိုဏ်း ကွန့်ခဲ့လှိုင်း၍ အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမဟု လောကတန်ဆောင် မြတ်ဘုန်းခေါင်သည် လည်းကောင်း။

ဝိတရာဂါ။ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာလွတ်ရှင်း ရာဂ ကင်းတော် မူကြပေကုန်သော။ သမာဟိတာ၊ လောကဓံလေ့ မုန်းတိုင်းမွေ့

http://www.dhammadownload.com

လည်း မရွှေ့မယိုင် ကျောက်စာတိုင်သို့ ကြံ့ခိုင်သောစိတ်နှလုံးရှိတော်မူကြပေကုန်သော။ ဧတေ သမ္ဗုဒ္ဓါ၊ သစ္စာလေးဝ ဥေ ယျငါးပုံ တရားစုံကို အံ့ကုန်မကြွင်း လင်းလင်းထင်ထင် သိမြင်တော်မူကြ ပေကုန်သော နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူထွတ်ထား ထိုမြတ်စွာဘုရားတို့သည်။ အဟေသုံ၊ သခ်ျေ လေးဖြာ သိန်းကမ္ဘာဟု အခါစာရင်း ဤအတွင်းဝယ် ကောင်းတင်းလှိုက်ဆူ ပွင့်တော်မူကြလေကုန်ပြီ။

အနန္တဂုဏသမ္ပန္နေ၊ ဤရွှေ့ဤမျှ ဂဏန်းချ၍ မှန်းဆမကုန် အနန္တ ကျေးဇူး ဂုဏ်နှင့် ပြည့်စုံတော်မူကြပေကုန်သော။ ဒွိပဒုတ္တမေ၊ အခြေနှစ်ချောင်းရှိသူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆက်ထက်လွန်ကျူး အထူးသဖြင့် မြတ်တော် မူကြကုန်သော။ တေ သမ္မာသမ္ဗုဒ္ဓေ၊ တဏ္ဍက်ရာ မြတ်စွာဘုရားအစ ဂေါတမမြတ်စွာ ဘုရားအဆုံး ပေါင်းရုံးတွက်စိတ် နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူထွတ်ထား ထိုမြတ်စွာဘုရားတို့ကို။ ဝန္ဒေ-ဝန္ဒာမိ၊ မဟာရဟ ပလ္လက်ဟု သာသနာ့ရိပ်သာ ဤနေရာသို့ စကြာကွန့်လူ ပင့်ဆောင်ယူလျက် ပူဇော်ဖွယ်မှု အစုစုဖြင့် ရှေ့ရှုညီညာ ဤအခါဝယ် ကြည်သာမြတ်နိုး လက်စုံမိုးဤ ရှိခိုး ကန်တော့ပါ၏ မြတ်စွာဘုရား . . . မြတ်စွာဘုရား။



လယ်တီဆရာတော်ကြီး၏

(၃) နှစ်ကျိပ်ရှစ်ဆူ ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုး

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အနန္တ၊ ဇေဌ၊ သေဌ၊ အတုမရှိ အတိုင်းမသိသော ကျေးဇူးတော် တန်ခိုးတော် ဂုဏ်တော် အပေါင်း၏ တည်ရာစုဝေးရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com

(၁) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောအရှင် (**တဏှင်္ကရာ**) မြတ်စွာဘုရားကိုယ်တော်။

(၂) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောအရှင် (**မေဓင်္ကရာ**) မြတ်စွာဘုရားကိုယ်တော်။

(၃) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောအရှင် (**သရဏင်္ကရာ**) မြတ်စွာဘုရားကိုယ်တော်။

(၄) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောအရှင် (**ဒီပင်္ကရာ**) မြတ်စွာဘုရားကိုယ်တော်။

(၅) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောအရှင် (**ကောဏ္ဍည**) မြတ်စွာဘုရားကိုယ်တော်။

(၆) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောအရှင် (**မင်္ဂလ**) မြတ်စွာဘုရားကိုယ်တော်။

(၇) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောအရှင်(**သုမန**) မြတ်စွာဘုရား ကိုယ်တော်။

(၈) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောအရှင်(**ရေဝတ**) မြတ်စွာဘုရား ကိုယ်တော်။

http://www.dhammadownload.com

(၉) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**သောဘိတ**) မြတ်စွာဘုရား ကိုယ်တော်။

(၁၀) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**အနောမဒဿီ**) မြတ်စွာဘုရားကိုယ်တော်။

(၁၁) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ပဒုမ**) မြတ်စွာဘုရားကိုယ်တော်။

(၁၂) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**နာရဒ**) မြတ်စွာဘုရားကိုယ်တော်။

(၁၃) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ပဒုမုတ္တရ**) မြတ်စွာဘုရားကိုယ်တော်။

(၁၄) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သုမေဓ**) မြတ်စွာဘုရားကိုယ်တော်။

(၁၅) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သုဇာတ**) မြတ်စွာဘုရားကိုယ်တော်။

(၁၆) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ပိယဒဿီ**) မြတ်စွာဘုရား ကိုယ်တော်။

http://www.dhammadownload.com

(၁၇) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**အတ္ထဒဿီ**) မြတ်စွာဘုရား ကိုယ်တော်။

(၁၈) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ဓမ္မဒဿီ**) မြတ်စွာဘုရား ကိုယ်တော်။

(၁၉) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သိဒ္ဓတ္ထ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၀) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**တိဿ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၁) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဖုဿ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၂) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဝိပဿီ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၃) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သိခီ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၄) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ဝေဿဘူ**) မြတ်စွာဘုရား ကိုယ်တော်။

http://www.dhammadownload.com

(၂၅) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ကကုသန်**) မြတ်စွာဘုရား ကိုယ်တော်။

(၂၆) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ကောဏာဂုံ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၇) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ကဿပ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၈) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဂေါတမ**) မြတ်စွာဘုရားကိုယ်တော်။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**တဏှင်္ကရ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**မေဓင်္ကရ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သရဏင်္ကရ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**ဒီပင်္ကရ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**ကောဏ္ဍည**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**မင်္ဂလ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**သုမန**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ရေဝတ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**သောဘိတ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**အနောမဒဿီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ပဒုမ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**နာရဒ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**ပဒုမုတ္တရ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သုမေဓ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သုဇာတ**) မြတ်စွာဘုရား

http://www.dhammadownload.com

ကိုယ်တော်၊ အရှင် (**ပိယဒဿီ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**အတ္ထဒဿီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဓမ္မဒဿီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သိဒ္ဓတ္ထ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**တိဿ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဖုဿ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**ဝိပဿီ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**သိခီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဝေဿဘူ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကကုသန်**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကောဏာဂုံ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကဿပ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဂေါတမ**) မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးတို့အား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏၊ မြတ်စွာဘုရား မြတ်စွာဘုရား။

ဤနှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဦးခေါင်းထက်၌ အမြဲတည်ကြပါစေ ကုန်သတည်း။

ဤနှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဝဲ-ယာနှစ်ဘက် ပုခုံးထက်၌ အမြဲ တည်ကြပါစေကုန်သတည်း။

ဤနှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ အဆုတ်၊ အသဲ၊ နှလုံးထဲ၌ အမြဲ တည်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

(၄) လယ်တီဆရာတော်ကြီး ရေးသားတော်မူသော နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ် ပါဠိ

၁။ တက္ကာက်ရော ပုဒ္ဓါဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၂။ မေဓင်္ကာရော ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၃။ သရဏာက်ာရော ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၄။ ဒီပင်္ကာရော ပုဒ္ဓါဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၅။ ကောဏ္ဍညော ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၆။ မင်္ဂလော ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၇။ သုမနော ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၈။ ရေဝတော ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၉။ သောဘိတော ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၁၀။ အနောမဒဿီ ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၁၁။ ပဒုမော ပုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော

http://www.dhammadownload.com

အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၁၂။ နာရဒေါ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၁၃။ ပဒုမုတ္တရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၁၄။ သုမေဓော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၁၅။ သုဇာတော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၁၆။ ပိယဒဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၁၇။ အတ္ထဒဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၁၈။ ဓမ္မဒဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၁၉။ သိဒ္ဓတ္ထော ဗုဒ္ဓေါဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၂၀။ တိဿော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၂၁။ ဖုဿော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။
၂၂။ ဝိပဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော
အနန္တဂုဏော အနန္တညာဏော အနန္တတေဇော အနန္တဣတိ။

http://www.dhammadownload.com

၂၃။ သိခီ ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၂၄။ ဝေဿဘူ ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၂၅။ ကကုသန္ဓော ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၂၆။ ကောဏာဂမနော ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၂၇။ ကဿပေါ ဗုဒ္ဓါဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

၂၈။ ဂေါတမော ဗုဒ္ဓါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တက္ခတ္တိ အနန္တဇုတိ။

နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်စတော်ကြီး

၁။ အနန္တပုညာ အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ပုညစက္ကေဟိ အမေ့ရက္ခန္တု သဗ္ဗဒါ။

၂။ အနန္တဂုဏာ အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဂုဏစက္ကေဟိ အမေ့ရက္ခန္တု သဗ္ဗဒါ။

၃။ အနန္တဉာဏာ အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဉာဏစက္ကေဟိ အမေ့ရက္ခန္တု သဗ္ဗဒါ။

http://www.dhammadownload.com

၄။ အနန္တတေဇာ အဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ တေဇစက္ကေဟိ အမေ့ ရက္ခန္တု သဗ္ဗဒါ။

၅။ အနန္တက္ခဒ္ဓိမန္တာ အဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ က္ခဒ္ဓိစက္ကေဟိ အမေ့ ရက္ခန္တု သဗ္ဗဒါ။

၆။ အနန္တဇုတိမန္တာ အဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဇုတိစက္ကေဟိ အမေ့ ရက္ခန္တု သဗ္ဗဒါ။

၇။ အဌဝီသတိ သမ္မုဒ္ဓါ၊ က္ခဒ္ဓိမန္တော ဇုတိန္ဓရာ။
က္ခဒ္ဓိယာ ဇုတိယာ တေသံ၊ အန္တရာယာ သမေန္တု မေ။

၈။ သဗ္ဗေ ဒုရေ ပလာယန္တု၊ ပိသာစ ယက္ခရက္ခသာ။
သမ္မာ ဒေဝါ ပဝေဿန္တု၊ မောဒန္တု သုခိတာ ဇနာ။

http://www.dhammadownload.com

(ဃ) နှစ်ကျိပ်ရှစ်ဆူ ထူးခြားမှုများ

နှစ်ကျိပ်ရှစ်ဆူတို့၏ မတူကွဲပြားချက်များ

(၁) ဝေမတ္တာ (၉)မျိုး

ဝေမတ္တာဟူသည် ဝိမတ္တာဟူသောစကားရင်းမှ ဆင်းသက်လာသော ပါဠိစကားဖြစ်သည်။ (ဝိ= ထူးထွေသော၊ မတ္တာ= အတိုင်းအရှည်ပမာဏ) ဒီပင်္ကရာအစရှိသော မြတ်စွာဘုရားတို့သည် တစ်ဆူနှင့်တစ်ဆူ ဂုဏ်ကျေးဇူး တော်အားဖြင့် တူမျှကြသော်လည်း တစ်ဆူနှင့်တစ်ဆူ မတူထူးထွေ ကွဲပြားနေသော အတိုင်းအရှည် ပမာဏများမှာ ကိုးပါးရှိပေသည်။

ကိုးပါးဟူသော်ကား -

၁။ အဒ္ဓါနဝေမတ္တာ = (ပါရမီဖြည့်ကျင့်ရာကာလချင်း မတူမှု)

၂။ အာယုဝေမတ္တာ = (အသက်တမ်း မတူမှု)

၃။ ပမာဏဝေမတ္တာ = (အရပ်တော် အနိမ့်အမြင့်မတူမှု)

၄။ ကုလဝေမတ္တာ = (အမျိုးအနွယ်တော် မတူမှု)

၅။ ပဓာနဝေမတ္တာ = (ဒုက္ကရစရိယာ ကျင့်ရပုံ မတူမှု)

၆။ ရဿ္မိဝေမတ္တာ = (ရောင်ခြည်တော်ထွက်ပုံ မတူမှု)

၇။ ယာနဝေမတ္တာ = (တောထွက်သောအခါ စီးနင်းသောယာဉ် မတူမှု)

http://www.dhammadownload.com

၈။ ဗောဓိဝေမတ္တာ = (ပွင့်ရာဗောဓိပင်၏ မတူမူ)

၉။ ပလ္လင်္ကဝေမတ္တာ= (ပလ္လင်တော်ပမာဏ မတူမူ) အားဖြင့် ဤကိုးပါးတို့တည်း။

(၁) အဒ္ဓါနဝေမတ္တာ

အဒ္ဓါနဝေမတ္တာ-ဟူသည်ကား-မြတ်စွာဘုရားရှင်တို့ ဘုရာအဖြစ်သို့ ရောက်ရှိရန် ပါရမီဖြည့်ကျင့်ရာကာလ တစ်ဆူနှင့်တစ်ဆူ မတူကြခြင်းပင် ဖြစ်သည်၊ အချို့သော မြတ်စွာဘုရားတို့သည် ဘုရားဖြစ်ရန် အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလ ပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်ကြရသည်၊ သောဘိတမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရားတို့သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါမီတော်တို့ကို ဖြည့်ကျင့်ခဲ့ကြရသည့် ပညာဓိက ဘုရားလောင်းများဖြစ်ကြ၏။

အချို့သော မြတ်စွာဘုရားရှင်တို့သည်ကား အလွန်ဆုံးအပိုင်း အခြားအားဖြင့် (၁၆)အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်ကြရကုန်၏၊ ကောဏ္ဍမြတ်စွာဘုရား၊ မင်္ဂလ မြတ်စွာဘုရား၊ အနောမ ဒဿီမြတ်စွာဘုရာ-စသော မြတ်စွာဘုရားရှင်တို့သည် (၁၆) အသင်္ချေနှင့် ကမ္ဘာတစ်သိန်း တို့ ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ကြရသည့် ဝီရိယာဓိက ဘုရားလောင်းများဖြစ်ကြသည်။

(သုတ္တနိပါတဋ္ဌကထာ-၂/၁၃၄)

(၂) အာယုဝေမတ္တာ

အာယုဝေမတ္တာဟူသည်ကား . . . မြတ်စွာဘုရားတို့မှာ တစ်ဆူနှင့် တစ်ဆူ အသက်တမ်း မတူမူပင် ဖြစ်၏။

http://www.dhammadownload.com

ဒီပင်္ကရာ မြတ်စွာဘုရား၊ ကောဏ္ဍညမြတ်စွာဘုရား၊ အနောမဒဿီ မြတ်စွာဘုရား၊ ပဒုမ မြတ်စွာဘုရား၊ ပဒုမုတ္တရ မြတ်စွာဘုရား၊ အတ္ထဒဿီ မြတ်စွာဘုရား၊ ဓမ္မဒဿီ မြတ်စွာဘုရား၊ သိဒ္ဓတ္ထမြတ်စွာဘုရား၊ တိဿမြတ်စွာဘုရား ဤကိုးဆူကုန်သော မြတ်စွာဘုရားတို့ သည် အသက်တစ်သိန်းတမ်းဌ် ပွင့်တော်မူကြကုန်၏။

ဒီပင်္ကရ၊ ကောဏ္ဍည၊ အနောမဒဿီ။
မြတ်ပဒုမ၊ ဥတ္တရ၊ အတ္ထ ဓမ္မဒဿီ။
သိဒ္ဓတ္ထမူ၊ တိဿဟူ၊ ကိုးဆူ ထွက်ဘုန်းစည်။
အာယုတွက်ကိန်း၊ နှစ်တစ်သိန်း၊ မယိမ်းပွင့်ကြပြီ။

မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ သောဘိတမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ သုမေဓ မြတ်စွာဘုရား၊ သုဇာတမြတ်စွာဘုရား၊ ပိယဒဿီမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား ဤရှစ်ဆူသော မြတ်စွာဘုရားတို့သည် အသက်ကိုးသောင်းတမ်းဌ် ပွင့်တော်မူကြကုန်၏။

မြတ်မင်္ဂလ၊ သုမန၊ ဇိနသောဘိတာ။
နာရဒရှင်စော၊ သုမေဓော၊ ဇိနောသုဇာတာ။
ပိယဒဿီ၊ ဖုဿမည်၊ ရှစ်လီမြတ်ဗုဒ္ဓါ။
ကျွတ်ဆုဌကြောင်း၊ ပွင့်တုံရှောင်း၊ ကိုးသောင်းသက်တမ်းမှာ။

ရေဝတမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား ဤနှစ်ဆူသော မြတ်စွာဘုရားသည် အသက်ခြောက်သောင်းတမ်းဌ် ပွင့်တော်မူကြကုန်၏။

(လက်ာ) ရေဝတဟူ ဝေဿဘူ နှစ်ဆူခြောက်သောင်းမှာ။

ဝိပဿီမြတ်စွာဘုရားသည် အသက်ရှစ်သောင်းတမ်းဌ် ပွင့်တော်မူ၏၊ သိခီမြတ်စွာဘုရားသည် အသက် ခုနစ်သောင်းတမ်းဌ် ပွင့်တော်မူ၏။ ကကုသန် မြတ်စွာဘုရားသည် အသက်လေးသောင်းတမ်းဌ်

http://www.dhammadownload.com

ပွင့်တော်မူ၏။ ကောဏာဂုံမြတ်စွာဘုရားသည် အသက် သုံးသောင်းတမ်းခဲ့ ပွင့်တော်မူ၏။ ကဿပမြတ်စွာဘုရားသည် အသက် နှစ်သောင်းတမ်းခဲ့ ပွင့်တော်မူ၏၊ အကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားသည် အသက် တစ်ရာတမ်းခဲ့ ပွင့်တော်မူ၏။

မြတ်ဝိပဿီ၊ မြတ်သိခီ၊ ဘုန်းစည်နှစ်ဆူမှာ။
အနှစ်ရှစ်သောင်း၊ ခုနစ်သောင်း၊ ပွင့်ညောင်းစဉ်တိုင်းသာ။
သန် ဂုံ ပ မ၊ လေးဗုဒ္ဓ၊ ဘဒ္ဒကျိကမ္ဟာ။
လေးသောင်း၊ သုံးသောင်း၊ နှစ်သောင်းတစ်လှစ်၊ တရာခေတ်၊
ပွင့်လစ် စဉ်တိုင်းသာ။

(၃) ပမာဏဝေမတ္တာ

ပမာဏဝေမတ္တာ-ဟူသည်ကား- မြတ်စွာဘုရာတို့ တစ်ဆူနှင့်တစ်ဆူ အရပ်တော်ပမာဏ အနိမ့်အမြင့် မတူကြခြင်းပင်ဖြစ်၏၊

ဒီပင်္ကရာ မြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊ ပိယဒဿီ မြတ်စွာဘုရား၊ အတ္ထဒဿီ မြတ်စွာဘုရား၊ ဓမ္မဒဿီမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရား ဤ ခြောက်ဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် အတောင်ရှစ်ဆယ် မြင့်တော်မူ၏။

ကောဏ္ဍညမြတ်စွာဘုရား၊ မင်္ဂလမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ သုမေဓမြတ်စွာဘုရား၊ ဤလေးဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၏။

သုမနမြတ်စွာဘုရား၏ အရပ်တော်သည် အတောင်(၉၀)မြင့်တော်မူ၏၊ သောဘိတမြတ်စွာဘုရား၊ အနောမဒဿီ မြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ ပဒုမုတ္တရ မြတ်စွာဘုရား၊ ဖုဿ မြတ်စွာဘုရား ဤငါးဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏။

http://www.dhammadownload.com

သုဇာတ မြတ်စွာဘုရား၏ အရပ်တော်သည် အတောင် ငါးဆယ် မြင့်တော်မူ၏။

သိဒ္ဓတ္ထမြတ်စွာဘုရား၊ တိဿမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ဤသုံးဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် အတောင် ခြောက်ဆယ် မြင့်တော်မူ၏။

သိခီမြတ်စွာဘုရား၏ အရပ်တော်သည် အတောင်ခုနစ်ဆယ် မြင့်တော်မူ၏။

ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရား ဤသုံးဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် အစဉ်အတိုင်း အတောင်လေးဆယ် သုံးဆယ် နှစ်ဆယ် မြင့်တော်မူ၏။

ဂေါတမမြတ်စွာဘုရား၏ အရပ်တော်သည်ကား တစ်ဆယ့်ခြောက် တောင် (သို့မဟုတ်) တစ်ဆယ့် ရှစ်တောင် မြင့်တော်မူ၏။

(၄) ကုလဝေမတ္တ

ကုလဝေမတ္တဟူသည်ကား . . . မြတ်စွာဘုရားများ တစ်ဆူနှင့် တစ်ဆူ အမျိုးအနွယ်တော် မတူခြင်းပင် ဖြစ်၏။

ကကုသန် မြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရား ဤမြတ်စွာ ဘုရားသုံးဆူတို့မှာ ပုဏ္ဏားမျိုး၌ ဖြစ်တော်မူကြကုန်၍ ကြွင်းသော နှစ်ကျိပ်နှစ်ဆူသော မြတ်စွာဘုရား တို့သည် မင်းမျိုး၌ ဖြစ်တော်မူကြကုန်၏။ "လောက၌ မင်းများသည် အထွတ်အမြတ် ဖြစ်သည်" ဟု လူအပေါင်းတို့က အထိမ်းအမှတ်ပြုလုပ်ကြသောအခါ မြတ်စွာဘုရားများသည် မင်းမျိုး၌ ဖြစ်တော်မူကြကုန်၏။ "လောက၌ ပုဏ္ဏားမျိုးသည် အထွတ်အမြတ်ဖြစ်သည်"ဟု လူအပေါင်းတို့က အထိမ်း အမှတ်ပြုလုပ်ကြသောအခါ မြတ်စွာဘုရားတို့သည် ပုဏ္ဏားမျိုး၌ ဖြစ်တော် မူကြကုန်၏။

http://www.dhammadownload.com

(၅) ပဓာနဝေမတ္တ

ပဓာနဝေမတ္တဟူသည်ကား . . . မြတ်စွာဘုရား တစ်ဆူနှင့် တစ်ဆူ ပဓာနအပေါ် ဒုက္ကရ စရိယာကျင့်ရပုံ မတူခြင်းပင်ဖြစ်၏။

ဒီပင်္ကရာမြတ်စွာဘုရား၊ ကောဏ္ဍမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ အနောမဒဿီမြတ်စွာဘုရား၊ သိဒ္ဓတ္ထမြတ်စွာဘုရားအားဖြင့် ဤ(၅)ဆူသော မြတ်စွာဘုရားတို့သည် (၁၀)လကြာ ဒုက္ကရစရိယာ ကျင့်တော် မူကြရကုန်၏။

သုဇာတမြတ်စွာဘုရားသည် (၉)လကြာ ဒုက္ကရစရိယာ ကျင့်တော်မူရ၏၊ မင်္ဂလမြတ်စွာဘုရား၊ ပဒုမမြတ်စွာ ဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ တိဿမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ကကုသန် မြတ်စွာဘုရားအားဖြင့် ဤ(၇)ဆူသော မြတ်စွာဘုရားတို့သည် (၈)လကြာ ဒုက္ကရစရိယာကျင့်တော်မူကြရကုန်၏။

ရေဝတမြတ်စွာဘုရားသည် (၇)လကြာ ဒုက္ကရစရိယာ ကျင့်တော် မူရ၏၊ သုမေဓမြတ်စွာဘုရာသည် လဝက် (၁၅)ရက်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူရ၏၊ သောဘိတမြတ်စွာဘုရား၊ နာရဒမြတ်စွာ ဘုရား၊ ပဒုမုတ္တရ မြတ်စွာဘုရား၊ ဓမ္မဒဿီမြတ်စွာဘုရား၊ ကဿပမြတ်စွာ ဘုရား အားဖြင့် ဤ(၅)ဆူသော မြတ်စွာဘုရားတို့သည် (၇)ရက်ကြာမျှ ဒုက္ကရ စရိယာကျင့်တော်မူကြရ၏။

ပိယဒဿီ မြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား၊ ဝေဿဘူ မြတ်စွာ ဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား တို့သည် ခြောက်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူကြရကုန်၏။

အကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောကထွတ်ထား ဂေါတမ မြတ်စွာဘုရားသည်ကား ခြောက်နှစ်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူရ၏။

http://www.dhammadownload.com

ရှေးကပြခဲ့ပြီးသော အာယုဝေမတ္တာ စသည်တို့မှာ အသက်တော် စသည် အရှည်အတို မတူရာ၌ အကြောင်း ရှိသကဲ့သို့၊ ဤပဓာနခေါ် ဒုက္ကရစရိယာ ကျင့်ရာမှာ ကာလအနည်းအများ ကွာခြားခြင်း၌လည်း အကြောင်းရှိရမည် သာဖြစ်၏၊ အကြောင်းထူးကိုရှာသော် ကံအတွက်ပင် ဖြစ်သည်ဟု ဆိုသင့်၏။

မှတ်ချက် (ဤပဓာနဝေမတ္တာအခန်း၌ ယခုဖော်ပြထားသော မြတ်စွာဘုရားများနှင့် ဒုက္ကရစရိယာ ကာလတို့မှာ ပါဠိတော်နှင့်အညီ တိုက်ဆိုင်၍ဖော်ပြထားခြင်းဖြစ်သည်၊ ဗုဒ္ဓဝံသ အဋ္ဌကထာစာမျက်နှာ (၃၄၉)၌ကား ပါဠိများပျက်လျက်ရှိသည်၊ မင်းကွန်းတိပိဋကဆရာတော်၏ မဟာဗုဒ္ဓဝင်ပထမတွဲ ဒုတိယပိုင်းစာအုပ် စာမျက်နှာ (၅၇၀+၅၇၁) တို့၌လည်း အပါဠိတော်နှင့်မညီဘဲ အဋ္ဌကထာပါဠ်ပျက်များအတိုင်း ဖော်ပြလျက်ရှိသည်)

(၆) ရဿိဝေမတ္တာ

ရဿိဝေမတ္တာဟူသည်ကား . . . မြတ်စွာဘုရားများ တစ်ဆူနှင့် တစ်ဆူ ရောင်ခြည်တော် ထွက်ပုံ မတူခြင်းပင် ဖြစ်၏။ မင်္ဂလမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် စကြဝဠာတိုက်တသောင်း ကို ပျံ့နှံ့၍တည်၏၊ ပဒုမုတ္တရ မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၁၂)တစ်ဆယ့်နှစ် ယူဇနာ ပျံ့နှံ့၍တည်၏၊ ဝိပဿီမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင်(၇)ခုနစ် ယူဇနာ ပျံ့နှံ့၍တည်၏၊ သိခီမြတ်စွာ ဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင်(၃)သုံး ယူဇနာ ပျံ့နှံ့၍တည်၏၊ ကကုသန်မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင်(၁၀)ဆယ်ယူဇနာ ပျံ့နှံ့၍တည်၏၊ ဂေါတမမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် ကိုယ်တော်၏ အလံနှင့်ညီမျှစွာ

http://www.dhammadownload.com

လေးတောင်ခန့် ပျံ့နှံ့၍တည်၏၊ ကြွင်းသော မြတ်စွာဘုရားတို့၏ ရောင်ခြည်တော် သည် အမြဲမရှိ အလိုတော်ရှိသမျှ ထွန်းလင်းတောက်ပ၏။

(၇) ယာနဝေမတ္တာ

ယာနဝေမတ္တာဟူသည်ကား . . . မြတ်စွာဘုရား အလောင်းတော်များ တောထွက်တော်မူ သောအခါ စီးနင်းသောယာဉ်၏ မတူခြင်းပင်ဖြစ်၏။

ဒီပင်္ကရာမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ သုမေဓမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား၊ သိခီ မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား အလောင်းတော်တို့သည် ဆင်ယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။

ကောဏ္ဍညမြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ ပိယဒဿီမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရား၊ ကကုသန်မြတ်စွာဘုရား အလောင်းတော်တို့သည် အာဇာနည်မြင်းကသော ရထားယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။

မင်္ဂလမြတ်စွာဘုရား၊ သုဇာတမြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ တိဿမြတ်စွာဘုရား၊ ဂေါတမ မြတ်စွာဘုရားအလောင်းတော်တို့သည် မြင်းယာဉ်ကိုစီးလျက် တောထွက်တော်မူကြကုန်၏။

အနောမဒဿီမြတ်စွာဘုရား၊ သိဒ္ဓတ္ထမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား အလောင်းတော်တို့သည် ရွှေထမ်းစင်စီးလျက် တောထွက်တော်မူကြကုန်၏။

နာရဒ မြတ်စွာဘုရား အလောင်းတော်သည် ခြေလျင်ကြွသွားတော်မူလျက် တောထွက်တော်မူ၏။

http://www.dhammadownload.com

သောဘိတမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရား၊ ဓမ္မဒဿီမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား အလောင်းတော်တို့သည် ပြဿာဒ်ယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။

ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော်များ တောထွက်တော်မူကြသောအခါ စီးတော် ယာဉ်ချင်း မတူသည်ကို "ယာန-ဝေမတ္တ"ခေါ်သည်-ဟု မှတ်ယူအပ်၏။

(၈) ဗောဓိဝေမတ္တ

ဗောဓိဝေမတ္တဟူသည်ကား . . . မြတ်စွာဘုရားများ တစ်ဆူနှင့် တစ်ဆူ ပွင့်တော်မူရာ မဟာဗောဓိပင်ချင်း မတူထူးခြားမှုပင်ဖြစ်၏။

၁။ တဏှင်္ကရာဘုရားရှင်သည် **စရဏ်းပင်**၌ ပွင့်တော်မူသည်။

၂။ မေဓင်္ကရာဘုရားရှင်သည် **ပေါက်ပင်**၌ ပွင့်တော်မူသည်။

၃။ သရဏင်္ကရာဘုရားရှင်သည် **သံသတ်ပင်**၌ ပွင့်တော်မူသည်။

၄။ ဒီပင်္ကရာမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ညောင်ကြတ်ပင်** ဗောဓိ ဖြစ်၏။

၅။ ကောဏ္ဍညမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ သာလကလျာဏီခေါ် **ကြောင်လျှာပင်**(သို့မဟုတ်) **နှံပဲပင်** ဖြစ်၏။

၆-၇-၈-၉။ မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊ သောဘိတ မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကံ့ကော်ပင်** ဗောဓိဖြစ်၏။

၁၀။ အနောမဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ထောက်ကြံ့. (ဖောက်ကြံ့.)ပင်** ဗောဓိဖြစ်၏။

၁၁-၁၂။ ပဒုမမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကြောင်လျှာပင်** ဗောဓိဖြစ်၏။

http://www.dhammadownload.com

၁၃။ ပဒုမုတ္တရမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဟောဓိပင်မှာ **ထင်းရှူးပင်** ဟောဓိဖြစ်၏။

၁၄။ သုမေဓမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဟောဓိပင်မှာ **တမာပင်** ဟောဓိဖြစ်၏။ (တခို့ကျမ်း၌ မအူကြီးပင်ဟုပြ၏)

၁၅။ သုဇာတမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဟောဓိပင်မှာ **ကြခတ်ဝါးပင်** ဟောဓိဖြစ်၏။

ထိုကြခတ်ဝါးပင်သည် တခဲနက် ထူထဲပြည့်သိပ်သော ပင်စည်အသားရှိ၏၊ အရွက် များစွာထွက်သဖြင့် နေပြောက်ထိုးနိုင်ရန် အပေါက်မရှိပေ၊ ထိုဝါးပင်သည် ရှုချင်ဖွယ်ရာ စိတ်ထဲမှာ မွေ့လျော်နှစ်သက်စေနိုင်အောင် ဖြောင့်မတ် လုံးပတ်လည်း ကြီးမားလှပေ၏၊ ပင်ရင်းမှ ဝါးတလုံးတည်း တိုးပွားမြင့်တက်ကာ ထိုဝါးတလုံး ထည်းမှ တဖန် အခက်များ ခွဲဖြာ၍ ကောင်းစွာ ဖွဲ့စည်းထားသော ဒေါင်းမြီးစည်း ပမာ လွန်စွာတင့်တယ်လှပေ၏၊ ထိုဝါးပင်မှာ ဆူးများ လုံးဝမရှိသည့်ပြင် အခေါင်းလည်း များစွာမကျယ် (ပါသည်ဆိုရုံမျှ) အခက်များသည် အရပ်လေးမျက်နှာ ပုံနှံ့ကာ တခက်နှင့်တခက် မကျဲသည့်အတွက် နှစ်သက်ဖွယ်ရာ အေးချမ်းပြည့်သိပ်သော အရိပ်နှင့်လည်း ပြည့်စုံပေ၏။

၁၆။ ပိယဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဟောဓိပင်မှာ **ရေခဲတက်ပင်** (သို့မဟုတ်)**ဖောက်ကြံ့ပင်** ဟောဓိဖြစ်၏။

၁၇။ အတ္ထဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဟောဓိပင်မှာ **စကားပင်** ဟောဓိဖြစ်၏။

၁၈။ ဓမ္မဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဟောဓိပင်မှာ **မျက်နှာပန်းပင်** ဟောဓိဖြစ်၏။(တခို့ကျမ်း၌ သံသတ်ပင်ဟုပြ၏)

http://www.dhammadownload.com

၁၉။ သိဒ္ဓတ္ထမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **မဟာလှေကားပန်းပင်** ဖြစ်၏။

၂၀။ တိဿမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ဝိတောက်ပင်** ဗောဓိဖြစ်၏။

၂၁။ ဖုဿမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ရှိရွှားပင်** ဗောဓိဖြစ်၏။

၂၂။ ဝိပဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **သဓွတ်ပင်** ဗောဓိဖြစ်၏။

၂၃။ သိခီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **သရက်ဖြူပင်** ဗောဓိဖြစ်၏။

၂၄။ ဝေဿဘူမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **အင်ကြင်းပင်** ဗောဓိဖြစ်၏။

၂၅။ ကကုသန်မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကုက္ကိုပင်** ဗောဓိဖြစ်၏။

၂၆။ ကောဏာဂုံမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ရေသဖန်းပင်** ဗောဓိဖြစ်၏။

၂၇။ ကဿပမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ပညောင်ပင်** ဖြစ်၏။

၂၈။ ဂေါတမမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ညောင်ဗုဒ္ဓဟေပင်** (ညောင်နီပင်)ဗောဓိဖြစ်၏။

သစ္စာလေးပါးတရားကို သိမြင်တတ်သောကြောင့် မဂ်ဉာဏ်လေးပါးကို **"ဗောဓိ"**ဟူ၍ ခေါ်၏။ ဉေယျတရားတို့ကို သိမြင်တတ်သော

http://www.dhammadownload.com

ကြောင့် သဗ္ဗညုတဉာဏ်ကို **"ဗောဓိ"**ဟူ၍ ခေါ်၏၊ ထိုသစ္စာလေးပါးတရား၊ ဉေယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ရာအရပ်ဌာနနေရာဖြစ်သောကြောင့် ပွင့်တော်မူရာ သစ်ပင်ကိုလည်း **"ဗောဓိ"**ဟု ခေါ်၏။ ဗုဒ္ဓတိ ဧတ္ထာတိ ဗောဓိဟု ဝိဂြိုဟ်ပြုရသည်။

(တိပိဋက မဟာဋ္ဌဝဏ္ဏန ပတ္တဲ-ဒုပိုင်း)

(၉) ပလ္လင်္ကဝေမတ္တာ

ပလ္လင်္ကဝေမတ္တာ ဟူသည်ကား . . . မြတ်စွာဘုရားမျှား တစ်ဆူနှင့် တစ်ဆူ ပွင့်တော်မူရာ ပလ္လင်တော်၏ မတူထူးခြားခြင်းပင်ဖြစ်၏။

ဒီပင်္ကရာ မြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊ ပိယဒဿီ မြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ ဓမ္မဒဿီ မြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်တို့သည် (၅၃) ငါးဆယ့်သုံးတောင်စီ ပမာဏရှိကုန်၏။

ကောဏ္ဍညမြတ်စွာဘုရား၊ မင်္ဂလမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ သုမေဓ မြတ်စွာဘုရား တို့၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်တို့သည် (၅၇)ငါးဆယ့်ခုနစ်တောင်စီ ပမာဏရှိကုန်၏။

သုမနမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် အတောင် (၆၀)ခြောက် ဆယ် ပမာဏရှိ၏။

သောဘိတမြတ်စွာဘုရား၊ အနောမဒဿီမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ ပဒုမုတ္တရ မြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်တို့သည် (၃၈) သုံးဆယ့်ရှစ်တောင်စီ ပမာဏ ရှိကုန်၏။

http://www.dhammadownload.com

သုဇာတမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် (၃၂)သုံးဆယ့်နှစ် တောင် ပမာဏရှိ၏။

သိဒ္ဓတ္ထမြတ်စွာဘုရား၊ တိဿမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်တို့သည် အတောင် (၄၀)လေးဆယ်စီ ပမာဏရှိကုန်၏။

သိခီမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် (၃၂)သုံးဆယ့်နှစ်တောင် ပမာဏရှိ၏။

ကကုသန်မြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် (၂၆)နှစ်ဆယ့် ခြောက်တောင် ပမာဏရှိ၏။

ကောဏာဂုံမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် အတောင်(၂၀) နှစ်ဆယ် ပမာဏရှိ၏။

ကဿပမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် (၁၅)တစ်ဆယ့်ငါး တောင် ပမာဏရှိ၏။

ဂေါတမမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် (၁၄)တစ်ဆယ့်လေး တောင် ပမာဏရှိ၏။

(၂) မုဇွနိမိတ်ကြီး (၃၂)ပါး

ထိုမှတပါး ဘုရားအလောင်းတော်တို့ နောက်ဆုံးဘဝပဋိသန္ဓေတည်နေတော်မူသောအခါတို့၌ ဖြစ်ပေါ်လာမြဲ ဓမ္မနိယာမ=ဓမ္မတာ ဖြစ်ကုန်သော အလွန်ထူးခြား ကြီးမားဆန်းကြယ် အံ့ဩဖွယ်ကောင်းလှသည့် ပညာရှိတို့အဖို့ "ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေပြီ"ဟု ကြုံတင်၍ သိနိုင်ကြောင်း ပုဗ္ဗနိမိတ်ကြီး (၃၂)ပါးတို့ကို ဇာတ်အဋ္ဌကထာ

http://www.dhammadownload.com

နိဒါန်း၌ လာရှိသော အဘိုင်းဖော်ပြပေအံ့ . . . ၊ ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေသောအခါ -

(၁) တစ်သောင်းသော စကြဝဠာတိုက်တို့၌ မနှိုင်းယှဉ်နိုင်သော အလင်းရောင်ကြီး ပျံနှံ့၏။

(၂) ဘုရားအလောင်းတော်၏ ဘုန်းအာသရေတော်ကို ရှုမျှော်ဖူးမြင်လိုကြသည့်ပမာ မျက်စိ နှစ်ကွင်း အလင်းမရနေခဲ့ကြရသော သူတို့သည် ထိုခဏ၌ မြင်ကြကုန်၏။

(၃) နားပင်းကုန်သော သူတို့သည်လည်း နားအပင်း ပျောက်ကာ အသံကို ကြားကြကုန်၏။

(၄) အ-သဖြင့် စကားမပြောနိုင်သော သူတို့သည်လည်း ထိုခဏ၌ အအ-ပျောက်ကာ စကား ပြောလာကြကုန်၏။

(၅) ကုန်း -ကွ-ကောက်-ခွင်သော ကိုယ်ရှိသော သူတို့လည်း ထိုခဏ၌ ဖြောင့်မတ်သောကိုယ် ရှိကြကုန်၏။

(၆) ခြေဆွံ့သောသူ (မသွားနိုင်သူ)တို့လည်း ထိုခဏ၌ အဆွံ့ပျောက်ကာ ခြေဖြင့် ကောင်းစွာ သွားလာနိုင်ကြကုန်၏။

(၇) နှောင်အိမ် အနှောင်အဖွဲ့ (ထူး - ထိတ် - သံခြေကျဉ်းစသည်)၌ နှောင်ဖွဲ့ခြင်းကို ခံလျက်နေကြ ရသော သူတို့သည်လည်း ထိုခဏ၌ ထိုနှောင်အိမ် အနှောင်အဖွဲ့ အမျိုးမျိုးတို့မှ ကျွတ်လွတ် ကြကုန်၏။

http://www.dhammadownload.com

(၈) အလုံးစုံသော ငရဲဘုံတို့၌ ငရဲမီးငြိမ်းအေး၏။

(၉) ပြိတ္တာဘုံ (ပြိတ္တာလောက)၌ ဆာလောင်ခြင်း ရေသိပ်(ရေငတ်)ခြင်း ကင်းစေငြိမ်းအေး၏။

(၁၀) တိရစ္ဆာန်တို့အား ဘေးရန် တစ်စုံတစ်ရာမျှမရှိ။ (ဘေးခပ်သိမ်းမှ လွတ်ငြိမ်းကြရကုန်၏။)

(၁၁) ရောဂါရှိသော သတ္တဝါခပ်သိမ်းတို့ ထိုရောဂါဟူသမျှတို့မှ လွတ်ငြိမ်းပျောက်ကင်းကြကုန်၏။

(၁၂) သတ္တဝါခပ်သိမ်းတို့သည် တစ်ဦးကိုတစ်ဦး ကြည်နူးချစ်ခင်ဖွယ်ရာ စကားကိုသာ ပြောဆိုကြ ကုန်၏။

(၁၃) မြင်းတို့သည် ချုံမြိန်သာယာစွာသော အခြင်းအရာဖြင့် ရွှင်လန်းမြူးထူးစွာ ဟီကြကုန်၏။

(၁၄) ဆင်တို့သည် ချုံမြိန်သာယာစွာသော အခြင်းအရာဖြင့် မြည်ကြကုန်၏။

(၁၅) စည်း စောင်းညှင်း-စသော တူရိယာမျိုး ခပ်သိမ်းတို့သည် မတီးမမှုတ်အပ်ပါဘဲလျက် မိမိတို့ အလိုလို မိမိတို့ မြည်မြဲသော အသံကို ရင့်သီကျူးမြည်ကြကုန်၏။

(၁၆) လူတို့၏ လက်ကောက်, ခြေကျင်း - အစရှိသော အဆင်တန်ဆာတို့သည် တစ်ခုနှင့်တစ်ခု မထိ မခိုက်မိကြဘဲလျက် အလိုအလျောက် အသံမြည်ကုန်၏။

(၁၇) အလုံးစုံသော အရပ်မျက်နှာ လဟာခပင်း ရှုမြင်ကွင်းတို့သည် သန့်ရှင်းကြည်လင်ကြကုန်၏။

http://www.dhammadownload.com

(၁၈) သတ္တဝါတို့အား အေးမြချမ်းသာခြင်းကို ဖြစ်စေလျက် နူးညံ့သိမ်မွေ့သော လေပြေလေညှင်းတို့ သည် ဖြည်းညှင်းသာယာ တိုက်ခတ်လာကုန်၏။

(၁၉) အခါမဲ့ မိုးကြီး ရွာသွန်းလာ၏။ (မိုးရွာချိန် မဟုတ်ဘဲ အုတ်အုတ်သဲသဲ လွန်ကဲသည်းထန်စွာ မိုးကြီး ရွာသွန်းလာ၏။)

(၂၀) မဟာပထဝီ ဤမြေကြီးမှလည်း ရေသည်အလိုလို စိမ့်ထွက်ကာ ထိုထိုဤဤ စီးသွားလေ၏။

(၂၁) ငှက်အများ ကောင်းကင်၌ ပျံသန်းခြင်းကိုမပြုကြ။ (ထိုခဏ၌ ငှက်များ ကောင်းကင်၌ ပျံသွားခြင်းမရှိ။)

(၂၂) တသုန်သုန် တသွင်သွင် အစဉ်မပြတ် စီးသွားစုန်ဆင်းမြဲဖြစ်သော ဖြစ်ရေအယဉ်တို့သည် "အရှင်ကငေါက်၍ ကြောက်ရွံ့ရပ်နားသည့် ကျွန်အလား" စီးသွားစုန်ဆင်းခြင်းမရှိဘဲ ပကတိရပ်တန့်ငြိမ်သက်၍ နေကုန်၏။

(၂၃) မဟာသမုဒ္ဒြာ၌ ပကတိက ငန်သည့် အရသာ ရှိသောရေသည် ထိုခဏ၌ ချိုမြိန်၍ လာပေ၏။

(၂၄) အလုံးစုံသော အရပ်မျက်နှာတို့၌ အဆင်းသုံးဖြာ ကြာမျိုးငါးပါးတို့ ဖြန့်လွှား ဖုံးလွှမ်းလျက် ရှိကုန်၏။ (ရောက်ရောအိုင်တိုင်း ကြာမျိုးငါးပါးဖြင့် ဖုံးလွှမ်းအပ်သော ရေမျက်နှာပြင်ရှိ၏။)

(၂၅) အလုံးစုံသော ကြည်းပန်း (ကုန်းပန်း) ရေပန်းတို့သည် ထိုခဏ၌ တပြိုင်နက် ပွင့်ကြကုန်၏။

http://www.dhammadownload.com

(၂၆) သစ်ပင်တို့၏ ပင်လုံး ပင်စည်တို့၌ ခန္ဓပဒုမခေါ် ပင်စည်ပန်းတို့ အဆန်းတကြယ် ပွင့်ကြကုန်၏။

(၂၇) သစ်ပင်တို့၏ အခက်တို့၌ သာခါပဒုမ-မည်သော အခက်ပန်းတို့ အဆန်းတကြယ်ပွင့်ကြကုန်၏။

(၂၈) သစ်ပင်တို့၏ အနွယ်တို့၌ လတာပဒုမ-မည်သော အနွယ်ပန်းတို့ အဆန်းတကြယ်ပွင့်ကြကုန်၏။

(၂၉) ဒဏ္ဍာပဒုမ-မည်သော အရိုးတံ ပန်းတို့သည်လည်း ကုန်းမြေတခွင် ကျောက်ဖျာအပြင်တို့ကို ဖောက်ထွင်းကာ ခုနစ်ဆင့် ခုနစ်ဆင့်ဖြစ်၍ ပွင့်ထွန်းပေါ် ထွက်လာကုန်၏။

(၃၀) ကောင်းကင်၌ ပဒုမာ ကြာပန်းတို့သည် အောက်သို့တူရူမျက်နှာမူလျက် တွဲရရွဲ ဆွဲကြကုန်၏။

(၃၁) အရပ်ထက်ဝန်းကျင်မှ ပန်းမိုးတို့ တဖြိုးဖြိုး ရွာသွန်းကုန်၏။

(၃၂) ကောင်းကင်၌ နတ်ဖြစ် တူရိယာ တို့လည်း မတီးမမှုတ်ရဘဲ အလိုအလျောက် အသံမြည်ကုန်၏။

ဤ (၃၂)ပါးသော ပုဗ္ဗနိမိတ်ကြီးတို့ကို အံ့ဖွယ်ကြီး (၃၂)ပါး ဟူ၍လည်း ခေါ်၏။

(၃) ဘုရားရှင်တို့မစွန့်စသော အဝီစေယျတာ အရပ် (၄)ပါး

အလုံးစုံကုန်သော မြတ်စွာဘုရားတို့၏ မစွန့်အပ်သော အရပ်ဌာနတို့သည် (၄)ပါး အပြားရှိကုန်ပါ၏။ (၄)ပါးဟူသည်ကား-

၁-ခပ်သိမ်းသော ဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗုဒ္ဓဂယာမှ ပလ္လင်၏

http://www.dhammadownload.com

တည်ရာဌာနသည် မစွန့်အပ်သော အရပ် (၁)ပါးဖြစ်၏။

၂- ဓမ္မစကြာတရားတော်ကို ဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တောသည် မစွန့်အပ်သော အရပ် (၁)ပါး ဖြစ်၏။

၃- တာဝတိံသာနတ်ပြည်မှ ဆင်းကြွတော်မူသောအခါ သင်္ကန်းမြို့၏ တံခါးဝ၌ ရှေ့ဦးစွာ ခြေတော်ချရာ အရပ်သည် မစွန့်အပ်သော အရပ် (၁)ပါး ဖြစ်၏။

၄-ဇေတဝန်ကျောင်းတော် အာရာမ်တွင်း ဂန္ဓကုဋီတိုက်၌ (၄) ခုသော ညောင်စောင်းခြေချရာအရပ်သည် မစွန့်အပ်သော အရပ် (၁)ပါး ဖြစ်၏။
(ဗုဒ္ဓဝံသဋ္ဌကထာ၊ ၃၅၁)

(၄) အန္တရာယ်မပြုနိုင်စေသော-အနန္တရာယိကစမ္မ ဂုဏ်စတေ(၄)ပါး

၁။ **တထာဂတသ အာဘိဟဋ္ဌဘိက္ခာသခ်ဲပေနဝါ နိဗ္ဗဒါနသ အပ္ပိတဝတ္တ သခ်ဲပေနဝါ ပရိစ္စတ္တာနံ စတုန္နံ ပစ္စယာနံ** = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

၂။ **ဗုဒ္ဓါနံ ဇီဝိတသ** = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

၃။ **အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယဝါ** = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

၄။ **ဗုဒ္ဓါနံ သဗ္ဗညုတညာဏသ** = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု၊ ဣတိ ဣမေသံ စတုန္နံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ (ဝိ၊ဋ္ဌ၊၁၊)

http://www.dhammadownload.com

၁။ **ဗုဒ္ဓါနံ ဥဒ္ဒိဿ အာဘိဟရာနံ စတုန္နံ ပစ္စယာနံ** = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

၂။ **ဗုဒ္ဓါနံ အာယုနော** = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

၃။ **ဗုဒ္ဓါနံ ဒွတ္တိံသမဟာပုရိသလက္ခဏာနံ, အသီတိယာ အနုဗျဉ္ဇနာနံ ဝါ** = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။

၄။ **ဗုဒ္ဓရံသီနံ** = နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။ ဣတိ ဣမေသံ စတုန္နံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ (ဗုဒ္ဓဝံသဋ္ဌကထာ၊ ၃၅၂)

ပစ္စည်းလေးဝ၊ သက်ဇီဝ၊ လက္ခဏာကြီးငယ်။
ရောင်ခြည်တော်ခြောက်၊ စုံတယောက်၊ မနှောက်အန္တရာယ်။
လာဘ်နှင့် သက်တော်၊ ကိုယ်ရောင်တော်၊ ဉာဏ်တော် သဗ္ဗညု။
ဝိနည်းဌကထာ၊ ကျမ်းဒွိလာ၊ မိန့်မှာ တနည်းရှု။

(မဟာဗုဒ္ဓဝင် အနုဒီပနီ)

http://www.dhammadownload.com

၅။ ပန္ထိဘဝိက ဘုရားစလောင်းနှင့် ဘုရားရှင်တို့၏ စမ္ဗတာ(၃၀)

၁။ ပစ္ဆိမဘဝိကဘုရားလောင်းသည် ပညာအဆင်အခြင်ရှိလျှက် မယ်တော်ဝမ်းဌ ပဋိသန္ဓေနေခြင်း။

၂။ မယ်တော်ဝမ်းဌ ထက်ဝယ်ဖွဲ့ကာ မယ်တော်ဝမ်းဘက် မျက်နှာမူ၍ နေခြင်း။

၃။ မယ်တော်ရပ်လျှက်သာ ဘုရားလောင်းကို ဖွားတော်မူခြင်း။

၄။ တောအရပ်၌သာ ဖွားတော်မူခြင်း။

၅။ ဘုရားလောင်းသည် မြောက်အရပ်သို့ ခုနှစ်ဖဝါးလှမ်းလျှက် အရပ်လေးမျက်နှာကိုကြည့်ပြီး ရဲတင်းသော စကားသုံးခွန်း ကိုဆိုခြင်း။

၆။ နိမိတ်ကြီးလေးပါးကိုမြင်၍ သားတစ်ယောက်ဖွားပြီးမှ တောထွက် တော်မူခြင်း။

၇။ သင်္ဘန်းကိုယူ၍ ရဟန်းပြုပြီးလျှင် အနည်းဆုံး ခုနှစ်ရက် ဒုက္ကရ စရိယာ ကျင့်တော်မူခြင်း။

၈။ ဘုရားဖြစ်မည့်နေ့၌ ဃနာနို့ဆွမ်း ဘုဉ်းပေးတော်မူခြင်း။

၉။ မျက်ခင်းနေရာ၌နေ၍ သဗ္ဗညုတဉာဏ်ကိုရခြင်း။

၁၀။ အာနာပါနကမ္မဋ္ဌာန်း ပရိကံပြုခြင်း။

၁၁။ မာရ်စစ်သည်ကို ဖျက်ဆီးအောင်တော်မူခြင်း။

၁၂။ ဗောဓိပင်ရင်း၌သာ ဝိဇ္ဇာ(၃)ပါးကို အစပြု၍ အဿာဓာရဏဉာဏ် စသော ဗုဒ္ဓဂုဏ်ကျေးဇူးတို့ကို ရခြင်း။

၁၃။ ဗောဓိပင်အနီး၌သာ ခုနှစ်နက်ခုနှစ်လီ စံတော်မူနေခြင်း။

၁၄။ မဟာဗြဟ္မာမင်းသည် တရားဟောရန် တောင်းပန်ခြင်း။

၁၅။ မိဂဒါဝုန်တော၌ ဓမ္မစက္ကာတရားဟောခြင်း။

http://www.dhammadownload.com

၁၆။ တပို့တွဲလပြည့်နေ့ အင်္ဂါလေးပါးရှိသော အစည်းအဝေး၌ သြဝါဒ ပါတိမောက်ကို ပြတော်မူခြင်း။

၁၇။ ဇေတဝန်ကျောင်း၌ အမြဲနေတော်မူခြင်း။

၁၈။ သာဝတ္ထိပြည် မြို့တံခါးအရပ်၌ ရေမီးအစုံ ယမိုက်ပြာဋီဟာကို ပြတော်မူခြင်း။

၁၉။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောခြင်း။

၂၀။ သင်္ကဿနိုရ်မြို့တံခါး၌ တာဝတိံ နတ်ပြည်မှ ဆင်းသက်တော်မူခြင်း။

၂၁။ အမြဲမပြတ် ဖလသမာပတ်ကို ဝင်စားခြင်း။

၂၂။ နံနက်မိုးသောက်ယာမ်နှင့် နေ့လယ်ပိုင်းအချိန်အားဖြင့် နှစ်ကြိမ် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ကြည့်ရှုတော်မူခြင်း။

၂၃။ အကြောင်းဝတ္ထုဖြစ်ပေါ်လာလျှင် သိက္ခာပုဒ်ကိုပညတ်တော်မူခြင်း။

၂၄။ အတ္ထုပ္ပတ္တိဖြစ်ပေါ်လာလျှင် ဇာတ်ဒေသနာကို ဟောခြင်း။

၂၅။ ဆွေတော်မျိုးတော်တို့ စုံညီအစည်းအဝေး၌ ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူခြင်း။

၂၆။ အာဂန္တုရဟန်းတို့နှင့် အစေ့အစပ် ပဋိသန္ထာရစကား ပြောကြားခြင်း။

၂၇။ ဝါကျွတ်သောအခါ ပင့်ဖိတ်ထားသော ဒါယကာတို့အား မပန်ကြားပဲ ကြွတော်မမူခြင်း။

၂၈။ နေ့စဉ်နေ့တိုင်း ပုရေဘတ္တ, ပစ္ဆာဘတ္တ, ပထမယာမ, မဇ္ဈိမယာမ, မစ္ဆိမယာမ အားဖြင့် ဗုဒ္ဓကိစ္စ(၅)ပါးကို ပြုခြင်း။

၂၉။ ပရိနိဗ္ဗာန် စံတော်မူမည့်နေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း။

http://www.dhammadownload.com

၃၀။ ကုဋ္ဌေနှစ်သန်းလေးသိန်းသော သမာပတ်တို့ကိုဝင်စား၍ ပရိနိဗ္ဗာန်စံခြင်း

ဤကား ဗုဒ္ဓဝံသအဋ္ဌကထာ (၃၅၁)၌ လာသည့်အတိုင်း ရေတွက်ပုံဖြစ်သည့် သမန္တစက္ခုဒီပနီကျမ်း(၂၁၁)၊ မြန်မာ့စွယ်စုံကျမ်း(၄၀၂)၊ မဟာသုတဒီပနီကျမ်း(၃၇၃)တို့၌မူ ဓမ္မတာ (၃၀)ကို တစ်နည်းတစ်ဖုံ ရေတွက်ကြသည်။

(၆) ဗုဒ္ဓပကိဏ္ဏက အဖိုင်း (ဘုရားရှင်တို့မွေးရာ ကပ်ကမ္ဘာအဖိုင်းအစား)

၁။ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်တွင် သာရမဏ္ဍကမ္ဘာ၌ ၁။တဏှင်္ကရာ ၂။မေဓင်္ကရာ ၃။သရဏင်္ကရာ ၄။ဒီပင်္ကရာ ဟူသော ဘုရား(၄)ဆူတို့ ပွင့်တော်မူကြ၏။

၂။ ထို့နောက် (သေလ)အသင်္ချေ လွန်ပြီးသောအခါ သာရကမ္ဘာ၌ ကောဏ္ဍညဘုရားတစ်ဆူသာ ပွင့်တော်မူ၏။

၃။ ထို့နောက် (ဘာသ)အသင်္ချေလွန်ပြီးသောအခါ သာရမဏ္ဍကမ္ဘာ၌ ၁။မင်္ဂလ ၂။သုမန ၃။ရေဝတ ၄။သောဘိတ ဟူသော ဘုရား(၄)ဆူတို့ ပွင့်တော်မူကြ၏။

၄။ ထို့နောက် (ဧယျ)အသင်္ချေလွန်ပြီးသောအခါ ဝရကမ္ဘာ၌ ၁။ အနောမဒဿီ ၂။ပဒုမ ၃။နာရဒဟူသော ဘုရား(၃)ဆူတို့ ပွင့်တော်မူကြ၏။

http://www.dhammadownload.com

၅။ ထို့နောက် (ရုစိရ)အသခ်ျလွန်ပြီးသောအခါ ကမ္ဘာတစ်သိန်းထက်တွင် သာရကမ္ဘာ၌ ပဒုမုတ္တရဘုရားတစ်ဆူသာ ပွင့်တော်မူ၏။
၆။ ထို့နောက် ကမ္ဘာသုံးသောင်း (၃၀၀၀၀)ထက်၌ မဏ္ဍာကမ္ဘာတွင် ၁။သုမေဓ ၂။သုဇာတ ဟူသော ဘုရား(၂)ဆူတို့ ပွင့်တော်မူကြ၏။
၇။ ထို့နောက် ကမ္ဘာတစ်ထောင့်ရှစ်ရာ (၁၈၀၀)ထက်၌ ဝရကမ္ဘာတွင် ၁။ပိယဒဿီ ၂။အတ္ထဒဿီ ၃။ဓမ္မဒဿီ ဟူသော ဘုရား(၃)ဆူတို့ ပွင့်တော်မူကြ၏။
၈။ ထို့နောက် ကိုးဆယ့်လေး(၉၄)ကမ္ဘာထက်၌ သာရကမ္ဘာတွင် သိဒ္ဓတ္ထဘုရား တစ်ဆူသာ ပွင့်တော်မူ၏။
၉။ ထို့နောက် ကိုးဆယ့်နှစ်(၉၂)ကမ္ဘာထက်၌ မဏ္ဍာကမ္ဘာတွင် ၁။တိဿ ၂။ဖုဿ ဟူသော ဘုရားနှစ်ဆူတို့ ပွင့်တော်မူကြ၏။
၁၀။ ထို့နောက် ကိုးဆယ့်တစ်(၉၁)ကမ္ဘာထက်၌ သာရကမ္ဘာတွင် ဝိပဿီဘုရားတစ်ဆူသာ ပွင့်တော်မူ၏။
၁၁။ ထို့နောက် သုံးဆယ့်တစ်(၃၁)ကမ္ဘာထက်၌ မဏ္ဍာကမ္ဘာတွင် ၁။သိခီ ၂။ဝေဿဘူ ဟူသော ဘုရား နှစ်ဆူတို့ ပွင့်တော်မူကြ၏။
၁၂။ ဤဘဒ္ဒကမ္ဘာတွင် ဘုရား(၅)ဆူပွင့်တော်မူမည်ဖြစ်ရာ ၁။ကကုသန် ၂။ကောဏာဂုံ ၃။ကဿပဟူသော ဘုရား(၃)ဆူတို့ ပွင့်တော်မူကြပြီးဖြစ်၏။ ၄။ဂေါတမဘုရားရှင်ကား ယခုသာသနာထွန်းကားရာဖြစ်၏။၅။ အရိမေတ္တေယျဘုရားကား ပွင့်တော်မူလတ္တံ့ဘုရားဖြစ်သည်။

http://www.dhammadownload.com

(င) ဂေါတမဘုရားလောင်း ကျင့်စဉ်နှင့် ဘုရားဂုဏ်တော်များ

(၁) ဂေါတမမြတ်စွာဘုရားအလောင်းတော် ကျင့်စဉ်အကျဉ်းစူပ်

ရှေးက ရေးသားဖော်ပြအပ်ပြီးသောအတိုင်း ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ကဿပမြတ်စွာဘုရားတိုင်အောင် နှစ်ကျိပ်လေးဆူသော မြတ်စွာ ဘုရားများထံမှာ ဗျာဒိတ်ခံယူရသည်ဖြစ်ရာ ဗျာဒိတ်ခံယူခဲ့သည့်ဘဝအထူးတို့ကို သဘောတူရာ စုရုံးဖော်ပြသည်ရှိသော် . . .

(က) ရသေ့ဘဝ = (၅)ဘဝ
(ခ) ရဟန်းဘဝ = (၉)ဘဝ
(ဂ) လူအဖြစ်ဖြင့် = (၅)ဘဝ
(ဃ) နဂါးဘဝ = (၂)ဘဝ
(င) အဖြစ်တော်တစ်မျိုးစီဖြင့် = (၃)ဘဝအားဖြင့်

စုစုပေါင်း (၂၄)ဘဝတို့ဖြစ်ကြ၏။

ရသေ့အဖြစ် (၅)ဘဝ

(က) ဒီပင်္ကရာမြတ်စွာဘုရား အထံတော်မှာ သုမေဓာ ရှင်ရသေ့အဖြစ်ဖြင့် ရှေးဦးအစ နိယတဗျာဒိတ် ခံယူတော်မူပြီးနောက် . . .

(ခ) နာရဒမြတ်စွာဘုရား အထံတော်မှာ ဇင္ဇိလအမည်ရှိသော ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူ ခြင်း၊

http://www.dhammadownload.com

(ဂ) အတ္ထဒဿီမြတ်စွာဘုရားအထံတော်မှာ သုသီမရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဃ) သိဒ္ဓတ္ထမြတ်စွာဘုရားအထံတော်မှာ မင်္ဂလရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(င) တိဿမြတ်စွာဘုရား အထံတော်မှာ သုဇာတ ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်းအားဖြင့် ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူရသောဘဝပေါင်းမှာ (၅)ငါးဘဝ ဖြစ်လေသည်။

ရဟန်းဘဝ (၉)ဘဝ

(က) ကောဏ္ဍည မြတ်စွာဘုရား အထံတော်မှာ ဝိဇ္ဇာဘိ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ခ) မင်္ဂလမြတ်စွာဘုရားအထံတော်မှာ သုရုစိပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဂ) သုမေဓမြတ်စွာဘုရား အထံတော်မှာ ဥတ္တရ အမည်ရှိသော ပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဃ) သုဇာတမြတ်စွာဘုရားအထံတော်မှာ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(င) ဖုဿမြတ်စွာဘုရားအထံတော်မှာ ဝိဇ္ဇာဘိအမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(စ) ဝေဿဘူမြတ်စွာဘုရားအထံတော်မှာ သုဒဿနအမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဆ) ကကုသန်မြတ်စွာဘုရားအထံတော်မှာ ခေမအမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

http://www.dhammadownload.com

(၆) ကောဏာဂုံမြတ်စွာဘုရား အထံတော်မှာ ပဗ္ဗတအမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(၇) ကဿပမြတ်စွာဘုရား အထံတော်မှာ ဇောတိပါလ ပုဏ္ဏားလုလင် ဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊အားဖြင့် ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၉)ကိုးဘဝဖြစ်လေသည်။

လူအဖြစ်ဖြင့် (၅)ဘဝ

(က) ရေဝတမြတ်စွာဘုရားအထံတော်မှာ အတိဒေဝအမည်ရှိသော ပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ခ) သောဘိတမြတ်စွာဘုရား အထံတော်မှာ အဇိတအမည်ရှိသော ပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဂ) ပခုမုတ္တရ မြတ်စွာဘုရားအထံတော်မှာ ဇဋိလအမည်ရှိသော သူဌေးဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဃ) ပိယဒဿီမြတ်စွာဘုရားအထံတော်မှာ ကဿပအမည်ရှိသော ပုဏ္ဏားလုင်ဖြစ်၍ လူအဖြစ် ဗျာဒိတ်ခံယူခြင်း၊

(င) သိခီမြတ်စွာဘုရားအထံတော်မှာ အရိန္ဒမအမည်ရှိသော မင်းဖြစ်၍ လူအဖြစ်ဖြင့်ပင် ဗျာဒိတ် ခံယူခြင်း အားဖြင့် လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၅) ငါးဘဝ ဖြစ်လေသည်။

နဂါးဘဝ (၂)ဘဝ

(က) သုမနမြတ်စွာဘုရား အထံတော်မှာ အတုလအမည်ရှိသော နဂါးမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း၊

(ခ) ဝိပဿီမြတ်စွာဘုရား အထံတော်မှာ အတုလအမည်ရှိသော နဂါးမင်းပင်ဖြစ်၍ ဗျာဒိတ်ခံယူ ခြင်းအားဖြင့် နဂါးအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၂)နှစ်ဘဝ ဖြစ်လေသည်။

http://www.dhammadownload.com

အဖြစ်စတော်တစ်မျိုးစီဖြင့် (၃)ဘဝ

(က) ဓမ္မဒဿီမြတ်စွာဘုရားအထံတော်မှာ သိကြားမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း (၁) တစ်ဘဝ၊

(ခ) အနောမဒဿီ မြတ်စွာဘုရား အထံတော်မှာ ဘီလူးစစ်ဘုရင်ဖြစ်၍ ဗျာဒိတ်ခံယူခြင်း (၁) တစ်ဘဝ၊

(ဂ) ပဒုမမြတ်စွာဘုရားအထံတော်မှာ ခြင်္သေ့မင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း (၁) တစ်ဘဝအားဖြင့် အဖြစ်တော်တစ်မျိုးစီဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းတို့မှာ (၃)ဘဝတို့ ဖြစ်ကုန်၏။

(လက်ာ) **ရသေ့ ပဉ္စ၊ နဝ ဘီကျူ၊ လူ့အဖြစ်ငါး၊ နှစ်နဂါးထည့်၊ သိကြားယက္ခ၊ သီဟရာဇာ၊ တစ်စီသာ၊ သခ္ခါ ဇောဝိသ။**

ရဟန်းအဖြစ်၏ ရခဲခြင်း

ဒီပင်္ကရာ မြတ်စွာဘုရားအထံတော်မှာ နိယတဗျာဒိတ်ကို ခံယူရရှိပြီးဖြစ်သော အလောင်းတော်သူမြတ်ကြီးပင် တွေ့ကြုံရသော မြတ်စွာဘုရားတို့၏ သာသနာတော်မှာ (အချိန်ကာလနှင့် နှိုင်းစာလျှင် အလွန့်အလွန် နည်းပါးလှသည်ဟု ဆိုရလောက်အောင်ပင်) နှစ်ဆယ့်လေး သာသနာ ဖြစ်၍ ထိုနှစ်ဆယ့်လေး သာသနာ တို့တွင်လည်း အလောင်းတော်သူမြတ်ကြီးမှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ် (၉)ဘဝကိုသာ ရရှိတော်မူသည်ကို ထောက်ဆလျှင် ရှင်ရဟန်းဖြစ်ရန်ကိစ္စမှာ **"ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော - ရဟန်းအဖြစ်ကို ရခဲလှ၏"**ဟူသော ကျမ်းလာစကားအရ အလွန်တရာခဲယဉ်းကြောင်း ထင်ရှားပေသည်။ နိယတဗျာဒိတ်ရပြီး ပုဂ္ဂိုလ်ကြီးများပင် ရဖို့ရန် ခဲယဉ်းလှသော ရဟန်းအဖြစ်ကို အခြားသာမညလူတို့ ရဖို့ရန်မှာ ဆိုဖွယ်ရာမရှိ၊ အလွန့်အလွန်ပင် ခဲယဉ်းလှသည်ဟူ၍သာ မှတ်ယူသင့်ပေသည်။

http://www.dhammadownload.com

(၂) အလောင်းတော်သုမြတ် ဖွားကာစဉ် စကားဆိုဘူးသည် သုံးဘဝ

မြတ်စွာဘုရား အလောင်းတော်သည် ဖွားမြင်ကာစဉ် စကားဆို တော်မူသည်မှာ ဤသီဒဋ္ဌတ္ထမင်းသား နောက်ဆုံးတစ်ဘဝသာမဟုတ်၊ မဟော်သဓာသုခမိန် ဖြစ်သောဘဝ,ဝေဿန္တရာမင်းဖြစ်သော ဘဝတို့၌လည်း ဤသို့ပင် ဖွားမြင်ကာစဉ် စကားဆိုတော်မူသည်ဖြစ်၍ ဤနောက်ဆုံး ပစ္ဆိမ (သီဒဋ္ဌတ္ထမင်းသား)ဘဝနှင့်သော် သုံးဘဝတို့၌ ဖွားမြင်ကာစတွင် စကားဆိုတော်မူ၏ဟု သိမှတ်အပ်၏။

ဖွားပက်စတ် ဒုနစ်ဦးတို့အစကြောင်း

မြတ်စွာဘုရား အလောင်းတော်ကို ဖွားမြင်တော်မူသော အခိုက် ကာလ ထိုခဏ၌ပင် -

၁။ ဘဒ္ဒကစ္စာနာမည်သော ရာဟုလမယ်တော် ယသောဓရာမင်းသမီး၊

၂။ အာနန္ဒာမင်းသား၊

၃။ ဆန္နအမတ်၊

၄။ ကာဠုဒါယီအမတ်၊

၅။ ကဏ္ဍကမြင်းတော်၊

၆။ မဟာဗောဓိ=ဗုဒ္ဓဟေညောင်ပင်၊

၇။ ရွှေအိုးကြီးလေးပုံ -

ဤ(၇)ပါးတို့သည်လည်း တပြိုင်နက် ဖွားမြင်ဖြစ်ပေါ်လာကြကုန်၏။

http://www.dhammadownload.com

ဘုရားစလောင်းမင်းသား၏ စံနန်းစတ် (၃)ဆောင်

သားတော် စံမြန်းရန် ဆောင်း, နွေ, မိုးဟု ဆိုအပ်ကုန်သော ဥတုသုံးပါးတို့နှင့် သင့်လျော်လျောက်ပတ်သည့် ရမ္မရွှေနန်းဆောင်, သုရမ္မရွှေနန်းဆောင်, သုဘရွှေနန်းဆောင် ဟူသော နန်းမ ပြာသာဒ်သုံးဆောင်တို့ကို စီရင်ဆောက်လုပ်စေတော်မူ၏။

ထိုနန်းပြာသာဒ် သုံးဆောင်တို့သည် အလျား၊ အနံ၊ အမြင့်အားဖြင့် အတိုင်းအရှည် ပမာဏချင်း တူမျှကြကုန်၏။ ဘုံအဆင့်အားဖြင့်သာလျှင် ထူးခြားကြကုန်၏။

(၁) ဆောင်းရာသီ၌ စံမြန်းတော်မူရန် ရမ္မနန်းပြာသာဒ်ဆောင်ကို ဆောက်လုပ်စီရင်အပ်၏။

(၂) နွေရာသီ၌ စံမြန်းတော်မူရန် သုရမ္မနန်းပြာသာဒ်ဆောင်ကို ဆောက်လုပ်စီရင်အပ်၏။

(၃) မိုးရာသီ၌ စံမြန်းတော်မူရန် သုဘနန်းပြာသာဒ်ဆောင်ကို ဆောက်လုပ်စီရင်အပ်၏။

အသက်ရှည်သော ဘုရားအလောင်းတို့မှာ အနှစ်တရာ အနှစ်တရာလွန်မှ နိမိတ်ကြီးလေးပါးတို့တွင် တပါးတပါးကို မြင်တော်မူကြကုန်၏။ ငါတို့၏ ဘုရားအလောင်းသည်ကား အသက်တိုသောအခါဖြစ်တော်မူ ရသောကြောင့် လေးလ လေးလ လွန်လျှင် ဥယျာဉ်တော်သို့ အသွားအစဉ်အတိုင်း နိမိတ်ကြီး တပါးတပါးကို မြင်တော်မူလေသည်။

http://www.dhammadownload.com

(၃) နက္ခတ်အပိုင်းအခြား(၄)မျိုးနှင့် အစေ့စတော်ကြီး(၁၀)မျိုး

ဘုရားလောင်းတို့နှင့်စပ်သော နက္ခတ်အပိုင်းအခြားကိုကား ဤသို့သိအပ်၏။ (၁) ယောက်ျားမြတ် ဖြစ်သော ပစ္စိမဘဝိက ဘုရားလောင်းသည် ဥတ္တရာသာဠှနက္ခတ်နှင့်ယှဉ်၍ ဝါဆိုလပြည့်နေ့၌သာလျှင် မယ်တော်ဝမ်းသို့ သက်သောအားဖြင့် ပဋိသန္ဓေတည်နေတော်မူခြင်း, မြတ်သော တောထွက်တော်မူခြင်း, ဓမ္မစကြာတရားဦးကို ဟောတော်မူခြင်း, ရေ၊ မီး အစုံ အစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူခြင်းတို့ကို ပြုတော်မူ၏။ (၂) ဝိသာခါနက္ခတ်နှင့် ယှဉ်၍ ကဆုန်လပြည့်နေ့၌သာလျှင် ဖွားမြင်တော်မူခြင်းသည် လည်းကောင်း, ဆရာမရှိ သစ္စာ (၄)ပါး တရားတို့ကို ထိုးထွင်း၍ သိတော်မူခြင်း၊ ဘုရားဖြစ်ခြင်းသည် လည်းကောင်း၊ ခန္ဓပရိနိဗ္ဗာန် စံတော်မူခြင်းသည်လည်းကောင်း ဖြစ်၏။ (၃) မာယနက္ခတ်နှင့်ယှဉ်၍ တပို့တွဲလပြည့်နေ့၌သာလျှင် တပည့်သာဝကတို့ စည်းဝေးတော်မူခြင်းသည်လည်းကောင်း, အာယုသင်္ခါရလွှတ်တော်မူခြင်းသည် လည်းကောင်း ဖြစ်၏။ (၄) အဿယုဇနက္ခတ်နှင့် ယှဉ်၍ သီတင်းကျွတ်လပြည့်နေ့၌သာလျှင် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၏။ ။ ဤပြအပ်ခဲ့ပြီးသည်ကား နက္ခတ်အပိုင်း အခြားတည်း။

(ဗုဒ္ဓဝံသအဋ္ဌကထာ-၃၅၁)

http://www.dhammadownload.com

(၄) ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ စုနှစ်နေ့ ဘုရားရှိစိုးနှင့် ဆုတောင်း

ကြာသပတေးနေ့ ပဋိသန္ဓေယူ

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဋ္ဌာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူ ငြိမ်းဖို့ ကိန်းပါကို။ *(မဟာသက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့ ပဋိသန္ဓေနေတော်မူသည်)*

သောကြာနေ့ ဖွားမြင်

၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက် ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့၊ လမ်းပါကို။ *(မဟာသက္ကရာဇ် ၆၈-ခု ကဆုန်လပြည့် သောကြာနေ့ ဖွားတော်မူသည်)*

တနလ်ာနေ့ တောထွက်

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီး လစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ် ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရိပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခမ်းပါကို။ *(မဟာသက္ကရာဇ် ၉၇-ခု ဝါဆိုလပြည့် တနလ်ာနေ့ တောထွက်တော်မူသည်)*

ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်

၄။ တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊

http://www.dhammadownload.com

ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ။ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အလျှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက် ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ငြိမ်းပါကို။ *(မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်တော်မူသည်)*

စနေနေ့ ဓမ္မစကြာဟော

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါး ဝဂ်ဂို၊ စုံအညီနှင့်၊ မဟီတစ် သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်လူဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။ *(မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့် စနေနေ့ ဓမ္မစကြာတရား ဟောတော်မူသည်)*

အင်္ဂါနေ့ ပရိနိဗ္ဗာန်စံ

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသို့က်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက် သည်၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေး ဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလွှာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗာန်။ စံတော်မူသည်၊ ဝှမ်းဆူသောင်းလုံး ကျော်တယ်ကို။ *(မဟာသက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ ပရိနိဗ္ဗာန်စံတော်မူသည်)*

http://www.dhammadownload.com

တနင်္ဂနွေနေ့ တေဇောဓာတ်လောင်

၇။ နိဗ္ဗူစံပြီ၊ ရှုမအီသာ၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဋုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇော လျှင်၊ ရှင်စောဉာဏ်စက်၊ ဓိဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော် သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။ *(မဟာသက္ကရာဇ် ၁၄၈-ခု ကဆုန်လဆုတ်(၅)ရက်၊ တနင်္ဂနွေနေ့ တေဇောဓာတ်လောင်တော်မူသည်)*

ဆုတောင်း

၈။ ထိုခုနှစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူ လျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသောဝ်။

အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ ဘိဓမ္မာနှင့်၊ ကြေငြာကျော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်အောင်မြို့၊ ရောက်စေသောဝ်။

သုံးလူထွတ်ထား၊ မြတ်တရားနှင့် ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ ဤပုညကြောင့်၊ ဒိဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီပုည၊ မြတ်ဓမ္မလည်း၊ နိစ္စရွင်ဖြိုး၊ နေ့စဉ်တိုးသည်၊ သက်ဇိုဝ်းကြာမြင့် ရှည်စေသောဝ်။

http://www.dhammadownload.com

(၅) သတ္တဋ္ဌာနဘုန်းတော်ဘွဲ့ ဘုရားရှိစိုး

ပဌမံ ဗောဓိပလ္လင်၊ ဒုတိယဉ္စ အနိမိသံ။
တတိယံ စင်္ကမဉ္စေဝ၊ စတုတ္ထံ ရတနာဃရံ။
ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ၊ သတ္တဋ္ဌာနံ အဟံ နမေ။

(၁) ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်၊ ပညိန္ဒေ၊ ချွေရာမှန်ဘိ၊ ဗောဓိကြငှန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှပေါက်သား၊ ရောင်တောက်မာရ်နှင့်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစမ္ပယ်သည်၊ ဘုန်းကြွယ်လက်ဦး ပွဲပေကို။ *(ဗောဓိပင်၏ အရှေ့ဘက် လေးတောင်ကွာဝေး သော အပရာဇိတပလ္လင်တော်၌ ကဆုန်လပြည့်ကျော် (၁) ရက်နေ့မှ ကဆုန်လျှပ် (၇)ရက်နေ့ထိ (၇)ရက်ပတ်လုံး သီတင်းသုံးတော်မူသည် = ပလ္လင် သတ္တာဟ)*

(၂) နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပျံမှ၊ ဧသန် တူရူ၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိမ်းစိမ်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရွှင်သည်၊ ကြည်လင်ညွှတ်နူး ဘွယ်ပေကို။ *(ဗောဓိပင်၏ အရှေ့မြောက်ဘက် တစ်ဆယ့်လေး လံကွာအရပ်၌ ကဆုန်လျှပ် (၈) ရက်နေ့မှ ကဆုန်လျှပ် (၁၄) ရက်နေ့ထိ ဗောဓိပင်နှင့် ပလ္လင်တော်ကို မမှိတ်သောမျက်စိဖြင့် ကြည့်၍ (၇)ရက်ပတ်လုံး သီတင်းသုံးတော် မူသည်=အနိမိသသတ္တာဟ)*

(၃) သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလား တုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်၊ တရားဆင်ခြင် လျက်ပေကို။ *(ဗောဓိပင်နှင့်*

http://www.dhammadownload.com

အနိမိသ အရပ်ကြား အရှေ့အနောက်တန်း၍ အတောင်ခြောက်ဆယ် ရှိသော ရတနာ စကြိုဠ် ကဆုန်လျှပ် (၁၅) ရက်နေ့မှ နယုန်လဆန်း (၆) ရက်နေ့ထိ စကြိုကြွ၍ (၇)ရက်ပတ်လုံး သီးတင်းသုံးတော်မူသည် = စက်မသတ္တာဟာ။)

(၄) လေးကြိမ်မြောက်ထ၊ သတ္တာဟာတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဘွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ။ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်၊ ရောင်ရှင်ခြောက်ဖြာ ညီးလို့ကိုး။ (ဗောဓိပင်၏ အနောက်မြောက်ဘက် ဆယ်လံအကွာတွင် နတ်တို့ဖန်ဆင်းအပ်သော ရတနာ ရွှေအိမ်၌ နယုန်လဆန်း (၇) ရက်နေ့မှ နယုန်လွှတ်း (၁၃) ရက်နေ့ထိ (၇) ရက်ပတ်လုံး သီတင်းသုံးတော်မူသည် = ရတနာဃရ သတ္တာဟာ)

(၅) ငါးကြိမ်မြောက်ထ၊ သတ္တာဟာတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြုဗွာ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမေ၊ စမွယ်နေသည်၊ ရိုသေမြတ်နိုးဘွယ်ပေကို။ (ဗောဓိပင်၏ အရှေ့ဘက် အဇပါလမည်သော ဆိတ်ကျောင်းညောင်ပင်၌ နယုန်လွှန်း (၁၄) ရက်နေ့မှ နယုန်လျှပ် (၅) ရက်နေ့ထိ (၇) ရက်ပတ်လုံး သီတင်းသုံးတော်မူသည် = အဇပါလသတ္တာဟာ။)

(၆) ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟာတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညှိပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ ပန်းမျိုး စုံသည်၊ မုဉ္ဇလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင် ရင်းဝယ်၊ သနင်းလှူ့ဆော်၊ စမွယ်နေသော၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ခိုးအံ့တန်ခိုး၊ ဆောင်းကာမိုးသည်၊ ရှေးကျိုး သမ္ဘာတော်ကြောင့်ကို။ (ဗောဓိပင်၏ အရှေ့တောင်မျက်နှာ နှစ်ဆယ့်ကိုးလံကွာ၌

http://www.dhammadownload.com

ရှိသော မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၊ နဂါးမင်း၏အခွေအတွင်း၌
(၇) ရက်ပတ်လုံး သီတင်းသုံးတော်မူသည်= မုစလိန္ဒသတ္တာဟ။)
(၇) ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင်လက်ျာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌၊ သဗ္ဗညု ဖျား၊ ပျော်စံစားသည်၊ ကြီးမားဉာဏ်တော် ဖွင့်လိုကို။ (ဗောဓိပင်၏တောင်ဘက် အလံလေးဆယ်ကွာ၌ရှိသော ရာဇာယတနဟု ခေါ်သော လင်းလွန်းပင်၌ နယန်လျှပ် (၁၃) ရက်နေ့မှ ဝါဆိုလဆန်း (၅) ရက်နေ့အထိ (၇) ရက်ပတ်လုံး သီတင်းသုံးတော်မူသည် = ရာဇာယတန သတ္တာဟ။)

ထိုခုနှစ်ပါး၊ အရပ်များကို၊ ရှေ့သွားသဒ္ဓါ၊ ကြည်ညိုစွာလျှင်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့် ဦးချ ညွတ်ကျိုး ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်းပြည့်စေသောဝ်။

http://www.dhammadownload.com

(စ) ဂါတမ ဗုဒ္ဓဝံသ ပါဠိတော်+မြန်မာပြန်

ဂေါတမဗုဒ္ဓဝံသ ပါဠိတော်

၁။ အဟ မေတရဟိ သမ္ဗုဒ္ဓေါ၊ ဂေါတမော သက္ယဝမုနော။
ပဓာနံ ပဒဟိတ္ဝာန၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။

၂။ ဗြဟ္မုနာ ယာစိတော သန္တော၊ ဓမ္မစက္ကံ ပဝတ္တယိ။
အဌာရသန္နံ ကောဋီနံ၊ ပဌမာဘိသမယော အဟူ။

၃။ တတော ပရဉ္စ ဒေသေန္တော၊ နရဒေဝ သမာဂမေ။
ဂဏနာယ နှ ဝတ္တဗ္ဗော၊ ဒုတိယာဘိသမယော အဟူ။

၄။ ဣဓေဝါဟံ ဧတရဟိ၊ သြဝဒိ မမ အတြဇံ။
ဂဏနာယ နှ ဝတ္တဗ္ဗော၊ တတိယာဘိသမယော အဟူ။

၅။ ဧကောသိ သန္နိပါသော မေ၊ သာဝကာနံ မဟေသိနံ။
အမုတေဇုသသတာနံ၊ ဘိက္ခူနာသိ သမာဂမော။

၆။ ဝိရောစမာနော ဝိမလော၊ ဘိက္ခုသံဃသ မဇ္ဈဂေါ။
ဒဒါမိ ပတ္တိတံ သဗ္ဗံ၊ မဏီဝ သဗ္ဗကာမဒေါ။

၇။ ဖလ မာကဉ်မာနာနံ၊ ဘဝစ္ဆန္ဒ ဇဟေသိနံ။
စတုသစ္စံ ပကာသေမိ၊ အနုကမ္ပာယ ပါဏိနံ။

http://www.dhammadownload.com

၈။ ဒသဝိသသဟဿာနံ၊ ဓမ္မာဘိသမယော အဟု။
ဧကဒ္ဓိန္နံ အဘိသမယော၊ ဂဏနာတော အသင်္ချေယ္ယော။

၉။ ဝိတ္တာရိုက် ဗာဟုဇည်၊ ကွဒ္ဒံ ဖိတံ သုဖုလ္လိတံ။
ကွဓ မယ္ပံ သက္ကမုနိနော၊ သာသနံ သုဝိသောဓိတံ။

၁၀။ အနာသဝါ ဝီတရာဂါ၊ သန္တစိတ္တာ သမာဟိတာ။
ဘိက္ခူ နေကသတာ သင်္ဃော၊ ပရိဝါရေန္တိ မံ သဒါ။

၁၁။ ကွဒါနိ ယေ ဧတရဟိ၊ ဇဟန္တိ မာနုသံ ဘဝံ။
အပ္ပတ္တာမာနသာ သေခါ၊ တေ ဘိက္ခူ ဝိညူဂရဟိတာ။

၁၂။ အရိယဉ္စ သံထောမယန္တာ၊ သဒါ ဓမ္မရတာ ဇနာ။
ဗုဒ္ဓိသန္တိ သတိမန္တော၊ သံသာရသရိတံ ဂတာ။

၁၃။ နဂရံ ကပိလဝတ္ထု မေ၊ ရာဇာ သုဒ္ဓေါဒနော ပိတာ။
မယ္ပံ ဇနေတ္တိကာ မာတာ၊ မာယာဒေဝီတိ ဝုစ္စတိ။

၁၄။ ဧကူနတိံသဝဿာနိ၊ အဂါရံ အဇ္ဈဟံ ဝသိံ။
ရမ္မော သုရဓမ္မော သုဘကော တယော ပါသာဒ မုတ္တမာ။

၁၅။ စတ္တာရီသသဟဿာနိ၊ နာရိယော သမလင်္ကတာ။
ဘဒ္ဒကပ္ပနာ နာမ နာရီ၊ ရာဟုလော နာမ အတြဇော။

၁၆။ နိမိတ္တေ စတုရော ဒိသွာ၊ အဿယာနေန နိက္ခမိံ။
ဆဗ္ဘဿံ ပဓာနစာရံ၊ အစရိံ ဒုက္ကရံ အဟံ။

၁၇။ ဗာရာဏသိယံ ဂ္ဂသိပတနေ၊ စက္ကံ ပဝတ္တိတံ မယာ။
အဟံ ဂေါတမသမ္မုဒ္ဓေါ၊ သရဏံ သဗ္ဗပါဏိနံ။

၁၈။ ကောလိတော ဥပတိဿော စ၊ ဒွေ ဘိက္ခူ အဂ္ဂသာဝကာ။
အာနန္ဒော နာမုပဋ္ဌာကော၊ သန္တိကာဝစရော မမ။
ခေမာ ဥပ္ပလဝဏ္ဏာ စ၊ ဘိက္ခုနီ အဂ္ဂသာဝိကာ။

http://www.dhammadownload.com

၁၉။ စိတ္တော ဟတ္ထာဇဝကော စ၊ အဂ္ဂုပဋ္ဌာကုပါသကာ။
နန္ဒမာတာ စ ဥတ္တရာ၊ အဂ္ဂုပဋ္ဌာကုပါသိကာ။
၂၀။ အဟံ အဿတ္ထမူလမ်ိ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
ဗျာမပ္ပဘာ သဒါ မယ္ဟံ၊ သောဠသဟတ္ထမုဂ္ဂတာ။
၂၁။ အပ်ံ ဝဿသတံ အာယု၊ ဣဒါနေတရဟိ ဝိဇ္ဇတိ။
တာဝတာ တိဋ္ဌမာနောဟံ၊ တာရေမိ ဇနတံ ဗဟုံ။
၂၂။ ဌပယိတ္ဝာန ဓမ္မဂ္ဂံ၊ ပစ္ဆိမံ ဇနတောဓနံ။
အဟမ်ိ နစိရဿေဝ၊ သဒ္ဓိံ သာဝကသံဃတော။
ဣဓေဝ ပရိနိဗ္ဗိဿံ၊ အဂ္ဂိ ဝါဟာရသဉ်ဉာ။
၂၃။ တာနိ စ အတုလတေဇာနိ၊ ဣမာနိ စ ဒသဗလာနိ[၁]။
အယဉ္စ ဂုဏာရဏော ဒေဟော၊ ဒွတ္တိံ သဝရလက္ခဏဝိစိတ္တော။
၂၄။ ဒသ ဒိသာ ပဘာသေတ္ဝာ၊ သတရံသီဝ ဆပ္ပဘာ။
သဗ္ဗံ တမန္ဓရဟိဿန္တိ၊ နနု ရိတ္တာ သဗ္ဗသခ်ိရာတိ။

ဂေါတမဿ ဘဂဝတော ဝံသော ပဋ္ဌဝိသတိမော။

စာတုဘာဏိယကထာ

၁။ မဟာဂေါတမော ဇိနဝရော၊ ကုသိနာရမ်ို နိဗ္ဗုတော။
စာတုဝိတ္ထာရိကံ အာသိ၊ တေသု တေသု ပဒေသတော။
၂။ ဧကော အဇာတသတ္တုဿ၊ ဧကော ဝေသာလိယာ ပုရေ။
ဧကော ကပိလဝတ္ထုသ်ိံ၊ ဧကော စ အလ္လကပ္ပကေ။
၃။ ဧကော စ ရာမဂါမမ်ို၊ ဧကော စ ဝေဋ္ဌဒီပကေ။
ဧကော ပါဝေယ္ယကေ မလ္လေ၊ ဧကော စ ကောသိနာရကေ။

http://www.dhammadownload.com

၄။ ကုမ္ဘဿ ထူပံ ကာရေသိ၊ ဗြာဟ္မဏော ဒေါဏသဝှယော။
အဂ်ါရထူပံ ကာရေသုံ၊ မောရိယာ တုဋ္ဌမာနသာ။
၅။ အဋ္ဌ သာရီရိကာ ထူပါ၊ နဝမော ကုမ္ဘစေတိယော။
အဂ်ါရထူပေါ ဒသမော၊ တဒါယေဝ ပတိဋ္ဌိတော။
၆။ ဥဏ္ဍီသံ စတသော ဒါဋ္ဌာ၊ အက္ခကာ ဒွေ စ ဓာတုယော။
အသမ္ဘိန္နာ ဣမာ သတ္တ၊ သေသာ ဘိန္နာဝ ဓာတုယော။
၇။ မဟန္တာ မုဂ္ဂမတ္တာ စ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာ စ၊ နာနာဝဏ္ဏာ စ ဓာတုယော။
၈။ မဟန္တာ သုဝဏ္ဏဝဏ္ဏာ စ၊ မုတ္တဝဏ္ဏာ စ မဇ္ဈိမာ။
ခုဒ္ဒကာ မကုလဝဏ္ဏာ စ၊ သောဋ္ဌသဒေါဏမတ္တိကာ။
၉။ မဟန္တာ ပဉ္စ နာဋ္ဌိယော၊ နာဋ္ဌိယော ပဉ္စ မဇ္ဈိမာ။
ခုဒ္ဒကာ ဆ နာဋ္ဌီ စေဝ၊ ဧတာ သဗ္ဗာပိ ဓာတုယော။
၁၀။ ဥဏ္ဍီသံ သီဟဋ္ဌေ ဒီပေ၊ ဗြဟ္မလောကေ စ ဝါမကံ။
သီဟဋ္ဌေ ဒက္ခိဏက္ခဉ္စ၊ သဗ္ဗာပေတာ ပတိဋ္ဌိတာ။
၁၁။ ဧကော ဒါဋ္ဌာ တိဒသပုရေ၊ ဧကော နာဂပုရေ အဟု။
ဧကော ဂန္ဓာရဝိသယေ၊ ဧကော ကလိဂ်ရာဇိနော။
၁၂။ စတ္တာလီသသမာ ဒန္တာ၊ ကေသာ လောမာ စ သဗ္ဗသော။
ဒေါဝါ ဟရိံသု ဧကေကံ၊ စက္ကဝါဋ္ဌ ပရမ္ပရာ။
၁၃။ ဝဇိရာယံ ဘဂဝတော၊ ပတ္တော ဒဏ္ဍဉ္စ စီဝရံ။
နိဝါသနံ ကုလဃရေ၊ ပစ္စတ္ထရဏံ. ကပိလဝှယေ၂။
၁၄။ ပါဋ္ဌလိပုတ္တ ပုရမ္ဘိ၊ ကရဏံ ကာယဗန္ဓနံ။
စမ္ပာယုဒကသာဋ္ဌိယံ၊ ဥဏ္ဏလောမဉ္စ ကောသလေ။

http://www.dhammadownload.com

၁၅။ ကာသာဝံ ဗြဟ္မလောကေ စ၊ ဝေဠုနံ တိဒသေ ပုရေ။
နိသီဒနံ အဝန္တိသု၊ ရဉ္ဉေ² အတ္ထရဏံ တဒါ။
၁၆။ အရဏီ စ မိထိလာယံ၊ ဝိဒေဟေ ပရိသာဝနံ။
ဝါသိ သူစိယရဉ္ဉာပိ၊ ဣန္ဒပတ္ထပုရေ တဒါ။
၁၇။ ပရိက္ခာရာ အဝသေသာ၊ ဇနပဒေ အပရိမ္ဟကေ။
ပရိဘုတ္တာနိ မုနိနာ၊ အင်္ကသု မနုဇာ တဒါ။
၁၈။ ဓာတုဝိတ္ထာရိကံ အာသိ၊ ဂေါတမဿ မဟေသိနော။
ပါဏီနံ အနုကမ္ပာယ၊ အဟု ပေါရာဏိကံ တဒါတိ။

ဓာတုဘာဇနီယကထာ နိဋ္ဌိတာ။

ဂေါတမဗုဒ္ဓဝင် ပါဠိတော် မြန်မာပြန်

၁။ ယခုအခါ ငါသည် ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကို အားထုတ်ပြီး လျှင် သာကီဝင်မင်းတို့၏ စိတ်ကို တိုးပွါးစေ တတ်သော ဂေါတမမြတ်စွာဘုရားဖြစ်၍ မြတ်သော ဗောဓိဉာဏ်ကို ရတော်မူ၏။

၂။ (ငါသည်) ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ ဓမ္မစကြာကို ဟောတော်မူ၏။ (ထိုအခါ တဆယ့်ရှစ်ကုဋေ သော လူနတ်ဗြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် ရှေးဦးစွာ (သိခြင်း)ဖြစ်လေ၏။

၃။ ထို့နောက် နတ်လူတို့၏ အစည်းအဝေးဌာ တရားဟောတော်မူသည် ရှိသော် ဂဏန်းသန်ချာအားဖြင့် မပြောဆို နိုင်သော (သစ္စာလေးပါး ကို)သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

http://www.dhammadownload.com

၄။ ယခုအခါ ငါသည် ဤကပိလဝတ်မြို့၌ပင်လျှင် ငါ၏သားတော် ရာဟုလာကို ဆုံးမတော်မူ၏။ (ထိုအခါ သတ္တဝါတို့၏) ဂဏန်း သခ်ၤာအားဖြင့် မပြောဆိုနိုင်သော (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း) ဖြစ်လေ၏။

၅။ ငါအား သီလစသော ဂုဏ်ကို ရှာမှီးကုန်သော တပည့်သာဝက တို့၏ အစည်းအဝေးသည် တကြိမ်သာ ဖြစ်၏။ (ထိုအစည်း အဝေးသည်)တထောင့်နှစ်ရာ့ ငါးဆယ်သော ရဟန်းတို့၏ အစည်း အဝေးဖြစ်၏။

၆။ ရဟန်းသံဃာ၏ အလယ်သို့ ရောက်သည်ဖြစ်၍ (ကိလေသာ) အညစ်အကြေးကင်းလျက် တင့်တယ်သော ငါသည် အလိုခပ်သိမ်း ကို ပေးတတ်သော (စိန္တာမဏိ)ပတ္တမြားကဲ့သို့ (နတ်လူတို့) တောင့်တအပ်သော အရာ အားလုံးကို ပေးတော်မူ၏။

၇။ ငါသည် ဖိုလ်ကို အလိုရှိကုန်သော ဘဝတဏှာကို ပယ်စွန့်လို ကုန်သော သတ္တဝါတို့အား အစဉ်သနားခြင်းဖြင့် သစ္စာလေးပါးကို ပြတော်မူ၏။

၈။ (ထိုအခါ) သုံးသောင်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါး) တရားကို သိခြင်းသည် ဖြစ်၏၊ တစ်ဦး နှစ်ဦးသော သတ္တဝါတို့၏ (သစ္စာလေးပါးတရားကို) သိခြင်းသည် ဂဏန်းအားဖြင့် မရေတွက် နိုင်ချေ။

၉။ ဤအခါ သာကီဝင်မျိုးမှ ရဟန်းဖြစ်သော ငါဘုရား၏ ကောင်းစွာ သန့်ရှင်းသော သာသနာတော်သည် ပြန့်နှံ့၏။ များစွာသော လူတို့ သည် သိအပ်၏၊ ပြည့်စုံစည်ကားလျက် ကောင်းစွာ ပွင့်လင်းပေ၏။

http://www.dhammadownload.com

၁၀။ အာသဝေါမရှိကုန်သော ရာဂကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တည်တံ့ကုန်သော အရာမက မျှားစွာကုန်သော ရဟန်းအားလုံးတို့သည် ငါဘုရားကို အခါခပ်သိမ်း ခြံရံကုန်၏။

၁၁။ ဤယခုအခါ၌ အကြင်သေက္ခ (ရဟန်း)တို့သည် အရဟတ္တဖိုလ်သို့ မရောက်ကုန်မူ၍ လူ့ဘဝခန္ဓာကိုယ်ကို စွန့်ကုန်၏။ ထိုသေက္ခ ရဟန်းတို့ကို ပညာရှိတို့သည် ကဲ့ရဲ့အပ်ကုန်၏။

၁၂။ အရိယာမဂ်လမ်းစဉ်ကို ချီးမွမ်းကုန်သော အခါခပ်သိမ်းတရား၌ ပျော်မွေ့ကုန်သော သတိရှိကုန်လျက် သံသရာသမုဒ္ဒရာသို့ ကူးသွားကုန်သော သတ္တဝါတို့သည် (သစ္စာလေးပါးကို) သိကုန်လတ္တံ့။

၁၃။ ငါ၏မြို့တော်ကို ကပိလဝတ်ဟူ၍၎င်း ခမည်းတော်ကို သုဒ္ဓေါဒန မင်းဟူ၍၎င်း ငါ၏ မယ်တော်ရင်းကို မာယာမိဖုရားဟူ၍၎င်း ခေါ်ဆိုအပ်၏။

၁၄။ ငါသည် နှစ်ဆယ့်ကိုးနှစ်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍နေ၏။ (ငါ့အား) ရမ္မ သုရမ္မသုဘအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၁၅။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမတို့သည် လေးသောင်းရှိကုန်၏၊ (ငါ၏) မိဖုရားသည် ဘဒ္ဒကစ္စနာ မည်၏၊ သားတော်သည် ရာဟုလာမည်၏။

၁၆။ ငါသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ မြင်းယာဉ်ဖြင့် တောထွက်တော်မူ၏။ ခြောက်နှစ်ပတ်လုံး ပြုနိုင်ခဲသော ကမ္မဋ္ဌာန်း စီးဖြန်းခြင်းလုံ့လအကျင့်ကို ကျင့်တော်မူ၏။

http://www.dhammadownload.com

၁၇။ ငါသည် အလုံးစုံသော သတ္တဝါတို့၏ ကိုးကွယ်ရာ ဂေါတမ မြတ်စွာဘုရားဖြစ်၍ ဗာရာဏသီမြို့ ဣသိပတန (မိဂဒါဝုန်) သမင်တော၌ ဓမ္မစက္ကာကို ဟောတော်မူအပ်၏။

၁၈။ ကောလိတသည်ဌင်း ဥပတိဿသည်ဌင်း ရဟန်းနှစ်ပါးတို့သည် မြတ်သော တပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်၏၊ ငါ၏အနီး၌ လှည့်လှည်လျက်ရှိသော အာနန္ဒာသည် အလုပ်အကျွေး ရဟန်းမည်၏၊ ခေမာသည်ဌင်း ဥပ္ပလဝဏ္ဏာသည်ဌင်း မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်၏။

၁၉။ စိတ္တာသည်ဌင်း ဟတ္ထာဠဝကသည်ဌင်း မြတ်သော အလုပ်အကျွေး ဥပါသကာ 'အဂ္ဂဥပဋ္ဌက' တို့ဖြစ်ကုန်၏။ နန္ဒမာတာသည်ဌင်း ဥတ္တရာသည်ဌင်း မြတ်သော အလုပ်အကျွေး ဥပါသိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ဖြစ်ကုန်၏။

၂၀။ ငါသည် ညောင်ဗုဒ္ဓဟေပင်ရင်း၌ မြတ်သော ဗောဓိဉာဏ်ကို ရတော်မူ၏၊ တလံမျှသော ရောင်ခြည်တော်သည် ငါ့အား အခါခပ်သိမ်းရှိ၏၊ ငါသည် တဆယ့်ခြောက်တောင်မြင့်တော်မူ၏။

၂၁။ ဤယခုအခါ၌ အသက်တမ်းသည် အနှစ်တရာ အနည်းငယ်မျှသာ ရှိ၏၊ ငါသည် ထိုမျှလောက်သာ အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၂။ ငါသည် နောက်၌ဖြစ်သော သတ္တဝါအပေါင်းကို သိစေနိုင်သော တရားမီးရှူးတိုင်ကို ထားပြီးလျှင် မီးစာ ကုန်ခြင်းကြောင့် ငြိမ်းသော မီးကဲ့သို့ မကြာမီပင် တပည့်သားသံယာနှင့်အတူ ဤလောက၌ပင် ပရိနိဗ္ဗာန်စံရ ပေလတ္တံ့။

http://www.dhammadownload.com

၂၃။ ထိုအတုမရှိသော တန်ခိုးတော်တို့သည်၎င်း ဤဆယ်ပါးသော (အခြံအရံ) အားတော် တန်ခိုးတော်တို့သည်၎င်း သုံးဆယ် နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့ဖြင့် အထူးဆန်းကြယ် သည့်ဂုဏ်ကို ဆောင်သော ကိုယ်တော် သည်၎င်း -

၂၄။ နေကဲ့သို့ အရပ်ဆယ်မျက်နှာတို့ကို ထွန်းလင်းတောက်ပသော ရောင်ခြည်တော်ခြောက်သွယ်တို့သည်၎င်း ထိုအားလုံးသည်ပင် ကွယ်ပျောက်လတ္တံ့၊ အလုံးစုံသော သခ်ါရတို့သည် အချည်းနှီး တို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

ဂေါတမဗုဒ္ဓဝင် ပါဠိတော် မြန်မာပြန် ပြီး၏။

(၂) ဓာတုဘာဇနီယကထာ
(ဓာတ်တော်ခွဲဝေခန်း)

၁။ မဟာဂေါတမ ဘုရားမြတ်သည် ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ (ထိုမြတ်စွာဘုရား၏)ဓာတ်တော်သည် ထိုထိုအရပ် တို့၌ ပြန့်နှံ့လျက် ရှိလေ၏။

၂။ အဇာတသတ်မင်း၏ နိုင်ငံ၌ ဓာတုစေတီတဆူ၎င်း ဝေသာလီမြို့၌ ဓာတုစေတီတဆူ၎င်း ကပိလဝတ်မြို့၌ ဓာတုစေတီတဆူ၎င်း အလ္လကပ္ပတိုင်း၌ ဓာတုစေတီတဆူ၎င်း -

၃။ ရာမဂ္ဂာ၌ ဓာတုစေတီတဆူ၎င်း ဝေဋ္ဌဒီပကတိုင်း၌ ဓာတုစေတီ တဆူ၎င်း မလ္လတိုင်း ပါဝေယျကမြို့၌ ဓာတုစေတီတဆူ၎င်း ကုသိနာရုံမြို့၌ ဓာတုစေတီတဆူ၎င်း ဤသို့ ထိုမြတ်စွာဘုရား၏ ဓာတ်တော်သည် ထိုထို အရပ်တို့၌ ပြန့်နှံ့လျက် ရှိလေ၏။

http://www.dhammadownload.com

၄။ ဒေါက္ခအမည်ရှိသော ပုဏ္ဏားသည် (ဓာတ်တော်ခြင့်)အိုးကို စေတီ (ပုထိုး)တည်ထားလေ၏၊ မောရိယ မြို့သူ မြို့သားတို့သည် နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ စန္ဒကူးမီးသွေးစေတီ (ပုထိုး)ကို တည်ထားပြုကုန်၏။

၅။ ထိုအခါ၌ပင် သာရီရိက စေတီ(ပုထိုး)ရှစ်ဆူတို့သည်၄င်း ကိုးဆူမြောက် ကုမ္ဘ(ဓာတ်တော်ခြင့်အိုး) စေတီ သည်၄င်း ဆယ်ဆူမြောက် အင်္ဂီရ (စန္ဒကူး မီးသွေး) စေတီသည်၄င်း (လောက၌) တည်ရှိကုန်၏။

၆။ သင်းကျစ်တော်သည်၄င်း စွယ်တော်လေးဆူတို့၄င်း ညှပ်ရိုးနှစ်ဆူတို့၄င်း ဤဓာတ်တော်ခုနှစ်ဆူတို့သည် အသမ္ဘိန္နေ (ကွဲပျက်ခြင်းမရှိသော) ဓာတ်တော်တို့တည်း၊ ကြွင်းသော ဓာတ်တော်တို့သည် သမ္ဘိန္နေ (ကွဲပျက်သော) ဓာတ်တော်တို့သာတည်း။

၇။ အကြီးဆုံး ဓာတ်တော်တို့သည် ပဲနောက်စေ့မျှ ရှိကုန်၏၊ အလတ်စား ဓာတ်တော်တို့သည် ဆန်ကျိုးစေ့မျှ ရှိကုန်၏၊ အငယ်ဆုံး ဓာတ်တော်တို့သည် မုန်ညင်းစေ့မျှ ရှိကုန်၏၊ ဓာတ်တော်တို့သည် အဆင်း အရောင်အမျိုးမျိုး ရှိကုန်၏။

၈။ အကြီးဆုံး ဓာတ်တော်တို့သည် ရွှေအဆင်းရှိကုန်၏။ အလတ်စား ဓာတ်တော်တို့ကား ပုလဲအဆင်းရှိကုန်၏၊ အငယ်ဆုံး ဓာတ်တော်တို့သည်ကား မြတ်လေးပန်းငုံ (ချရားစေ့) အဆင်းရှိကုန်၏။

၉။ အကြီးဆုံး ဓာတ်တော်တို့သည် ငါးပြည်ရှိကုန်၏၊ အလတ်စား ဓာတ်တော်တို့သည်လည်း ငါးပြည်ရှိကုန်၏၊ အငယ်ဆုံး ဓာတ်တော်တို့ကား ခြောက်ပြည်ရှိကုန်၏၊ ဤဓာတ်တော်အားလုံးတို့သည် တဆယ့်ခြောက်ပြည်မျှ ရှိကုန်၏။

http://www.dhammadownload.com

၁၀။ သီဟိုဠ်ကျွန်း၌ သင်းကျစ်တော်သည်၄င်း ပြဟ္မာပြည်၌ လက်ဝဲညှပ်ရိုးတော်သည်၄င်း သီဟိုဠ်ကျွန်း၌ လက်ျာ ညှပ်ရိုးတော်သည်၄င်း ဤအားလုံးသော ဓာတ်တော်တို့သည် တည်ရှိကုန်၏။

၁၁။ (လက်ျာအထက်) စွယ်တော်တဆူသည် တာဝတိံသာနတ်ပြည်၌၄င်း (လက်ျာအောက်)စွယ်တော်တဆူသည် နဂါးပြည်၌၄င်း (လက်ဝဲအထက်)စွယ်တော်တဆူသည် ဂန္ဓာရတိုင်း၌၄င်း (လက်ဝဲအောက်)စွယ်တော်တဆူသည် ကလိင်္ဂမင်း၏ (နိုင်ငံ၌)၄င်း တည်ရှိလေ၏။

၁၂။ နတ်ပြဟ္မာတို့သည် လေးဆယ်အညီအမျှရှိကုန်သော သွားတော်တို့ကို၄င်း ဆံတော်မွေးညှင်းတော်တို့ကို၄င်း တဆူစီ တဆူစီ စကြဝဠာအဆင့်ဆင့်သို့ အကြွင်းမဲ့ ဆောင်ယူကြလေကုန်၏။

၁၃။ မြတ်စွာဘုရား၏ ကျောက်သပိတ်တော်သည်၄င်း တောင်ဝှေးတော်သည်၄င်း ခါးဝတ်သင်္ကန်းမှ ကြွင်းသော သင်္ကန်းတော်သည်၄င်း ဝဇိရာပြည်၌ တည်ရှိ၏။ ခါးဝတ်သင်းပိုင်တော်သည် ကုလယရမြို့၌ တည်ရှိ၏။ အိပ်ရာခင်းတော်သည် ကပိလဝတ်ပြည်၌ (တည်ရှိလေ၏)။

၁၄။ ရေစစ်(ဓမကရိုက်)သည်၄င်း ခါးပန်းကြိုးသည်၄င်း ပါဋလိပုတ်ပြည်၌ တည်ရှိ၏။ ရေသနုပ်တော်သည် စမ္ပာ ပြည်၌ တည်ရှိ၏။ ဥက္ကာလုံ (မွေးရှင်တော်)သည် ကောသလတိုင်း၌ တည်ရှိလေ၏)။

၁၅။ ထိုအခါ ဝတ်လဲတော်ပုဆိုးသည် ပြဟ္မာပြည်၌ တည်ရှိ၏။ ဦးရစ်(ဗောင်းတော်)သည် တာဝတိံသာ နတ်ပြည်၌ တည်ရှိ၏။ နီသီဒိုင်အခင်းသည် အဝန္တီတိုင်းတို့၌ တည်ရှိ၏။ အိပ်ရာလွှမ်းသည်-ဒေဝရဋ္ဌနိုင်ငံ၌ တည်ရှိလေ၏။

http://www.dhammadownload.com

၁၆။ ထိုအခါ မီးပွတ်ခုံသည် မိထိလာမြို့၌ တည်ရှိ၏၊ ရေစစ်တော်သည် ဝိဒေဟတိုင်းနိုင်ငံ၌ တည်ရှိ၏၊ ပဲခွပ်တော် အပ်ကျည်တော် သည်ကား ကုန္ဒပတ္ထမြို့၌ တည်ရှိလေ၏။

၁၇။ ထိုအခါ လူတို့သည် မြတ်စွာဘုရား သုံးစွဲတော်မူသည့် ကြွင်းသော ပရိက္ခရာတို့ကို အပရန္တဇနပုဒ်၌ (စေတီ ပုထိုး)ပြုကုန်၏။

၁၈။ ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်သည် ပြန့်နှံ့လျက် ရှိ၏၊ ထိုအခါ ဤသို့ ပြန့်နှံ့ခြင်းသည် သတ္တဝါတို့အား အစဉ်သနား စောင့်ရှောက်တော်မူခြင်းငှါ ရှေးဘုရားရှင်တို့ ထုံးတမ်းစဉ်လာ ဓမ္မတာ ဖြစ်လေသတည်း။

ဓာတ်တော်ခွဲဝေခက်း ပြီး၏။



ဓာတုဘာဇနီယကထာ (ဓာတ်တော်ခွဲဝေခန်း)

မဟာဂေါတမဘုရားရှင်သည် ကုသိနာရုံ အင်ကြင်းဥယျာဉ်တွင်း၌ ပရိနိဗ္ဗာန်ပြုတော်မူသည်။ဓာတ်တော်၊စွယ်တော်၊ ဆံတော်၊ သင်္ကန်းတော် စသော အသုံးဆောင်တို့ကား ထိုထိုမြို့ရွာ အရပ်ဒေသအသီးသီးတို့၌ ပြန့်နှံ့လျက် တည်ရှိကြလေသည်။

ဓာတုစေတီ(၈)ဆူ + (၉) တုမ္ဗစေတီ + (၁၀) အင်္ဂါရစေတီ

၁။ ရာဇဂြိုလ်မြို့ ၅။ ရာမပုဏ္ဏားရွာ
၂။ ဝေသာလီပြည် ၆။ ဝေဋ္ဌဒီပတိုင်း
၃။ ကပိလဝတ်ပြည် ၇။ ပါဝါပြည်
၄။ အလ္လကပ္ပတိုင်း ၈။ ကုသိနာဂုံပြည်တို့၌

ဓာတုစေတီ တည်ရှိကြ၏။

http://www.dhammadownload.com

၉။ ဓာတ်တော်ခြင့်သော တုမ္ဗ = ရွှေအိုးစေတီ(ဒေါက်ပုဏ္ဏား တည်သော စေတီ)

၁၀။ မီးသွေးကို ဌာပနာသော အင်္ဂါရစေတီ (မောရိယမင်းများ တည်သောစေတီ)

၁။ ရာဇဂဟေ ဝေဿာလိယံ၊ ကပိလေ အလ္လကပ္ပကေ။
ရာမမှိ ဝေဋ္ဌဒီပမှိ၊ ပါဝါရေ ကောသိနာရကေ။

၂။ အဋ္ဌသာရီရိကာ ထူပါ၊ နဝမော တုမ္ဗစေတိယော။
ဒသမင်္ဂါရထူပေါတိ၊ တျာဟံ ဝန္ဒာမိ ဒူရတော။

(ဆရာတော် ဦးဗုဒ္ဓ)

ဓာတ်တော်အမျိုးအစားတို့ကို စွယ်တော် ဝတ်ရွတ်စဉ်လာ ဓာတ်တော်ဘုရားရှိခိုးအတိုင်း မှတ်သား ကြည်ညိုနိုင်ပါသည်။

(၃) ဓာတ်စတ်–စွယ်စတ်–သင်းကျစ်စတ်–ဖြစ်သည်းလက်သည်းစတ်နှင့် သင်္ကန်းသပိတ်စသော ပရိက္ခရာများ တည်ရှိရာ ဌာနနှိုင်းယှဉ်

၁။ နဖူးသင်းကျစ်တော်= သီရိလင်္ကာနိုင်ငံ တိသမဟာရာမစေတီ
၂။ လက်ျာညှပ်ရိုးတော်= သီရိလင်္ကာနိုင်ငံ ထူပါရုံစေတီ
၃။ လက်ဝဲညှပ်ရိုးတော် = ဗြဟ္မာပြည်
၄။ လက်ျာအထက်စွယ်တော် = တာဝတိံသာနတ်ပြည် စူဠာမဏိစေတီ
၅။ လက်ျာအောက်စွယ်တော် = နဂါးပြည်
၆။ လက်ဝဲအထက်စွယ်တော် = ဂန္ဓာရတိုင်း

http://www.dhammadownload.com

၇။	လက်ဝဲအောက်စွယ်တော်	=	ကလိင်္ဂတိုင်း(ယခု သီဟိုဠ် ကန္ဒီမြို့၌တည်ရှိသည်)
၈။	သွားတော်-ဆံတော်-မွေးညှင်းတော် လက်သည်းတော်		ခြေသည်းတော်-
၉။	ကျောက်သပိတ်-တောင်းဝှေးနှင့် ခါးဝတ်သင်းပိုင်မှ ကြွင်းသောသင်္ကန်းများ		
၁၀။	ခါးဝတ်သင်းပိုင်	=	ကုလဃရမြို့
၁၁။	အိပ်ရာခင်းတော်	=	ကပိလဝတ်ပြည်
၁၂။	ရေစစ်နှင့် ခါးပန်းကြိုးတော်	=	ပါဋလိပုတ်ပြည်
၁၃။	ရေသနုပ်တော်	=	စမ္ပာပြည်
၁၄။	ဥဏ္ဏလုံ မွေးရှင်တော်	=	ကောသလတိုင်း
၁၅။	ဝတ်လဲတော်ပုဆိုး	=	ဗြဟ္မာပြည် ဒုဿစေတီ
၁၆။	ဦးရစ်ဗောင်းတော်	=	တာဝတိံ သာနတ်ပြည် စူဠာမဏိစေတီ
၁၇။	နိသီဒိုင်အခင်းတော်	=	အဝန္တိတိုင်း
၁၈။	အိပ်ရာလွမ်းအခင်းတော်	=	ဒေဝရဋ္ဌပြည်
၁၉။	မီးပွတ်ခုံ	=	မိထီလာပြည်
၂၀။	ရေစစ်တော်	=	ဝိဒေဟတိုင်း
၂၁။	ပဲခွပ်တော်နှင့်နှင့်အပ်ကျည်တော်	=	ဣန္ဒပတ္ထမြို့
၂၂။	ကြွင်းသော ပရိက္ခရာများ	=	အပရန္တဇနပုဒ်မှ စေတီများ၌ တည်ရှိသည်။



(၄) ဝါတ်တော်များ ဝါတူစေတီအား ရှိစိုးပူတော်ပုံ

(၁) မဟာကရုဏာရှင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် ဝါလေးဆယ့်ငါး သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်

http://www.dhammadownload.com

ပြည့်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးသည်ရှိသော် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ စီးပွားချမ်းသာ မျှားရန်အလို့ငှာ နောင်ခါစင်စစ် ကိုးကွယ်ရစ်ဘို့ အနှစ်အမွေ ဓါတ်တော်အနေဖြင့် အရိုအသေပြုမူ ရှိခိုးပူဇော်မှု လျှုဒါန်းမှု ပြုသူတို့အထံ၌သာ ကိန်းဝပ်စမ်ပါယ်ရန် အဓိဋ္ဌာန်ပြုကာ ထားရစ်ခဲ့သော. . .

(၂) အတုမရှိသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ် တို့ဖြင့် မွမ်းထုံအပ်သော+ဓါတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီ အားဖြင့် စေတီလေးမျိုး တို့တွင် အမြတ်ဆုံးစေတီဖြစ်သော+သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ခြောက်ပါးရောင်ခြည် လင်းထိန်ညီလျက် ရေအယဉ် ထု မီးလျှံစုတို့ကိုလွှတ်၍ တန်ခိုးပြာဋိဟာ အဖြာဖြာတို့ကို ပြတော်မူသော+ကြည်ညိုစိတ်ပွား သူတော်ကောင်းများ၏ ရှိခိုးမှု ခရီးဦး ကြိုဆိုမှု လက်အုပ်ချီမှု အရိုအသေပေးမှုတို့ကို ပြုရာဌာနဖြစ်သော +လူနတ်နိဗ္ဗာန် သုံးတန်သော စည်းစိမ်ချမ်းသာတို့ကို ပေးနိုင် ရစေနိုင်သော+ဆယ်ပါးသော ကာယဗလ ဉာဏဗလတို့နှင့် ပြည့်စုံသည်ဖြစ်၍ ဝဇိရစိန်နှင့်တူသော ခန္ဓာကိုယ်ရှိသော မြတ်စွာဘုရား၏ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်သော. . .

(၃) နဖူးသင်းကျစ်ရိုးတော်+စွယ်တော်လေးဆူ+ညှပ်ရိုးတော်နှစ်ဆူ အားဖြင့် မကွဲမအက် မကျေမပျက်သော **အသမ္ဘိန္နေ** အမည်ရသော ဓါတ်တော်များ. . .

(၄) ပဲနောက်လုံးစေ့ပမာဏ+ရွှေအဆင်းကဲ့သို့ ဝါဝင်းတောက်ပ+ ကြည်ညိုဖွယ်ကောင်းလှသော (၃) ပြည် အရေအတွက်ရှိသော **အကြီးစား** ဓါတ်တော်များ. . .

http://www.dhammadownload.com

(၅) ဆန်ကျူးဆန်ကွဲစေ့ ပမာဏ+ပုလဲရောင်အဆင်းကဲ့သို့ ဖြူစင်တောက်ပ+ကြည်ညိုဖွယ်ကောင်းလှသော (၅) ပြည် အရေအတွက် ရှိသော **အလတ်စား** ဓါတ်တော်များ. . .

(၆) မုန့်ညှင်းစေ့ပမာဏ+မြတ်လေးပန်းငုံအဆင်း ချရားစေ့ရောင်အဆင်းကဲ့သို့ ကြည်ညိုဖွယ်ကောင်းလှသော (၆)ပြည် အရေအတွက် ရှိသော **အငယ်စား အသေးစား** ဓါတ်တော်များ. . .

(၇) ဤသို့လျှင် အဆင်းသုံးမျိုး တန်ခိုးအနန္တ ပမာဏသုံးသွယ် အရွယ်သုံးစား ဤသို့အားဖြင့် လူပြည် နတ်ပြည် နဂါးပြည်နှင့် ဗြဟ္မာပြည်တဝ ထိုထိုသို့သော အရပ်ဒေသ ပြည်ဌာနတို့၌ ဝေနေယျများအား ထောက်ထားငဲ့ညှာ ကောင်းမွန်စွာ ဖူးမြင်သူအများ သဒ္ဓါပွားအောင် ကိန်းဝပ် စမ္ပာယ်တော် မူကြကုန်သော အလုံးစုံသော ဓါတ်တော်များ. . .

(၈) စကြာဝဠာ ကမ္ဘာအဆက်ဆက်တိုင်အောင် နတ်ဗြဟ္မာတို့ ပင့်ဆောင်ကြကုန်သော ဆံတော် အမွေးတော် ခြေသည်း-လက်သည်းတော်-သွားတော်-ဓါတ်တော်များ အားလုံးတို့ကို. . .

(၉) ရှေးကုသိုလ်ကံ လွန်ထက်သန်သဖြင့် ဖူးရန်အသင့် ပူဇော်ခွင့်ရသော ဘုရားတပည့်တော်သည် သက်တော်ထင်ရှား မြတ်ဘုရားကို စိတ်ထားရွယ်ကိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား. . . ။ ။



(၅) သင်တန်းပို့ချခြင်း ကုသိုလ်အမျှဝေခြင်း

ဤဗုဒ္ဓဝင် ပါဠိတော်သင်တန်းကို (၂၄-၈-၂၀၁၄)မှစ၍ ပို့ချခဲ့ရာ (၁၁)ပတ်မြောက်ဖြစ်သော (၂၆-၁၀-၂၀၁၄)နေ့တွင် ပြီးဆုံးအောင်မြင်

http://www.dhammadownload.com

ခြင်းသို့ ရောက်သည်၊ ဤနေ့သည်ကား သင်တန်းပြီးဆုံးသည့်ရက်ဖြစ်သလို သယ်မိတ္တာဘိက္ခုနီမ (စကျင်ရုပ်တု)ကို ဗောဓိပင် ပန်းခြံသို့ ပို့ဆောင်ပေးသောနေ့လည်းဖြစ်သည်၊ ထို့အပြင် သင်တန်းပြဘုန်းကြီး၏ မြန်မာလို မွေးရက်လည်းဖြစ်၏၊ ယင်းသို့ တနင်္ဂနွေနေ့ ညနေတိုင်း (၁၁)ပတ်တိုင်တိုင် ပြုလုပ်ခဲ့ရသော ဓမ္မဒေသနာ ဓမ္မသဝနနှင့် ဗုဒ္ဓပူဇာ ကုသိုလ်အဘို့ ဘာဂကို မြင်ရ + မမြင်ရသော ပုဂ္ဂိုလ်အပေါင်း တို့အား အမျှပေးဝေပါ၏၊ ဝမ်းမြောက်နုမော် သာဓု ခေါ်ကြပါစေသော်။

(သေလသုတ္တန်၊ မ၊ ၂။ ၃၄၇)

လှရတနာဘုန်းကြီး

၁၃၇၆-ခုနှစ် တန်ဆောင်မုန်းလဆန်း(၄)ရက်

http://www.dhammadownload.com

(ဆ) မင္ဂျိမတစ်ခွင် ပုဒ္ဓဂယာခရီးစဉ်

(၁) သံဝေဇနယဌာန ဘုရားရှိစိုး

၁။ ဣဓ တထာဂတော ဇာတော = "ဤလုမ္ပိနီ သာမော အင်ကြင်းတော ဥယျာဉ်အရပ်ဌာန၌ မြတ်စွာဘုရားသည် ဖွားတော်မူခဲ့ပေသည်တကား" ဤသို့ ကြံစည်အောက်မေ့ဆင်ခြင်၍ ကြည့်ရှု ဖူးမျှော်ခြင်းငှာ သွားထိုက်သည့် သံဝေဂဉာဏ်ကို ရစေတတ်သော သွားထိုက်သည့် သံဝေဂဉာဏ်ကို ရစေတတ်သော မြတ်စွာဘုရား မွေးဖွားတော်မူရာ လုမ္ပိနီသာမော အင်ကြင်းတောဥယျာဉ် အရပ်ဌာနကို ရှေ့သွားသဒ္ဓါ ကြည်ညိုစွာလျှင် ဝန္ဒနာမာန ဂါရဝဖြင့် ဦးချ ညွတ်ကျိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၂။ ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ= "ဤဗောဓိပလ္လင်တည်ရှိရာ မဟာဗောဓိမဏ္ဍိုင်အရပ်ဌာန၌ မြတ်စွာဘုရား သည် အမြတ်ဆုံးဖြစ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိတော်မူလျှက် ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ပေသည်တကား" ဤသို့ ကြံစည်အောက်မေ့

http://www.dhammadownload.com

ဆင်ခြင်၍ ကြည့်ရှု ဖူးမျှော်ခြင်းငှာ သွားထိုက်သည့် သံဝေဂဉာဏ်ကို ရစေတတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိမဏ္ဍိုင် အရပ်ဌာနကို ရှေ့သွားသဒ္ဓါ ကြည်ညိုစွာလျှင် ဝန္ဒနာမာန ဂါရဝဖြင့် ဦးချ ညွတ်ကျိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၃။ ဣဓ တထာဂတော အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ " ဤမိဂဒါဝုန် တောအရပ်ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော ဓမ္မစကြာ တရားကို ဟောကြားတော်မူအပ်ခဲ့ ပေသည် တကား" ဤသို့ ကြံစည် အောက်မေ့ဆင်ခြင်၍ ကြည့်ရှု ဖူးမျှော်ခြင်းငှာ သွားထိုက်သည့် သံဝေဂ ဉာဏ်ကို ရစေတတ်သော တရားဦး ဓမ္မစကြာကို ဟောကြားတော်မူရာ မိဂဒါဝုန်းတော အရပ်ဌာနကို ရှေ့သွားသဒ္ဓါ ကြည်ညိုစွာလျှင် ဝန္ဒနာမာန ဂါရဝဖြင့် ဦးချ ညွတ်ကျိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၄။ ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော " ဤကုသိနာရုံပြည် အင်ကြင်းဥယျာဉ်တော အရပ်ဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော အေးငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီ ဒုက္ခခပ်သိမ်း အေးငြိမ်း တော်မူခဲ့ပေသည်တကား" ဤသို့ ကြံစည်အောက်မေ့ဆင်ခြင်၍ ကြည့်ရှု ဖူးမျှော်ခြင်းငှာ သွားထိုက်သည့် သံဝေဂဉာဏ်ကို ရစေတတ်သော သွားထိုက်သည့် သံဝေဂဉာဏ်ကို ရစေတတ်သော ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်တော အရပ်ဌာနကို ရှေ့သွားသဒ္ဓါ ကြည်ညိုစွာလျှင် ဝန္ဒနာမာန ဂါရဝဖြင့် ဦးချညွတ်ကျိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

http://www.dhammadownload.com

(၂) သံဝေဇနီယ(၄)ဌာန ခရီးစဉ်

DAY 1 ရန်ကုန်-ဗုဒ္ဓဂယာ (လေယာဉ်) L / D

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ( ) လေကြောင်းလိုင်းဖြင့် နေ့လည်ပိုင်းတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ စတင်ထွက်ခွာပါမည်။ ဂယာသို့ ရောက်ရှိပြီး ဟိုတယ်တွင် Check - in ပြုလုပ်ကာ နေ့လည်စာ သုံးဆောင်ပါမည်။ ညနေပိုင်းတွင် မြတ်စွာဘုရား ဒုက္ကရစရိယကျင့်သောနေရာ၊ သုဇာတာအိမ်ကုန်းမြေနေရာ၊ ဃနာနို့ဆွမ်းကပ်ရာနေရာ၊ ရွှေခွက်မျှောရာနေရာ၊ မြက်ရှစ်ဆုပ်လှူဒါန်းသောနေရာများကို လိုက်လံပို့ဆောင်ပေး ပါမည်။ ပြီးနောက် မဟာဗောဓိသို့ သွားရောက်၍ အဖွဲ့မှစီစဉ်ပေးသော ကြာသက်န်းကို ဘုရားတွင် ကပ်လှူပူဇော်၍ သတ္တဋ္ဌာန (၇)ဌာနကို ဖူးမြော်ကြည်ညိုပါမည်။

DAY 2 ဗုဒ္ဓဂယာမှ ဗာရာဏသီ(250Kms / 05-06 hrs)B / L / D

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် ဗာရာဏသီသို့ ခရီးဆက်လက်ထွက်ခွာပါမည်။ နေ့လည်ပိုင်းတွင် ဗာရာဏသီရှိ ဟိုတယ်သို့ ရောက်ရှိပြီး နေ့လည်စာ သုံးဆောင်ပါမည်။ ဟိုတယ်တွင် ခေတ္တခဏ အနားယူပြီးနောက် ညနေပိုင်းတွင် ချောက်ခဏ္ဍကီစေတီ၊ မိဂဒါဝုန်ရှိ ဓမ္မစကြာတရားဦးဟောရာ ဓမ္မရာဇိကစေတီနှင့် မူလဂန္ဓကုဋီတိုက်တို့ကို သွားရောက်ဖူးမြော်ပါမည်။ ထို့နောက် ဟိုတယ်သို့ပြန်ကာ ညစာသုံးဆောင်ပြီးနောက် အိပ်စက်အနားယူပါမည်။

DAY 3 ဗာရာဏသီမှ သာဝတ္ထိ (320Kms / 06-07 hrs)B / L / D

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် သာဝတ္ထိသို့ ခရီးဆက်

http://www.dhammadownload.com

လက်ထွက်ခွာပါမည်။ နေ့လည်စာအား ဟိုတယ်မှ စီစဉ်ပေးလိုက်သော Lunch Box အား စားသောက်ဆိုင်တွင် ဝင်ရောက်သုံးဆောင်ပါမည်။ နေ့ခင်းပိုင်းတွင် သာဝတ္ထိသို့ ရောက်ရှိပြီး မြတ်စွာဘုရား (၂၅)ဝါတိုင်တိုင် သီတင်းသုံးခဲ့သော ဇေတဝန်ကျောင်းတော်ရာအတွင်းရှိ (အာနန္ဒာဗောဓိပင်) ရေတွင်းနေရာ၊ ဂန္ဓာကုဋီကျောင်းတော်ရာ၊ ရှင်သီဝလိကျောင်းတော်တို့ကို သွားရောက်ဖူးမြော် ပါမည်။ ကောသလမင်းကြီး၏ နန်းတော်ရာ၊ အင်္ဂုလိမာလကျောင်းတော်ရာ စိဉ္စမာဏဝမြေမျိုရာနေရာ၊ ဒေဝဒတ်မြေမျိုရာနေရာ၊ သရက်ဖြူကုန်းနေရာတို့ကို ပို့ဆောင်ပေးပါမည်။ ညပိုင်းတွင် ဟိုတယ်သို့ရောက်ရှိပြီး ညစာသုံးဆောင်ကာ သာဝတ္ထိရှိ ( ) ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။

DAY 4 သာဝတ္ထိမှ လုမ္ဗိနီ (200Kms / 04-05 hrs) B / L / D

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် နီပေါနိုင်ငံရှိ လုမ္ဗိနီသို့ ခရီးဆက်လက်ထွက်ခွာပါမည်။ အိန္ဒိယ နှင့် နီပေါနယ်စပ်ရှိ စွန်တောလီမြန်မာဘုန်းကြီးကျောင်းသို့ နေ့လည်ပိုင်းတွင်ရောက်ရှိပြီး ဟိုတယ်မှ စီစဉ်ပေးလိုက် သော Lunch Box ဖြင့် နေ့လည်စာ သုံးဆောင်ပါမည်။ ရှေးဦးစွာ ကပိလဝတ် ရွှေနန်းတော်နှင့် နိဂြောဓာရုံကျောင်းတော်သို့ သွားရောက် ဖူးမြော်ပါမည်။ ထို့မှတဆင့် နီပေါနယ်စပ်ဂိတ်တွင် ပြည်ဝင်ခွင့်ဗီဇာ ပြုလုပ် ဆောင်ရွက်ပြီး လုမ္ဗိနီသို့ ဆက်လက်ထွက်ခွာပါမည်။ ထို့နောက် လုမ္ဗိနီ ကျောင်းတိုက်အတွင်း၌ ဗုဒ္ဓဖွားမြင်ရာ အထိမ်းအမှတ် စေတီနေရာ၊ ပြတိုက်ငယ်နှင့် ရေပူရေအေးစီးဝင်ရာ ကန်များကို လေ့လာ ဖူးမြော်ပါမည်။ ညနေပိုင်းတွင် ဟိုတယ်သို့ ရောက်ရှိပြီး ညစာသုံး

http://www.dhammadownload.com

ဆောင်ကာ ချမ်းသာကြီးစေတီ၌ ခြေတော်ရာကို ဆီမီးထွန်းငြိ ပူဇော်ပြီး ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။

DAY 5 လုမ္ဗိနီ မှ ကုသိနာရုံ (180Kms / 04 hrs) B / L / D

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် ကုသိနာရုံသို့ ဆက်လက်ထွက်ခွာပါမည်။ ကုသိနာရုံဟိုတယ်သို့ နေ့လည်ပိုင်းတွင် ရောက်ရှိပြီး နေ့လည်စာ သုံးဆောင်ပါမည်။ ထို့နောက် ခေတ္တခဏ အနားယူပြီး အဖွဲ့မှစီစဉ်ပေးသော ကြာသင်္ကန်းဖြင့် ဘုရား ပရိနိဗ္ဗာန်စံရာ ရုပ်ပွားတော်အား ယောဂီတူညီဝတ်စုံများဖြင့် ကြာသင်္ကန်းကပ်လှူ ပူဇော်ပါ မည်။ ထို့နောက် မြတ်စွာဘုရားတော်ဟောခါတ်လောင်ကျမ်းရာ အဂ်ါရစေတီနှင့် နောက်ဆုံး ရေကြည်တော် သောက် သုံးရာနေရာတို့ကို ဖူးမျှော်ရန်အတွက် လိုက်လံပို့ဆောင်ပေးပါမည်။ ပြီးနောက် ဟိုတယ်သို့ ပြန်၍ ညနေစာသုံးဆောင် ကာ အိပ်စက်အနားယူပါမည်။

DAY 6 ကုသိနာရုံ-ဝေသာလီ-ရာဇဂြိုဟ် (350Kms / 07-08 hrs) B / L / D

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီး ဝေသာလီ-ရာဇဂြိုဟ်သို့ ဆက်လက်ထွက်ခွာပါမည်။ နေ့လည်ပိုင်းတွင် ဝေသာလီသို့ ရောက်ရှိပြီး နေ့လည်စာသုံးဆောင်ပါမည်။ ပြီးနောက် ဝေသာလီရှိ ဒုတိယသင်္ဂါယနာတင်ရာနေရာ၊ လိစ္ဆဝီမင်းများ၏ ဓါတ်တော်တိုက်နှင့် လိစ္ဆဝီမင်းများ ခေါင်းဆေးမင်္ဂလာပြုရာကန်တို့ကို ဖူးမြော်လည်ပတ်ပြီးနောက် ရာဇဂြိုဟ်သို့ ဆက်လက်ထွက်ခွာပါမည်။ ရာဇဂြိုဟ်ရှိ ဟိုတယ်သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ညစာသုံးဆောင်ကာ ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။

http://www.dhammadownload.com

DAY 7 ရာဇဂြိုဟ် - နာလန္ဒာ - ဂယာ (120Kms / 04 - 05 hrs)
B / L / D

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် ရာဇဂြိုလ်ရှိ ဝေဘာရတောင်၊ ဂျပန်ငြိမ်းချမ်းရေးစေတီ၊ ဂိဇ္ဈကူဋ်တောင်၊ ဗိမ္ဗိသာရအကျဉ်းထောင်၊ အဇာတသတ်မင်းတည်သော ဓါတ်တော်တိုက်နှင့် ဆေးဆရာ ဇီဝကဏ္ဍ သရက်ဥယျာဉ်နေရာ၊ ဝေဠုဝန်ကျောင်းနေရာ၊ ဘဏ္ဍာတိုက်၊ ဇာတ်နိမ့် ဇာတ်မြင့် ရေချိုးသောနေရာတို့ကို သွားရောက်ပြီးနောက် ရာဇဂြိုဟ်ရှိ ဟိုတယ်တွင် နေ့လည်စာသုံးဆောင်ပါမည်။ ထို့နောက် နာလန္ဒာတက္ကသိုလ်ဟောင်းသို့ သွားရောက်လေ့လာပါမည်။ ထို့နောက် ဂယာသို့ဆက်လက်ထွက်ခွာပြီး ညနေပိုင်းတွင် ဂယာရှိ ဟိုတယ်သို့ ရောက်ရှိ ပါမည်။ ဟိုတယ်တွင် ညစာသုံးဆောင်ကာ အိပ်စက်အနားယူပါမည်။

DAY 8 ဂယာ မှ ရန်ကုန် B / L / D

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် ဂယာရှိ ဂျပန်ကမာကူရဘုရားသို့ သွားရောက်ဖူးမြော်ပါမည်။ ထို့နောက် လေဆိပ်သို့ပို့ဆောင်ပေးပါမည်။ နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ ပြီး ခရီးစဉ် ပြီးဆုံးပါမည်။

http://www.dhammadownload.com

(၃) စေတိယစာရိက=ဘုရားပူးပုဂ္ဂိုလ်များ

၁။ လှရတနာဆရာတော်
၂။ ပန်းတနော်ဆရာတော်
၃။ ပဲခူးကွမ်ရင်စီဆရာတော်
၄။ ဦးစံတင်အောင်
၅။ ဒေါ်ပြုံး
၆။ ဦးဟန်လင်း
၇။ ဒေါ်စန်းစန်းညွှန့်
၈။ ကိုဇော်ခက်
၉။ မသီတာခင်မျိုးသောင်း
၁၀။ ဒေါ်ချိုရီသိမ်း
၁၁။ ဒေါ်ညွှန့်ညွှန့်သန်း
၁၂။ ဒေါ်ချိုချိုမြင့်
၁၃။ ဒေါ်လှလှရီ
၁၄။ ကိုအောင်ထက်
၁၅။ ကိုထွန်းထွန်းနိုင်
၁၆။ ဒေါ်ခင်သန့်ဇင်



(၄) နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ရာ မြို့နယ်များ

၁။ ရန်ကင်းမြို့နယ်(ဂွတ္တလစ်)
၂။ စမ်းချောင်းမြို့နယ်
၃။ ကျောက်တံတားမြို့နယ်
၄။ သာကေတမြို့နယ်
၅။ တောင်ဥက္ကလာပမြို့နယ်
၆။ မြောက်ဥက္ကလာပမြို့နယ်
၇။ သဃ်နံးကျွန်းမြို့နယ်

http://www.dhammadownload.com

၈။ ကွမ်းခြံကုန်းမြို့
၉။ ဖျာပုံမြို့
၁၀။ ဝေါမြို့နယ်(ဆင်ရွာ)
၁၁။ ရွှေကျင်မြို့
၁၂။ တောင်ငူမြို့
၁၃။ ပျဉ်းမနာမြို့
၁၄။ ရေးမြို့
၁၅။ ထားဝယ်မြို့
၁၆။ သန်လျင်မြို့
၁၇။ ပုသိမ်မြို့
၁၈။ မော်လမြိုင်မြို့
၁၉။ လှည်းကူးမြို့

နှစ်ကျိပ်ရှစ်ဆူဘုရားများတည်ရှိရာ ဘုရားဒေတိများ

၁။ ရန်ကုန်ကိုးထပ်ကြီးဘုရား
၂။ ရန်ကုန် ကျောက်တော်ကြီးဘုရား
၃။ ရန်ကုန် ဆူးလေဘုရား
၄။ သာကေတ(၁၀၈)တောင်ဘုရား
၅။ ရန်ကုန် မယ်လမုဘုရား
၆။ တောင်ငူမြို့ကေလဇာတီဘုရား
၇။ မော်လမြိုင် ကျိုက်သလွန်ဘုရား
၈။ မင်းကွန်းမိုးမိတ်ကုန်းမြေဘုရား
၉။ ထားဝယ် ရွှေတောင်စားဘုရား
၁၀။ သာကေတ ဇီမာရ်အောင်ဘုရား
၁၁။ တောင်ကြီးမြို့ စုဠာမုနိဘုရား
၁၂။ မန္တလေး ရွှေကြီးမြင့်ဘုရား
၁၃။ မန္တလေး အောင်တော်မူဘုရား
၁၄။ ရန်ကုန် မိုးကောင်းဘုရား
၁၅။ ပခုက္ကူ နှစ်ကျိပ်ရှစ်ဆူဘုရား
၁၆။ မြင်းခြံ နှစ်ကျိပ်ရှစ်ဆူဘုရား

(၅) နစ်ကျိပ်ရှစ်ဆု သမိုင်းအကျဉ်းချုပ်ဇယား

စဉ်		သက်တမ်း	ဘွဲ့တော်	မြို့တော်	ခမည်းတော်	မယ်တော်	ဗိဒုရား	သားတော်	အလုပ်အကျွေး	တောထွက်သည့်ယာဉ်	အကျင့်	ဇာတိပင်	ကျား		မ		
													ထက်ယာရံ	ထက်ဝဲရံ	ထက်ယာရံ	ထက်ဝဲရံ	
၁	သာရမဏ္ဍ	တစ်သိန်း	တထုကံရာ			ယသော်ရာ					ခုနစ်ရက်	စရည်းပင်					၈၈-တောင်
၂	〃	ကိုးသောင်း	မေဂေါ်ရာ	ယယရ	သုဒေဝမင်း						ဆယ့်ငါးရက်	ပေါက်ပင်					၁၀။
၃	〃	〃	သရဏင်္ကရာ	ဝိပုလ	သုမင်္ဂလ	ယသဝတီ					တစ်လ	သခွပ်ပင်					၉၀။
၄	〃	တစ်သိန်း	ဒီပင်္ကရာ		သုဒေဝမင်း	သုမေဓာ	ပဒုမာဒေဝီ		သာဂတ	ဆင်ယာဉ်	ဆယ်လ	ညောင်ကြပ်	သုမင်္ဂလ				၁၀။
၅	သာရ	〃	ကောဏ္ဍည	〃		သုဇာတာ		ဝိဇိတသေန		ရထားယာဉ်	〃	နှဝဲပင်					၁၀။
၆	သာရမဏ္ဍ	ကိုးသောင်း	မင်္ဂလ				ယသဝတီ	သီဝလ	ပါလိတ	မြင်းယာဉ်	ရှစ်လ	ကဲ့ကော်	သုဒေဝ		သီဝလာ	အသောကာ	၀၀။
၇	〃	〃	သုမန	မေခလ		သီရိမာ	ဝဠုသိကာ	အနုပမ	ဥဒေန	ဆင်ယာဉ်	ဆယ်လ	〃	သရဏ		သောဏာ	ဥပသောဏာ	၉၀။
၈	〃	ခြောက်သောင်း	ရေဝတ	သုညဝတီ	ဝိပုလမင်း	ဝိပုလာ				ရထားယာဉ်	ခုနစ်လ	〃					၀၀။
၉	〃	ကိုးသောင်း	သောဘိတ				မဆိလာဒေဝီ	သီဟ	အနောမ		ခုနစ်ရက်	〃	အသမ		နကုလာ	သုဇာတာ	၅၀။
၁၀	ဝရ	တစ်သိန်း			ရသဝါမင်း	ယသောရာ	သီရိမာ	ဥပဝိဏ္ဍ		ရွှေထမ်းစင်	ဆယ်လ	ထောက်ကုံ	နှံသဘ	အနောမ		သုမနာ	၅၀။
၁၁	〃	〃	ပဒုမ		အသမမင်း	အသမာ			〃	ရထားယာဉ်	ရှစ်လ	ကြောင်လျှာ	သာလ	ဥပသာလ	ရာဓာ	သုရာဓာ	၅၀။
၁၂	〃	ကိုးသောင်း	နာရဒ	ညောတီ	သုဒေဝမင်း	အနောမာ	ဝိဇိတသေနာ		ဝါသေဋ္ဌ	ခြေလျှင်	ခုနစ်ရက်	〃					၀၀။
၁၃	သာရ	တစ်သိန်း		ဟံသဝတီ		သုဇာတာ			သုမန		〃		ဒေဝလ	သုဇာတ		အသမာ	၅၀။
၁၄	မဏ္ဍ	ကိုးသောင်း	သုမေဓ				သုမနာဒေဝီ		သာဂရ	ဆင်ယာဉ်	ဆယ့်ငါးရက်	တမာ	သရဏ		ရာမာ	သုရာမာ	၀၀။
၁၅	〃	〃	သုဇာတ	သုမင်္ဂလ		ဟာဝတီ		ဥပသေန	နာရဒ	မြင်းယာဉ်	ကိုးလ	ကြဲခတ်ပင်း		သုဒေဝ	နာဂါ	နာဂသမာလာ	၅၀။
၁၆	ဝရ	〃		သုညဝတီ			ဝိမလာဒေဝီ		သောဘိတ	ရထားယာဉ်	ခြောက်လ	ရေခတက်ပင်	ပါဒလိတ		သုဇာတာ		၀၀။
၁၇	〃	တစ်သိန်း		သောဘဏ	သာဂရမင်း		ဝိသာခါ	သေလ	အဘယ	မြင်းယာဉ်	ရှစ်လ	စကားပင်					၀၀။
၁၈	〃	〃		သရဏ	သရဏမင်း		ဝိစိကောဠီ				ခုနစ်ရက်	သဲသတ်	ပဒုမ		ဒေမာ		၀၀။
၁၉	သာရ	〃		ဒေဘာရ	ဥဒေနမင်း			အနုပမ	ရေဝတ	ရွှေထမ်းစင်	ဆယ်လ	မဟာလေကား			သီဝလာ	သုရာမာ	၆၀။
၂၀	မဏ္ဍ	〃		ခေမက		ပဒုမာ			သမဂ်	မြင်းယာဉ်	ရှစ်လ	ပိတောက်		ဥဒယ			၆၀။
၂၁	〃	ကိုးသောင်း		ကာသိက	ဇယသေနမင်း	သီရိမာ	ကိသာဂေါတမီ	အနုပမ	သဘိယ	ဆင်ယာဉ်	ခြောက်လ	သို့သလွဲ			စာလာ	ဥပစာလာ	၅၀။
၂၂	သာရ	ရွှစ်သောင်း							အသောက	ရထားယာဉ်	ရှစ်လ	သခွတ်					၀၀။
၂၃	မဏ္ဍ	ခုနစ်သောင်း	သိဒ္ဓိ			ဟာဝတီ		အတုလ	ဒေမဂံရ	ဆင်ယာဉ်	ရှစ်လ	သရက်ပြု	အဘိဘူ		သဒ္ဓိလာ	ပဒုမာ	၇၀။
၂၄	〃	ခြောက်သောင်း		အနောမ		ယသဝတီ				ရွှေထမ်းစင်	ခြောက်လ	အင်ကြင်း	သောဏ		ရာမာ	သမာလာ	၆၀။
၂၅		လေးသောင်း	ကကုသန်	ခေမဝတီ		ဝိသာခါ	ရောစိန်			ရထားယာဉ်	ရှစ်လ		ဝိဓုရ		သာမာ		၄၀။
၂၆	〃	သုံးသောင်း	ကောဏဂုံ	သောဘဝတီ						ဆင်ယာဉ်	ခြောက်လ	ရေသဖန်း	ဘိယျောသ				၃၀။
၂၇	〃	နှစ်သောင်း		ဗာရာဏသီ		ဓနဝတီ		ဝိဇိတသေန			ခုနစ်ရက်	ပညောင်ပင်		ဘာရဒွါဇ	အနုဠာ		၂၀။
၂၈	〃	တစ်ရာ	ဂေါတမ	ကပိလဝတ်		မဟာမာယာ	ယသောရာ	ရာဟုလာ		မြင်းယာဉ်	ခြောက်နှစ်				ခေမာ		၁၈-တောင်

http://www.dhammadownload.com

http://www.dhammadownload.com

နှစ်ကျိပ်ရှစ်ဆူ ဆိုသည်မှာ-

ဂေါတမဘုရားလောင်းတော်သည် သုမေဓာ ရှင်ရသေ့ဘဝ၌ နိယတဗျာဒိတ်ကို ခံယူတော်မူသည့် ကမ္ဘာတွင် ပွင့်တော်မူခဲ့သော ဘုရားတို့မှ စတင်ရေတွက်ခဲ့ခြင်း ဖြစ်သည်။

လေးသခြေ်ဆိုသည်မှာ-

၁။ သေလ အသခြေ်၊

၂။ ဘာသ အသခြေ်၊

၃။ ဇယ အသခြေ်၊

၄။ ရုစိရ အသခြေ်-တို့ဖြစ်သည်။

၁။ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူသည့် ကမ္ဘာ၏နောက်ဆုံး ပွင့်တော်မူသော ဘုရားဖြစ်သည့် ဒီပင်္ကရာဘုရားနှင့် ကောဏ္ဍညဘုရားတို့၏ အကြား ဘုရားလုံးဝ မပွင့်သော မရေမတွက်နိုင်သည့် ကမ္ဘာများကို **(သေလအသခြေ်)**ဟူ၍ တစ်သခြေ်ရေတွက်ရသည်။

၂။ ကောဏ္ဍညဘုရားနှင့် မင်္ဂလဘုရားတို့၏အကြား ဘုရားလုံးဝ မပွင့်သော မရေမတွက်နိုင်သည့် ကမ္ဘာများကို **(ဘာသအသခြေ်)**ဟူ၍ တစ်အသခြေ်ရေတွက်ရသည်။

၃။ သောဘိတဘုရားနှင့် အနောမဒဿီဘုရားတို့အကြား ဘုရားလုံးဝ မပွင့်သော မရေမတွက်နိုင်သည့် ကမ္ဘာများကို **(ဇယအသခြေ်)**ဟူ၍ တစ်အသခြေ်ရေတွက်ရသည်။

၄။ နာရဒဘုရားနှင့် ပဒုမုတ္တရဘုရားတို့အကြား ဘုရားလုံးဝ မပွင့်သော မရေမတွက်နိုင်သည့် ကမ္ဘာများကို **(ရုစိရအသခြေ်)**ဟူ၍ တစ်အသခြေ် ရေတွက်ရသည်။

http://www.dhammadownload.com

ကမ္ဘာတစ်သိန်းဆိုသည်မှာ-

ပဒုမုတ္တရဘုရားပွင့်တော်မူပြီးနောက်
ဘုရားများ ဆိတ်သုဉ်းခဲ့သော ကမ္ဘာပေါင်း ၇၀၀၀၀
သုဇာတဘုရားနှင့် ပိယဒဿီဘုရားအကြား ကမ္ဘာပေါင်း ၂၈၁၉၉
ဓမ္မဒဿီဘုရားနှင့် သိဒ္ဓတ္ထဘုရားအကြား ကမ္ဘာပေါင်း ၁၇၀၅
သိဒ္ဓတ္ထဘုရားနှင့် တိဿဘုရားအကြား ကမ္ဘာပေါင်း ၁
ဝိပဿီဘုရားနှင့် သိခီဘုရားအကြား ကမ္ဘာပေါင်း ၅၉
ဝေဿဘူဘုရားနှင့် ကကုသန်ဘုရားအကြား ကမ္ဘာပေါင်း ၂၉
ပဒုမုတ္တရဘုရားနောက် ဘုရားပွင့်သော ကမ္ဘာပေါင်း ၇
(စုစုပေါင်း ကမ္ဘာတစ်သိန်းဖြစ်ပါသည်) ၁၀၀၀၀၀

ကမ္ဘာအလိုက် ဘုရားများပွင့်တော်မူခြင်း

ကမ္ဘာ			**ပွင့်သောဘုရား**
၁။	သာရကမ္ဘာဘုရား	=	(၁)ဆူပွင့်သည်၊
၂။	မဏ္ဍကမ္ဘာဘုရား	=	(၂)ဆူပွင့်သည်၊
၃။	ဝရကမ္ဘာဘုရား	=	(၃)ဆူပွင့်သည်၊
၄။	သာရမဏ္ဍကမ္ဘာဘုရား	=	(၄)ဆူပွင့်သည်၊
၅။	ဘဒ္ဒကမ္ဘာ(လက်ရှိ)	=	ဘုရား(၅)ဆူ ပွင့်သည်။

* တစ်ဆူသာရ၊ နှစ်မဏ္ဍ၊ ဝရသုံးဆူသာ။

* သာရမဏ္ဍ၊ လေးဆူပြု၊ ပဉ္စဘဒ္ဒကာ။

* တစ်ဆူသော်မှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ။

http://www.dhammadownload.com

ဘုရားနာမည်		ဘုရားလောင်းနာမည်
၁။ တဏှင်္ကရာ		
၂။ မေဓင်္ကရာ		
၃။ သရဏင်္ကရာ		
၄။ ဒီပင်္ကရာ	-	သုမေဓာရသေ့
၅။ ကောဏ္ဍည	-	ဝိဇိတာဝီစကြာမင်း
၆။ မင်္ဂလ	-	သုရုစိပုဏ္ဏား
၇။ သုမန	-	အတုလနဂါးမင်း
၈။ ရေဝတ	-	အတိဒေဝပုဏ္ဏား
၉။ သောဘိတ	-	သုဇာတပုဏ္ဏား
၁၀။ အနောမဒဿီ	-	ဘီလူးစစ်သူကြီး
၁၁။ ပဒုမ	-	ခြင်္သေ့မင်း
၁၂။ နာရဒ	-	ရသေ့ရဟန်း
၁၃။ ပဒုမုတ္တရ	-	ဇဋိလမင်း
၁၄။ သုမေဓ	-	ဥတ္တရလုလင်
၁၅။ သုဇာတ	-	စကြဝတေးမင်း
၁၆။ ပိယဒဿီ	-	ကဿပပုဏ္ဏား

http://www.dhammadownload.com

၁၇။ အတ္ထဒဿီ - သုသီမရဿေ

၁၈။ ဓမ္မဒဿီ - သိင်္ဂြားမင်း

၁၉။ သိဒ္ဓတ္ထ - မင်္ဂလရဿေ

၂၀။ တိဿ - သုဇာတမင်း

၂၁။ ဖုဿ - ဝိဇိတာဝိမင်း

၂၂။ ဝိပဿီ - အတုလနဂါးမင်း

၂၃။ သိခီ - အရိန္ဒမမင်း

၂၄။ ဝေဿဘူ - သုဒဿနမင်း

၂၅။ ကကုသန် - ခေမမင်း

၂၆။ ကောဏာဂုံ - ပဗ္ဗတမင်း

၂၇။ ကဿပ - ဇောတိပါလလုလင်

၂၈။ ဂေါတမ



http://www.dhammadownload.com

ဗုဒ္ဓဝံသပါဠိတော်လာ နှစ်ကျိပ်ရှစ်ဆူ

ဂုဏ်ရည်အကျိုးများ (၈)ပါး

၁။ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်ထသော၊ စိုးရိမ်ခြင်း သောကငြောင့်ကို နုတ်ပယ်နိုင် ထသော၊ အလုံးစုံသော လူနတ်နိဗ္ဗာန် သုံးတန်သော စည်းစိမ်ချမ်းသာကို ရကြောင်းဖြစ်သော မြတ်စွာဘုရားရှင်တို့၏ အကြောင်းအရာ အတ္ထုပ္ပတ်ကို ပြဆိုသည့် ဗုဒ္ဓဝင်ဒေသနာကို ငါဘုရား၏ အထံမှ ရိုသေလေးစားစွာ နာယူကြကုန်လော့။

၂။ ဇာတိမာန်စသော မာန်ရစ်ခြင်း ကင်းထသော၊ ဉာတိဗျသန စသည်တို့ကြောင့်ဖြစ်သော စိုးရိမ်ခြင်း သောကကိုပယ်ဖျောက်တတ်ထသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ် ထသော၊ ဇာတိဒုက္ခ စသော ဆင်းရဲဒုက္ခ အားလုံးတို့ကို ကုန်စေနိုင်သော နိဗ္ဗာန်လမ်းစဉ် ဗုဒ္ဓဝင်ကို ရိုသေလေးစားစွာ လိုက်နာကျင့်သုံး ကြကုန်လော့။